
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတြအဂ္ဂ

## ပရစ်အိမ်


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်မိုး (ခုနစ်စဥ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့် - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ (၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - မြည်မြိုး

အဖုံးပန်းချီ - L လင်း

အတွင်းဖလင့် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅ အောက်တိုဘာ

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၄၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဥ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၄၅၈


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ရောင်းမထွက်သောစံအိမ်

ပရုပ္ပရိုပ်များ

အတိမန္တမှ သိင်္ဂါရသို့

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

## ရောင်းမထွက်သောစံအိမ်

တစ်နေ့သ၌ ကျွန်ုပ်သည် မတွေ့ဆုံရသည်မှာ နှစ်နှစ်ခန့် ရှိပြီဖြစ်သော မိတ်ဆွေရင်းချာ ဗေဒင်ဆရာ စိုးလင်းထွဋ် (ခေါ်) ကိုသိန်းမြင့်၏ ဗေဒင်ဟောခန်းရှိရာ သင်္ဃန်းကျွန်းဘက်သို့ အငှားကားဖြင့် သွားရောက်ခဲ့လေ၏။

မိတ်ဆွေကိုသိန်းမြင့်၏ ဗေဒင်ဟောခန်းမှာ ရှေးဟောင်းဘုရားတစ်ဆူဖြစ်သော ကျိုက္ကသံစေတီကြီး၏ အရှေ့ဘက်မုခ်ဦးအနီး၌ ရှိလေရာ ချိုင့်ခွက်များထူပြောလှသည့် မြေနီလမ်းကြီးအတိုင်း ကားလမ်းမမှ ဝင်လာခဲ့သော အငှားကားလေးမှာ စေတီ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး၏ မုခ်ဦးအနီးတွင် ရပ်တန့်သွားပါတော့သည်။

ကျွန်ုပ်လည်း ကားခရှင်းပေးပြီးနောက် အငှားကားလေးပေါ်မှဆင်းကာ ဘုရားဝင်းထဲ လျှောက်လှမ်းဝင်ရောက်ခဲ့လေလျှင် ကုက္ကိုပင်ရိပ်များဖြင့် မှိုင်းညို့နေသော မြေလမ်းဖြူဖြူလေး၏ ဝဲဘက်တစ်နေရာရှိ သစ်သားအိမ်သေးသေးလေးတစ်လုံးရှေ့သို့ ရောက်ရှိသွားပါတော့၏။

ယင်းသစ်သားအိမ်သေးသေးလေးသည်ကား ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုသိန်းမြင့်၏ ဗေဒင်ဟောခန်းပင် ဖြစ်ပါသည်။

ထိုဗေဒင်ဟောခန်းလေး၏ တံခါးဝတွင် ကျွန်ုပ်ရပ်လိုက်ပြီး အခန်းထဲသို့ လှမ်းကြည့်လိုက်ရာ မိတ်ဆွေဗေဒင်ဆရာကြီး ကိုသိန်းမြင့်မှာ ဗေဒင်ဟောသည့် ခုံစောင်းလေးအပေါ်သို့ ဝဲဘက်တံတောင်ကိုထောက်လျက် ဦးခေါင်းကြီးငုံ့ကာ ကျောက်သင်ပုန်းပေါ်သို့ ကျောက်တံဖြင့် တတောက်တောက် ခေါက်နေလေ၏။

သူသည် ဦးခေါင်းကိုကုတ်လိုက်၊ ကျောက်သင်ပုန်းပေါ် တဂျစ်ဂျစ်ခြစ်လိုက်ဖြင့် တစ်စုံတစ်ရာကို အာရုံစိုက်တွက်ချက်လျက်ရှိရာ ကျွန်ုပ်ရောက်ရှိနေသည်ကိုပင် သတိမမူမိနိုင်အောင် အလုပ်ရှုပ်နေရှာလေသည်။





"ဟော့လူ ကိုသိန်းမြင့် ... ကျုပ်ရောက်နေတာကို သတိမမူမိလောက်အောင် ဘာတွေများ အရေးတကြီး တွက်ချက်နေရတာတုံးဗျ"

ကျွန်ုပ်၏ နှုတ်ဆက်သံကြားမှ ကိုသိန်းမြင့်သည် ဆတ်ခနဲ ဖြစ်သွားပြီးနောက် ဦးခေါင်းမော့ကာ ကြည့်လိုက်လေသည်။

"ဟော ကိုအဂ္ဂပါလား ... မလာတာ အတော်ကြာပြီပဲ၊ လာဗျာ ... ထိုင် ထိုင်"

ကျွန်ုပ်သည် ဆယ်ပေပတ်လည်ခန့်သာရှိသည့် သူ၏ ဟောခန်းလေးထဲ လှမ်းဝင်ကာ ခုံစောင်းလေးရှေ့ရှိ သင်ဖြူးဖျာပေါ် အသာထိုင်လိုက်ရလေသည်။

"ကဲ ... ဆိုစမ်းပါဦး ... စောစောက ခင်ဗျား ဘာတွေများ ဒီလောက် အာရုံစိုက်တွက်ချက်နေရတာတုံး"

သူက လက်ထဲမှ ကျောက်တံကို ကျောက်သင်ပုန်းပေါ်သို့ ဒေါက်ခနဲပစ်ချလိုက်ပြီးနောက် ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်လိုက်လေ၏။

ပြီးမှ ခေါင်းကို လက်တစ်ဖက်ဖြင့် တဗျင်းဗျင်းကုတ်ကာ

"ကျုပ်တော့ ဒီဟောခန်း ပိတ်ပြီး လစ်ရမလို ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဗျ''

ဟု စိတ်ပျက်လက်လျှော့သံကြီးဖြင့် ပြောလိုက်လေသည်။

''ဘာဖြစ်လို့လဲဗျ။ ခင်ဗျား ဒီမှာ ဟောခန်းဖွင့်လာတာ ငါးနှစ်ကျော်ပြီမဟုတ်လား။ ခင်ဗျားရဲ့ ဟောချက်တွေမှန်လို့ လာမေးတဲ့သူတွေလည်း ဆယ့်နှစ်ရာသီမပြတ် ရှိတယ်မဟုတ်လား။ ပြီးတော့ ခင်ဗျားပေးတဲ့ ယတြာတွေ အစွမ်းထက်တယ်လို့ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်လောက်ကတည်းက လူပြောများနေတာပဲဗျ။ ဘယ်လိုဖြစ်ပြီး ဟောခန်းပိတ်ရမှာတုံး''

''အင်း ကိုအဂ္ဂရေ ... ခင်ဗျား ပြောတာမှန်တယ်၊ ကျုပ်လည်း ဗေဒကဝိ စိုးလင်းထွဋ်ဆိုပြီး ဒီကျိုက္ကဆံဘုရားမုခ်ဝနားမှာ လုပ်စားလာတာ ကြာပြီပဲဗျာ၊ ဗေဒင်မေးသူတွေလည်း တဖြောက်ဖြောက်နဲ့ လာကြပါတယ်၊ အထူးသဖြင့် ကျုပ်ပေးတဲ့ ယတြာတွေက တယ်စွမ်း၊ တယ်လက်သံပြောင်တယ်ဆိုပြီး ရန်ကုန်အရှေ့ပိုင်းတစ်ခွင်မှာ အထင်ကရဖြစ်နေတာဗျ၊ ခုတော့ အဲဒီအစွမ်းထက်လှပါတယ်ဆိုတဲ့ ယတြာကြောင့်ပဲ ကျုပ်ရဲ့ ဟောခန်းရော၊ ဗီဝိနိပါ ပြုတ်ရတော့မယ်ဗျ ... ကိုအဂ္ဂရဲ့''





မိတ်ဆွေကြီး ကိုသိန်းမြင့်၏ ခြုံသံပါအောင် ညည်းညူမှုကြောင့် ကျွန်ုပ်မှာ များစွာ စိတ်မကောင်းဖြစ်သွားရသည်။

''ဘယ်လိုကြောင့် ဟောခန်းရော၊ ဗီဝိနိပါ ပြုတ်ရမှာလဲဗျ ... ပြောစမ်းပါဦး''

''ဒီလိုဗျာ ... တစ်နေ့မှာတော့ ဦးဖေအောင်ဆိုတဲ့လူကြီး တစ်ယောက် ဟောဒီ ကျုပ်ရဲ့ဟောခန်းဆီ သူ့ကားကြီးနဲ့ ရောက်လာတယ်ဗျ၊ သူနဲ့အတူ သူ့တပည့် ခြေမကြီးလို့ခေါ်တဲ့ မျိုးတင့်နဲ့ ဖင်မဲလို့ခေါ်တဲ့ ထွန်းသိန်းတို့လည်း ပါလာတယ်ဗျ ...၊

ဦးဖေအောင်ဟာ ဘောက်ထော်ဘက်က လိုင်စင်သူဌေးတစ်ယောက်ဆိုတာတော့ ကျုပ်ကြားဖူးတယ် ကိုအဂ္ဂရဲ့၊ ပြီးတော့ ခြေမကြီးတို့ ဖင်မဲတို့ဆိုတာကလည်း ဗိုလ်တထောင်ငမိုးကိုတောင် စိန်ခေါ်ချလင့်လုပ်ဖူးတဲ့ ဒီသယ်နီးကျွန်းက လူမိုက်ထိပ်သီးတွေဆိုတာ ကျုပ်သိတယ် ...၊

ဦးဖေအောင်က သွင်းကုန်ထုတ်ကုန်လုပ်ငန်း ဇန်းပြုပြီး နောက်ကွယ်မှာ မဟုတ်တာအကုန်လုပ်တဲ့လူကြီးဗျ၊ သူ့ရဲ့ လုပ်ငန်းတွေအတွက် ခြေမကြီးနဲ့ ဖင်မဲတို့လို လူမိုက်တွေကို မွေးထားတာလေ ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဦးဖေအောင်ဟာ တစ်နေ့မှာတော့ ကျုပ်ရဲ့ ပဟာခန်းဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့တာပါပဲဗျာ"

"ဘာလဲ သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေအတွက် ယတြာလုပ်နိုင်းမလို့လား"

"မဟုတ်ဘူး ကိုအဂ္ဂရဲ့၊ ရွှေနားပန်ဘုရားနားမှာ ခြံဝင်းကျယ်ကျယ်ကြီးနဲ့ အိမ်ကြီးတစ်လုံးကို သူ အချောင်ရထားခဲ့တယ်ဗျ။ အဲဒီအိမ်ကြီးကို ရောင်းထွက်အောင် ယတြာလုပ်ပေးဖို့ လာခဲ့တာပဲ"

"အဲဒီတော့ ဘာဖြစ်သလဲ၊ ခင်ဗျားက ယတြာပေးလိုက်တယ်ဆိုပါတော့"

"အင်း ... ပေးလိုက်တယ်ဗျာ၊ ဒါပေမဲ့ ... ရိုးရိုးပေးလိုက်ရတာတော့ မဟုတ်ဘူးဗျ"

"ဟာဗျာ ... ခင်ဗျားပြောတာကလည်း ရှုပ်နေတာပဲ၊ ရှင်းရှင်းပြောစမ်းပါဗျ၊ ဘယ့်နှယ် ယတြာပေးတာပဲ ရိုးရိုးမပေးလို့ ဘယ်လိုများ ဆန်းဆန်းပြားပြားပေးရလို့လဲ ကိုသိန်းမြင့်ရဲ့"

"ဆန်းတာက ဒီလိုဗျ၊ အဲဒီအိမ်ကြီးရဲ့ မူလပိုင်ရှင်တွေက သေသူသေ၊ ပျောက်သူပျောက်ကုန်ကြတယ်၊ နောက်ဆုံး အမွေ





ဆက်ခံရသူကလည်း မူလပိုင်ရှင်တွေရဲ့ဆွေမျိုးအစွန်အဖျားတော်သူတဲ့။ အဲဒီလူက အရက်သမား၊ ဂျင်သမား၊ ဖဲသမား။ နာမည်က တာတီး (ခေါ်) စိုးဝင်းတဲ့ဗျ။ အဲဒီတာတီးဟာ ဂျင်တို့၊ ဖဲတို့ကစားရင်းက အရှုံးကြီးရှုံးတော့ သူအမွေဆက်ခံရရှိတဲ့ အဲဒီ "အတိမန္တ" စံအိမ်ကြီးကို ဦးဖေအောင်ဆီမှာ ငွေလေးသောင်းနဲ့ ပေါင်သတဲ့ ...।

အဲဒီလို ပေါင်ထားရာက တစ်နှစ်ပြည့်ချိန်မှာ မရွေးနိုင်တော့ အိမ်ဆုံးရောဆိုပါတော့ဗျာ၊ အိမ်ပိုင်ရှင် တာတီးလို့ခေါ်တဲ့ စိုးဝင်းလည်း အရက်အသောက်လွန်ရာက အသည်းကြွေပြီး သေရောဆိုပါတော့ ...।

အဲဒီတော့ ဦးဖေအောင်လည်း အဲဒီစံအိမ်ကြီးကို ပိုင်သွားတာပေါ့ဗျာ၊ ဒါပေမဲ့ ... ဦးဖေအောင်က အဲဒီစံအိမ်ကြီးမှာလည်း လာမနေနိုင်တော့ အိမ်ငှားပဲတင်ထားသတဲ့။ အိမ်ငှားတွေလည်း တစ္ဆေခြောက်တယ်၊ သရဲခြောက်တယ်နဲ့ ပြောင်းပြောင်းပြေးကြတာ အိမ်ငှားသုံးဦးရှိပြီတဲ့ဗျ ...।

နောက်ဆုံးတော့ ဦးဖေအောင်ဟာ အဲဒီအိမ်ကြီးကို ရောင်းထုတ်လိုက်ဖို့ စဉ်းစားတာပေါ့ဗျာ၊ တစ်သိန်းနဲ့ရောင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ဈေးခေါ်တယ်၊ ပွဲစားတွေအပ်တယ်၊ ဒါပေမဲ့ . . . အိမ်က ရောင်းမထွက်ဘူး။ ဒါနဲ့ ဗေဒင်ဆရာပေါင်းစုံဆီ ချဉ်းကပ်ပြီး ယတြာတွေ၊ ခါတ်ရိုက်ခါတ်ဆင်တွေနဲ့ အိမ်ကို ရောင်းထွက်အောင် လုပ်နိုင်းတယ်တဲ့ဗျ . . . ၊

ဗေဒင်ဆရာ ငါးယောက်သာပြောင်းသွားတယ် အဆင်မပြေဘူး။ အဲဒါနဲ့ ကျုပ်ဆီရောက်လာရော ဆိုပါတော့ဗျာ . . . ၊

ဦးဖေအောင်က အတော်စေ့စပ်တဲ့သူဗျ၊ ကျုပ်ရဲ့ အကြောင်း သေသေချာချာစုံစမ်းပြီးမှ ရောက်လာတာတဲ့။ ကျုပ်ပေးတဲ့ယတြာကြောင့် လေးထောင့်ကန်ဘက်က အိမ်နှစ်လုံး ရောင်းထွက်သွားတာရော၊ ခတ်ချိုးယားဘက်က တိုက်တစ်လုံး ရောင်းထွက်သွားတာရော၊ တာမွေကသူဌေးတစ်ဦးရဲ့ ကားတွေ ရောင်းထွက်သွားတာရော သူသိသတဲ့ဗျ။ ဒါကြောင့် သူ့ရဲ့အိမ်ကိုလည်း ရောင်းထွက်အောင် လုပ်ပေးဖို့ အပ်တယ်ဗျ၊ ဒါပေမဲ့ . . . သူ့ရှေ့မှာ ကြုံခဲ့ရတဲ့ ဗေဒင်ဆရာတွေလို မဖြစ်ရအောင် သူက စိန်ခေါ်ပြီး ယတြာလုပ်နိုင်းတာဗျ၊ တစ်လအတွင်း သူ့အိမ် ရောင်းထွက်အောင်လုပ်ပေးနိုင်ရင် ယတြာဖိုး ငွေတစ်သောင်းပေးမယ်ဆိုပြီး စရန်အဖြစ် ငွေသားငါးထောင်တိတိ ပေးသွားတယ်ဗျ''





ကိုသိန်းမြင့်၏စကားကြောင့် ကျွန်ုပ်မှာ များစွာ အံ့အားသင့်သွားရသည်။ ရွှေတစ်ကျပ်သား သုံးရာ့ငါးဆယ်ခန့်သာ ရှိသည့်သမယဝယ် ငွေသားငါးထောင် စရန်ပေးသွားသည်ဆိုသည်မှာ အံ့ဖွယ်ပင်။

''ဟ . . . ငါးထောင်တောင်ပေးသွားတယ်ဆိုတော့ အံ့စရာပဲလားဗျ''

''ဟုတ်တယ် ကိုအဂ္ဂရဲ့၊ ပြီးတော့ သူ့အိမ်ကိုလည်း ဈေးချပေးတယ်၊ တစ်သိန်းမဟုတ်တော့ဘူး၊ ခုနစ်သောင်းလောက်နဲ့ရရင် ရောင်းထုတ်မယ်တဲ့၊ အရောင်းအဝယ်ဖြစ်သွားရင် ကျုပ်ကို ငါးထောင်ထပ်ပေးဦးမယ်တဲ့ဗျ''

''အိမ်က တော်တော်ကောင်းသလားဗျ''

''တိုက်ခံနှစ်ထပ်၊ နှစ်ဆောင်ပြိုင်အိမ်ကြီးပဲဗျ၊ ခြံဝင်းကလည်း တစ်ဧကလောက်ကို ကျယ်တယ်၊ ခြံစည်းရိုးကိုတော့ ကြွခတ်ဝါးပင်တွေစိုက်ပြီး ကြွခတ်စည်းရိုးပဲ ခတ်ထားတယ်၊ ရေတွင်းကြီးတစ်တွင်းနဲ့ ရေတွင်းပျက်တစ်တွင်းရှိတယ်၊ ခြံထဲမှာတော့ စားပင်,သီးပင်တွေ အစုံပဲ . . . ၊

အိမ်ကြီးရဲ့ပုံစံက ရှေးဆန်တယ်၊ စုလစ်မွန်းချွန်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



နန်းဆန်တယ်ဗျ။ မူလပိုင်ရှင်လင်မယားက သီပေါမင်းရဲ့ ရှေ့တော်ဖတ်စာရေးနဲ့ စုဖုရားလတ်ရဲ့ အပျိုတော်တဲ့ဗျ။ သီပေါမင်းတို့ ပါတော်မူပြီးတဲ့နောက် အထက်မြန်မာပြည် မငြိမ်မသက်ဖြစ်တာနဲ့ အေးချမ်းတည်ငြိမ်နေတဲ့ အောက်မြန်မာပြည်ကို ပြောင်းရွှေ့လာပြီး အခြေချခဲ့ကြတာတဲ့ဗျ''

''ဟုတ်ပါပြီ . . . အဲဒါနဲ့ ခင်ဗျားက အဲဒီအိမ်ကြီး ရောင်းထွက်စေဖို့ ယတြာပေးလိုက်တယ်ဆိုပါတော့''

''ဟုတ်တယ်ဗျ။ သူပေးတဲ့ စရန်ငွေငါးထောင်ကို လက်ခံလိုက်ပြီး အိမ်ရောင်းထွက်စေဖို့ ယတြာပေးလိုက်တာပေါ့ဗျာ၊ တစ်လအတွင်း ရောင်းထွက်စေရမယ်ဆိုပြီး ရဲရဲအာမခံပေးလိုက်မိတယ်ဗျ။ ဒီတင် ဦးဖေအောင်က ရောင်းလို့မထွက်ရင်ကောတဲ့ စိန်ခေါ်လာတယ်၊ ကျုပ်ကလည်း စိတ်ချ၊ သေချာရောင်းထွက်စေရမယ်၊ ရောင်းလို့မထွက်ရင် ခင်ဗျားပေးထားတဲ့ငွေရဲ့ နှစ်ဆပြန်ပေးမယ်လို့ ပြောလိုက်တယ်ဗျ။ ဒီတင် သူကလည်း ဆရာရဲ့ကတိတည်ပါစေတဲ့။ ဟောဒီ ကျုပ်တပည့်နှစ်ယောက်ရှေ့မှာ ဆရာကတိပေးတာနော်တဲ့။ တကယ်လို့ ဆရာပြောတဲ့အတိုင်းသာ တစ်လအတွင်း အိမ်ရောင်းထွက်ခဲ့ရင် မူလက ဆရာ့ကို





ဉာဏ်ပူဇော်ခပေးမယ်လို့ပြောထားတဲ့ ငွေတစ်သောင်းရဲ့နှစ်ဆ နှစ်သောင်းပေးမယ်လို့ ပြောပါရောဗျို့''

နှစ်သောင်းဆိုသောငွေမှာ နည်းနည်းနောနော ငွေမဟုတ်ချေ။ ကျွန်ုပ်နေထိုင်ရာ ကြည့်မြင်တိုင်တွင် ခြံဝင်းပါသော တစ်ထပ်တိုက်လေးတစ်လုံးနှင့် ဘောက်စ်ဟောလ်ကားသစ်တစ်စီး ဝယ်စီးနိုင်သော ငွေပမာဏဖြစ်သဖြင့် ကျွန်ုပ်မှာ ကိုသိန်းမြင့်ကို အားကျသလိုပင် ဖြစ်သွားရလေ၏။

''ဒါထက် နေပါဦး . . . ခင်ဗျားက ခင်ဗျားရဲ့ယတြာအစွမ်းကို လွှတ်ယုံပြီး အာမခံရဲရဲပေးလိုက်တာပေါ့ ဟုတ်လား''

''အမှန်က ယတြာကြောင့်မဟုတ်ဘူးဗျ။ သူ့ရဲ့ဇာတာအနေအထားကိုက အိမ်ရောင်းထွက်မယ့် ဇာတာဖြစ်နေလို့ဗျ''

''ဘယ်လို . . . ဘယ်လို''

''ဒီလိုဗျ . . . အိမ်လို ထုထည်ကြီးမားတဲ့ ပစ္စည်းအကြီးစားမျိုး ရောင်းရပြီဆိုရင် ငွေအလုံးအရင်း ဝင်လာမှာ မဟုတ်လားဗျ၊ ဒီတော့ အိမ်ရောင်းမယ့်သူဟာ ဇာတာအရ ငွေဝင်ကိန်းလည်း ရှိဦးမှဗျ။ ငွေဝင်ကိန်းမရှိတဲ့သူကို အိမ်ရောင်းရစေဖို့ ယတြာသွားလုပ်ပေးလို့ကတော့ အဲဒီယတြာ မအောင်မြင်ဖို့ များ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျို့။"

"ဒါဆို ... ခင်ဗျားလူရဲ့အနေအထားက"

"ဒီလိုဗျ ... ဦးဖေအောင်က ကြာသပတေးသား။ အသက်က ၅၈ ဆိုတော့ ရာဟုသက်ရောက်ကိုးဗျ"

"ဒီမှာ ... ဒီမှာ ကျုပ် ချတွက်ထားတာကိုကြည့်။ ဒီနှစ်ကောဇာမှာက အင်္ဂါ (၃) ထွန်းတယ်ဗျာ"

ကိုသိန်းမြင့်က ကျောက်သင်ပုန်းပေါ်ဝယ် သူတွက်ထားသည့် သက်ရောက်တိုင်၊ ကောဇာတိုင်တို့ကိုပြရာ အောက်ဖော်ပြပါအတိုင်း တွေ့ရှိရလေသည်။

| | | | | |
|---|---|---|---|---|
| ၄ | - | ၁ | ၃ | ဓေယျ |
| ၃ | - | ၀ | ၆ | ဝရ |
| ၂ | - | ၆ | ၂ | လာဘ |
| ၁ | - | ၅ | ၅ | ဒွာယ |
| ၀ | - | ၄ | ၁ | ဗျာယ |
| ၆ | - | ၃ | ၄ | မရဏ |
| ၅ | - | ၂ | ၀ | ကိစ္စ |
| သက်ရောက်–ခွင်လွှဲ | | | ကောဇာ | |





"အဲဒီသူ့ရဲ့သက်ရောက်တိုင်မှာ ငွေနံတနင်္လာ ၂ ကို ကောဇာတိုင်က ဝရဂြိုဟ် သောကြာ ၆ က ကပ်နေတယ် မဟုတ်လားဗျ။ ဒါဟာ ငွေအလုံးအရင်းဝင်မယ့်ကိန်းလေဗျာ၊

ပြီးတော့ သက်ရောက်တိုင်က သူ့ရဲ့မွေးနံ ကြာသပတေး ၅–ကို ကောဇာတိုင်က လာဘဂြိုဟ် တနင်္လာ ၂–က ကပ်နေလေတော့ ဦးဖေအောင်မှာ ငွေအလုံးလိုက် အခဲလိုက် ဝင်ကိန်းကြီးရှိနေပြီလေဗျာ ...၊

တစ်ခါ သက်ရောက်တိုင်က အိမ်ကိုကိုယ်စားပြုတဲ့ တနင်္ဂနွေ ၁–ကို ကောဇာတိုင်က ဒွာယဂြိုဟ် ကြာသပတေး ၅–က ကပ်နေပြန်ရောဗျို့။ ဒွာယဂြိုဟ်ရဲ့သဘောက ချီတုံချတုံ မဟုတ်လားဗျ၊ မတည်မငြိမ်မဟုတ်လား ...၊

အဲဒီလို အိမ်က ရောင်းထွက်မလိုလို ရောင်းမထွက်တော့မလိုလို ချီတုံချတုံဖြစ်နေရာမှာ မွေးနံနဲ့ ငွေနံက ကောင်းနေလေတော့ သူ့ရဲ့အိမ် ကြိမ်းသေရောင်းထွက်ပြီပေါ့ဗျာ ...၊

ဒါ့အပြင် သူ ကျုပ်ဆီ ဗေဒင်လာမေးတဲ့အချိန်ကလည်း အင်္ဂဝိဇ္ဇာပညာအရပြောရရင် တနင်္ဂနွေနေ့မနက် ၉ နာရီနဲ့ ၁၀ နာရီခွဲအကြား ဗုဒ္ဓဟူးအချိန်ဗျာ၊ တနင်္ဂနွေနေ့ဆိုတော့ သူ့ရဲ့မွေးနံ



www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးက တိုင်ထိပ်နဝင်းမှာ ရှိသလို အိမ်ဆိုတဲ့ တနင်္ဂနွေ နံ ၁–ကလည်း ဗုဒ္ဓဟူးအချိန်မှာ တိုင်ထိပ်နဝင်းပဲဗျ။ ဒီတော့ သူ့ရဲ့အိမ်ကိစ္စ အောင်မြင်ပြီပေါ့ဗျာ၊ ဘာယတြာမှ ပေးစရာ တောင် မလိုဘူး။ ဒါပေမဲ့ သူကျေနပ်အောင် ရတနာဒီပံ ဖယောင်းတိုင်ထွန်းဖို့ပေးလိုက်တယ်ဗျ။ အိမ်ရောင်းထွက်စေမယ် အင်းလည်း ဆွဲပေးလိုက်တယ်''

''အဲဒါနဲ့ အိမ်ရောင်းထွက်သွားရောလား''

''ခုထိမထွက်သေးလို့ ခက်နေတာပေါ့ဗျာ၊ တစ်လပြည့် တော့မယ်၊ သုံးရက်ပဲလိုတော့တယ်ဗျ''

''ဟိုက်''

''မနေ့ကတင် ဦးဖေအောင်ရဲ့တပည့် ခြေမကြီးနဲ့ ဖင် တို့လာပြီး ခါးကြိမ်း ကြိမ်းသွားသေးတယ်ဗျ။ တစ်လပြည့်လို့ သူတို့ဆရာရဲ့အိမ်ကြီး ရောင်းမထွက်ရင် ကျုပ်ပြောထားတဲ့ စကားအတိုင်း ငွေတစ်သောင်း ပြန်လျော်ရမယ်တဲ့။ မလျော်ရင် ကတော့ အူအပွင့်ပဲတဲ့ဗျာ၊ အဲဒီကောင်တွေက တကယ့်လူမိုက် တွေ၊ တကယ်လုပ်မှာဗျ။ ဒုက္ခပါပဲဗျာ''

ဗေဒကဝိဆရာ စိုးလင်းထွဋ် (ခေါ်) ကိုသိန်းမြင့်သည် အသံတုန်တုန်ဖြင့် ခြိမ်းသံပါအောင် ညည်းရင်း ခေါင်းမှဆံပင် စုတ်ဖွားကိုလည်း တဖြင်းဖြင်း ကုတ်လေ၏။

သူ၏အဖြစ်က ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်နေသော်လည်း ကျွန်ုပ်၏မိတ်ဆွေကြီးအတွက် ကျွန်ုပ် ယောင် ၍ပင် မပြုံးမိပါ။

''ခက်တယ်ဗျ။ ကျုပ်လည်း ဒီကြားထဲမှာ အဲဒီအိမ်ကြီး ဆီ သုံးလေးခါသွားပြီး ဟိုအရွက်နဲ့ရိုက်၊ ဒီအရွက်နဲ့ရိုက်လုပ်ပြီး အိမ်ရောင်းထွက်စေ၊ ရောင်းထွက်စေလို့ ယတြာခေါက်ရိုက်ခေါက် ဆင် သွားလုပ်တာပဲဗျ''

''အဲဒါတောင် ရောင်းမထွက်ဘူးလား''

''လာမေးတဲ့သူတောင် မရှိပါဘူးဗျာ၊ ဘယ်လို လာဘ် ပိတ်နေတဲ့ အိမ်မှန်းကိုမသိပါဘူး။ စတွေ့စကတော့ အဲဒီအိမ်ကြီး နန်းဆန်တယ်ဆိုပြီး သဘောကျနေတာ၊ ခုမှ မိစ္ဆာအိမ်ကြီး မှန်း သိတော့တယ်ဗျာ၊ ကျုပ်အတွက်တော့ ငြိုဟ်ဆိုးဝင်တဲ့အိမ် ကြီးပဲဗျ။ အဲဒီဦးဖေအောင်ဆိုတဲ့လူကြီးက ဘောက်ထော်ဘက်မှာ ပိုမြည်ကြီး။ အိမ်မှာလောင်းကစားဒိုင်ဖွင့်ထားတယ်၊ ငွေတိုးချေး ထားတယ်၊ အိမ်တွေ ခြံတွေ အပေါင်ခံတယ်၊ ငွေနဲ့ပတ်သက်ရင်







www.burmeseclassic.com

www.burmeseclassic.com



ကြေးတစ်ပြားတောင် အပွန်းပဲ့ခံသူမဟုတ်ဘူးတဲ့။ သူ့ငွေကိုယူပြီး ပြန်မပေးလို့ကတော့ သေခြင်းဆိုးနဲ့သေပြီသာမှတ်တဲ့။ သူက ပုလိပ်ဘက်လည်း အတော်ပိုင်တယ်ဆိုပဲ၊ သူ့အကြောင်း ခု နောက်ပိုင်းကြားရတာတွေက ပိုကြောက်စရာကောင်းလာတယ် ဗျာ၊ သူ့တပည့်တွေကလည်း ထိပ်သီးလူမိုက် လက်ရဲဖက်ရဲတွေ ဗျ။ ခက်ပါတယ်ဗျာ''

''အင်း . . . ခင်ဗျားတော့ဒုက္ခပဲ၊ ဒါပေမဲ့ . . . ခင်ဗျား တွက်ချက်ထားတာလည်း အမှန်တွေပဲဗျ''

''ဟုတ်တယ်ဗျ . . . ကျုပ်မမှားလောက်ပါဘူး၊ ဘယ် ဗေဒင်ဆရာဖြစ်ဖြစ် ဒီ သူ့ရဲ့ဇာတာကိုတွေ့ရင် ကျုပ်ဟောသလို ဟောမှာပဲဗျ။ ကျုပ်လည်း အထပ်ထပ်အခါခါ ပြန်စစ်ဆေးနေ တာပါပဲဗျာ၊ ဗေဒင်မလွဲနိုင်ပါဘူး''

''ဒီမှာ ကိုသိန်းမြင့် . . . ဗေဒင်ဆရာဆိုတာ ဘုရား မဟုတ်ဘူးဗျ။ ငေါ်သ တစ်ခုတည်းသောဟောချက် မှန်ကိုမှန် ရမယ်လို့ ဒီလောက်လည်း ယုံကြည်မှုအရဲမကိုးနဲ့လေဗျာ မမှားသောရှေ့နေ၊ မသေသောဆေးသမား၊ မလွဲသောဗေဒင် ဆရာဆိုတာ ဘယ်ရှိနိုင်မှာလဲဗျာ''





''ဟုတ်ပါတယ်ဗျာ၊ ကျုပ်စကားကျွံပြီး အာမခံလွန်သွား မိတာကို နောင်တရပါပြီ။ ဒီအတိုင်းဆို တစ်လကျော်တာတောင် အိမ်က ရောင်းထွက်မှာမဟုတ်ဘူးဗျ''

''ဒါတော့ ဘယ်တတ်နိုင်မလဲဗျာ၊ ခင်ဗျားလည်း ပညာ ကုန်သုံးပြီးမှပဲ''

''မတတ်နိုင်လို့မရဘူးဗျ။ သူ့ကို ငွေတစ်သောင်းမလျော် နိုင်ရင် ဦးဖေအောင်က တကယ်လုပ်မှာ။ ကျုပ်မှာလည်း လျော် ရာမရှိဘူး၊ လေးထောင့်ကန်က ကျုပ်ပိုင်တဲ့အိမ်လေးရောင်းရင် လည်း တဲသာသာမို့ သုံးလေးရာလောက်ပဲ ရမှာဗျ''

''ဒါထက် သူ့ဆီက ယူထားတဲ့ငွေ ငါးထောင်ရှိသေး တယ် မဟုတ်လား။ သူ့ကိုတောင်းပန်ပြီး ပြန်ပေးလိုက်ပေါ့ဗျာ''

''အဲ . . . အဲဒီငွေတွေလည်း မရှိတော့ဘူး''

''ဗျာ . . . ဟ . . . ဘယ်လိုဖြစ်ရတာတုံး။ လူပျိုကြီး တစ်ကိုယ်တည်းသမား အသောက်အစား လောင်းကစားမရှိဘဲ ဒီလောက်များတဲ့ငွေတွေ ဘယ်ရောက်သွားလို့လဲဗျ''

''ကျုပ် ကျုပ်ပိုးနေတဲ့ လမ်းထဲက အပျိုကြီးမမြမြဆွေ လိုတယ်လို့ ညည်းညည်းနေတာနဲ့ ပေးလိုက်မိတယ်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ဒါဆို တော်သေးတာပေါ့၊ ဒီလောက်ငွေ များများစားစားကြီး ကူညီလိုက်တော့ ခင်ဗျားပိုးနေတဲ့ အပျိုကြီးက ခင်ဗျားအပေါ် ပစ်ကျပြီပေါ့၊ ဘာပဲဖြစ်ဖြစ် ရည်းစားတစ်ယောက် အဖတ်တင်သေးတာပေါ့ဗျာ"

"ဘယ်အဖတ်မှ မတင်ပါဘူးဗျာ"

"ဗျာ . . . ဘာ ဘာဖြစ်လို့တုံးဗျ"

"သူက သူ့ရဲ့တိတ်တိတ်ပုန်းရည်းစားနဲ့ ခိုးရာလိုက်ပြေးချင်နေတာကြာပြီတဲ့။ ပိုက်ဆံမရှိလို့ လိုက်မပြေးရတာတဲ့။ ကျုပ်ဆီက ငွေကြေးအကူအညီရလို့ ခိုးရာလိုက်ပြေးသွားနိုင်ပြီတဲ့။ ကျေးဇူးတင်ကြောင်း ကျုပ်အတွက် စာလေးရေးပေးခဲ့တယ်ဗျာ"

"သေဟ"

ကျွန်ုပ်မှာ ခေါင်းကိုသာ တဖြင်းဖြင်း ကုတ်နေသည့် မိတ်ဆွေဗေဒကာဝိကြီးကိုကြည့်ပြီး ငိုရမလို ရယ်ရမလို ဖြစ်နေတော့၏။

ကျွန်ုပ်လည်း ကြံရာမရဖြစ်ကာ ကျောက်သင်ပုန်းကို ဆွဲ၍ သူလျက် သူတွက်ချက်ထားသည်တို့ကိုသာ အပြန်ပြန်





အလှန်လှန် စစ်ဆေးနေမိလေသည်။

"အင်း . . . ဒီဇာတာအရဆိုရင် အိမ်ကရောင်းထွက်ရမှာဗျ။ ဒါထက် . . . ခင်ဗျား ခေါ်ရိုက်တဲ့အနေနဲ့ အဲဒီအိမ်ကို ဟိုပန်း, ဒီပန်း၊ ဟိုသစ်ခက်, ဒီသစ်ခက်တွေနဲ့ သွားရိုက်သေးတယ်ဆို"

"ရိုက်ပြီလားဗျာ၊ ဒါပေမဲ့ . . . ထူးမခြားနားပါဘူး"

"ထပ်ရိုက်ပေါ့ဗျာ၊ ခေါ်ရိုက်တာပဲ၊ တစ်ခါမရ နှစ်ခါ သုံးခါလေးခါရိုက်ပေါ့၊ အခုလိုစိတ်ခေါ်ကျနေမယ့်အစား အဲဒီအိမ်ကို ခေါ်သွားထပ်ရိုက်ဗျာ"

"တော် . . . တော်ပါပြီဗျာ၊ အဲဒီအိမ်ကြီးဆီ တစ်ယောက်တည်း ထပ်မသွားရဲတော့ပါဘူး"

"အလို . . . ဘာဖြစ်လို့များလဲဗျ"

"ကျုပ် အဲဒီအိမ်ကြီးကို လက်ယာရစ်ပတ်ပြီး ပဋ္ဌပွတ်ပန်းနဲ့ရော ဆပွတ်သစ်ရွက်သစ်ခက်တွေနဲ့ပါ သုံးခါရှိပြီဗျ၊ သွားရိုက်တာ လွန်ခဲ့တဲ့အပတ် နောက်ဆုံးအကြိမ် သွားရိုက်တုန်းကဆို အိမ်နောက်ဘက်ကနေ တစ်ပတ်ပတ်ပြီး သပြေခက်နဲ့ ဤအိမ်ထွက်စေ ထွက်စေဆိုပြီး ရိုက်လာတာ အိမ်ဘေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရော အိမ်ကြီးထဲက တောက်ခေါက်သံကြီး ရုတ်တရက် ကြားလိုက်ရတယ်ဗျ၊ ကြားရတာမှ ပီပီပြင်ပြင်ကြီးဗျ၊ အိမ်ထဲမှာ ဘယ်သူမှရှိတာ မဟုတ်ဘူး၊ လူမနေတာလည်းကြာပြီ၊ အိမ်တံခါး အားလုံးချက်ချထားပြီး တံခါးမကြီးကိုလည်း သော့ခတ်ပိတ် ထားတယ်၊ ဒါကြောင့် . . . အဲဒီတောက်ခေါက်သံကြီးကြားရတာနဲ့ ကျုပ်လည်း လန့်ဖျပ်ပြီး သပြေခက်တွေပစ်ချ ထွက်ပြေးခဲ့ရ တယ်ဗျ၊ အဲဒီကတည်းက ခါတ်လည်း သွားမရိုက်ရဲတော့ပါ ဘူးဗျာ''

ကိုသိန်းမြင့်၏စကားကြောင့် ကျွန်ုပ်မှာ လွန်စွာ အံ့သြ သွားရလေသည်။ အတွေးတစ်ချက်လည်း ခေါင်းထဲ လက်ခနဲ ဝင်လာလေတော့၏။

''ကိုသိန်းမြင့် . . . ခင်ဗျား အဲဒီအိမ်ကြီးထဲကနေ တကယ်ပဲ တောက်ခေါက်သံကြားခဲ့ရတာလား''

''တ . . . တကယ်ကြားခဲ့ရတာဗျ ကိုအဂ္ဂရဲ့၊ အဲဒီခြံကြီး ထဲမှာ လုံးဝ တိတ်ဆိတ်နေတဲ့အချိန်ဆိုတော့ တောက်ခေါက်သံ ကို ပီပီပြင်ပြင်ကြီးကို ကြားလိုက်ရတာဗျ''

''အင်း . . . ဒါဆိုရင်တော့ အတော့်ကို ထူးခြားနေပြီဗျ။





ခင်ဗျားပြောသလိုဆို အဲဒီအိမ်ကြီးထဲမှာ နာနာဘာဝတွေ၊ အမှောင့်ပယောဂတွေ ရှိနေနိုင်တယ်ဗျ၊ အိမ်ရောင်းမထွက် အောင် အဲဒီအမှောင့်ပယောဂတွေကများ နှောင့်ယှက်တားဆီး နေတာလား မသိဘူး၊ ဒီတော့ ဒီလိုလုပ်ဗျာ၊ ပရလောကနဲ့ ပတ်သက်ရင် ကျုပ်ထက် ပိုသိ၊ ပိုကျွမ်းကျင်တဲ့ ကျုပ်ရဲ့ဆရာ လည်း ဟုတ်၊ မိတ်ဆွေစစ်ကြီးဆိုလည်း ဟုတ်တဲ့ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးကို သွားခေါ်ပြီး အဲဒီအိမ်ကြီးထဲမှာ ပရလောက သား အမှောင့်ပယောဂ ရှိ၊မရှိ စစ်ခိုင်းမယ်ဗျာ၊ ရှိတယ်ဆိုရင် မောင်းထုတ်ခိုင်းလိုက်မယ်၊ ဒါမှ အဲဒီအိမ် လွှတ်လွှတ်ကင်းကင်း နဲ့ ရောင်းထွက်မှာဗျ၊ ဘယ့်နှယ်လဲ''

ကျွန်ုပ်၏စကားကြောင့် ကိုသိန်းမြင့်မှာ ခေါင်းထောင် ထသွားတော့၏။

''ဟာ . . . ဒါ . . . ဒါဆို ကျုပ်အတွက် မျှော်လင့်ချက် ရှိသေးတာပေါ့ ဟုတ်လား''

''ရှိနိုင်တယ်ဗျ၊ ဘာပဲဖြစ်ဖြစ် အိုးနင်းခွက်နင်း ဘိုးသူ တော်ကြီးကိုသွားခေါ်ပြီး အဲဒီအိမ်ကြီးကို စစ်ခိုင်းလိုက်တာ အကောင်းဆုံးပဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ . . . ပရလောကနဲ့ပတ်သက်ရင်တော့ ကျုပ်လည်း မကျွမ်းဘူးဗျ ကိုအဂ္ဂရဲ့၊ ကျုပ်က ဗေဒင်ပဲတွက်တတ်တာ၊ ဒါထက် အိုးနင်းခွက်နင်းဘိုးသူတော်ကြီးကို ဘယ်မှာသွားခေါ်ရမှာလဲဗျ၊ သူက မြန်မာပြည်အနှံ့ ခြေသလုံးအိမ်တိုင်ပြု လျှောက်သွားနေတာမဟုတ်လား။ သူ့ကို ဘယ်လိုက်ရှာရမှာလဲဗျ"

"မပူပါနဲ့ဗျာ၊ လွန်ခဲ့တဲ့သုံးရက်လောက်ကပဲ ကျုပ်ရဲ့အိမ် ပေါက်ချလာသေးတယ်ဗျ။ သူက အခု ဗိုလ်တထောင်ဘုရားမှာ အဓိဋ္ဌာန်လာဝင်နေတယ်ဗျ"

"ဟာ . . . ဒါဆို တော်သေးတာပေါ့"

"ဟုတ်တယ်၊ ကဲ . . . ပြောနေကြာတယ်ဗျာ၊ ခုပဲ အငှားကားနဲ့ ဗိုလ်တထောင်ဘုရားသွားပြီး သူ့ကို အကျိုးအကြောင်း ပြောပြကြရအောင်ဗျာ၊ သူ အဓိဋ္ဌာန်ပြီးရင်လည်း တစ်ခါတည်း ခေါ်ခဲ့တာပေါ့ . . . ဟုတ်လား"

"အေးဗျာ . . . ကောင်းတယ်၊ ကျုပ်မှာလည်း တစ်လပြည့်ဖို့ ရက်က ဘာမှမလိုတော့ဘူးဗျ။ ကဲ . . . ဟောခန်းပိတ်ပြီး လစ်ကြစို့ဗျာ"






သို့ဖြင့် ကျွန်ုပ်နှင့် မိတ်ဆွေကြီး ကိုသိန်းမြင့်တို့သည် သူ၏ဟောခန်းကိုပိတ်ကာ ကျိုက္ကဆံဘုရားဝင်းထဲမှထွက်လျက် မြေနီလမ်းမကြီးအတိုင်း ခပ်သုတ်သုတ် လျှောက်ခဲ့ကြလေတော့၏။

လေးထောင့်ကန်လမ်းမကြီးပေါ် ရောက်သည့်အခါမှာမူ အငှားကားတစ်စီးကို စောင့်ငှားပြီးလျှင် ဗိုလ်တထောင်ဘက်သို့ ထွက်ခဲ့ကြပါတော့သတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ပရပုံရိပ်များ

ကျွန်ုပ်တို့သည် ဗိုလ်တထောင်စေတီသို့ရောက်လေလျှင် စေတီကြီး၏ ရာဟုထောင့်ရှိ တန်ဆောင်းတစ်ခုထဲတွင် အဓိဋ္ဌာန် ပုတီးစိပ်နေသည့် အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးကို အဆင်သင့် တွေ့ရလေရာ သူ ပုတီးစိပ်ပြီးသည်အထိ နာရီဝက်နီးပါးအထိ ထိုင်စောင့်နေရလေသည်။

သူ ပုတီးစိပ်ပြီးသည်တွင် မေတ္တာပို့အမျှဝေကာ ဘုရားကို ဦးချလေ၏။

ပြီးလျှင် နောက်ဘက်သို့ ခပ်ဖြည်းဖြည်းလှည့်လာကာ





ခပ်လှမ်းလှမ်း၌ ထိုင်နေကြသည့် ကျွန်ုပ်တို့ကို ပြုံးကြည့်လေ၏။

ကျွန်ုပ်တို့နှစ်ဦးလည်း သူ၏အနီးသို့သွားထိုင်လိုက်ကြပြီး လာရင်းကိစ္စကို အတိုချုံးပြောပြလိုက်ကြလေသည်။ အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးသည် ကျွန်ုပ်၏မိတ်ဆွေ ကိုသိန်းမြင့်နှင့် သိကျွမ်းပြီးဖြစ်သဖြင့် အထူးမိတ်ဆက်ပေးစရာ မလိုတော့ချေ။

ကျွန်ုပ်တို့၏စကား ဆုံးလေလျှင် အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးသည် သူ၏ပြောင်နေသော ဦးခေါင်းကြီးကို တညိတ်ညိတ်လုပ်ကာ အတန်ကြာပြုံးနေပြီးမှ မှတ်ချက်စကားကို လေးလေးပင်ပင်ကြီး ပြောလေ၏။

"ဒါမျိုးက ဖြစ်တတ်ပါတယ်၊ လွန်ခဲ့တဲ့တစ်နှစ်လောက်က မန္တလေးမှာ နာမည်ကျော်ပုဏ္ဏားဆရာ ထက်အောင်သျှိုင်းဟာ တရုတ်သူဌေးတစ်ယောက်ရဲ့ စတူဘေကာကားကြီးကို တစ်ပတ်အတွင်း ရောင်းထွက်စေရမယ်ဆိုပြီး ယတြာမျိုးစုံပေး၊ ဓာတ်နိုက် ဓာတ်ဆင်တွေ သူကိုယ်တိုင်လုပ်ခဲ့တယ်၊ ကားပိုင်ရှင် တရုတ်သူဌေးရဲ့ဇာတာကလည်း ကောင်းနေတော့ ကား ကြိမ်းသေရောင်းထွက်စေရမယ်လို့ ပုဏ္ဏားဆရာ ထက်အောင်သျှိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးခဲ့တယ်ဗျ ...။

ဒါပေမဲ့ ... တစ်ပတ်လည်းရောင်းမထွက် နှစ်ပတ်ကြာလည်း ရောင်းမထွက်၊ သုံးပတ်ကြာလည်း ရောင်းမထွက်နဲ့ ပုဏ္ဏားဆရာထက်အောင်သျှိုင်းလည်း စိတ်ညစ်ပြီး ကျုပ်ရှိရာ မန္တလေးတောင်ပေါ် တက်လာခဲ့တယ်၊ ကျုပ်ကို အကူအညီတောင်းတယ်၊ ဗေဒင်ဆရာတော့ ရှူးချင်နေပြီ၊ မန္တလေးမှာလည်း ဟောမစားချင်တော့ဘူး ဘိုးသူတော်ကြီးရယ် ကူညီပါဦးပေါ့၊ ဒါနဲ့ ကျုပ်လည်း သူရောင်းထွက်စေဖို့ ကြိုးစားနေတဲ့ကားကို လိုက်ကြည့်လိုက်တယ် ...။

လားလား ... အဲဒီကားနက်ကြီးရဲ့ ဘောနက်ပေါ်မှာ တရုတ်မချောချောလေးတစ်ယောက်က 'တင်ပလ္လင်ထိုင်လို့ဗျ' နောက် စုံစမ်းကြည့်မှ အဲဒီတရုတ်မလေးဟာ တရုတ်သူဌေးကြီးရဲ့ သမီးငယ်ဖြစ်နေပြီး အဲဒီ စတူဘေကာကားကြီးကို မွေးနေ့ လက်ဆောင်အဖြစ် ဖအေဖြစ်တဲ့သူဌေးကြီးက ဝယ်ပေးခဲ့တာတဲ့ ...

အဲဒီကောင်မလေးက သူ့ကားကို သိပ်မြတ်နိုးတာတဲ့ဗျ အဲဒီကားကို မောင်းရင်း ကားမှောက်ပြီး အဲဒီမတိုင်မီ ခြောက်လလောက်ကတည်းက သေခဲ့ရှာတာတဲ့လေ ...။





ပထမတော့ တရုတ်သူဌေးကြီးက သူ့သမီးရဲ့ကားကို မရောင်းရက်ရှာပါဘူး၊ ဒါပေမဲ့ ... အဲဒီကားကို တက်မောင်းတဲ့ သူတိုင်းဟာ ကားကိုမောင်းရင်း ထိန်းမရဖြစ်ပြီး လမ်းလေးက သစ်ပင်တွေ ဝင်တိုက်တော့မလိုလို မှောက်တော့မလိုလိုတွေ ခဏခဏဖြစ်တဲ့အပြင် ဘရိတ်ကလည်း မိလိုက်, မမိလိုက်နဲ့မို့ ဘယ်ဒရိုင်ဘာမှ မမောင်းရဲကြတော့ဘူး ...။

ဒါနဲ့ စိတ်ပျက်ပြီး တရုတ်သူဌေးကြီးက ရောင်းထွက်ဖို့ ကြိုးစားခဲ့တာတဲ့ဗျ ...။

အဲဒီလိုအကြောင်းစုံလည်း သိရရော ကျုပ်က ဆရာတော်၊ သံဃာတော်တွေပင့်စေပြီး အဲဒီကားရဲ့ဝန်းကျင်မှာ ကုလားထိုင်တွေချ၊ ဆရာတော် သံဃာတော်တွေကို ဝိုင်းထိုင်စေပြီး ပရိတ်တရားတော်တွေ ရွတ်ဖတ်ပေးဖို့ မေတ္တာရပ်ခံရတယ်ဗျ၊

အဲဒီလို ဆရာတော် သံဃာတော်တွေက ပရိတ်တရားဟောကြားပြီး ကားကို ပရိတ်ရေတွေ ဖျန်းတယ်ပေါ့ဗျာ၊ အဲဒီလိုလုပ်လိုက်တာ သုံးရက်ပဲကြာတယ် ကားက လျှောလျှောလျူလျူ ရောင်းထွက်သွားရောဗျ ...။

အခု ကိုအဂ္ဂတို့ပြောပုံအရဆို အထက်မြန်မာပြည်က



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားဆရာထက်အောင်သျှိုင်း ကြိုးပုံမျိုးအတိုင်းပဲဗျ၊ ဘာပဲဖြစ်ဖြစ် သေချာအောင် ကျူပ်လိုက်ကြည့်ပါ့မယ်ဗျာ၊ ဒီနေ့အဖို့ အစီအုဒ္ဒါန်ကိစ္စ ပြီးပါပြီ''

သို့ဖြင့် ကျွန်ုပ်တို့သည် အငှားကားတစ်စီးငှားကာ ဘိုးသူတော်ကြီးကိုခေါ်လျက် သဃ်န်းကျွန်းဘက်သို့ ပြန်လာခဲ့ကြပါတော့၏။

❋

သဃ်န်းကျွန်းသို့ရောက်လေလျှင် ကားပေါ်မှဆင်းကြ
ာ ရွှေနားပန်ဘုရားအနီးရှိ အတိမန္တစံအိမ်ကြီးဆီသို့ မြေလမ်း
ဖြူလေးအတိုင်း လှမ်းလျှောက်လာခဲ့ကြလေသည်။

''ဟောဒီခြံကြီးပဲဗျ ဆရာတို့ရဲ့''

ခြံကြီးကား အတော်ကျယ်ဝန်းပြီး ကြံခတ်ဝါးစည်းရိုးဖြင့်
ာ်ပတ်လည်ကာရံထား၏။ ခြံထဲဝယ် သီးပင်စားပင်တို့ဖြင့်
ဆိုင်းလျက်ရှိချေသည်။

အတိမန္တစံအိမ်ကြီးသည်ကား ကျယ်ဝန်းလှသည့်ခြံကြီး၏



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းခပ်ကျကျတွင် တည်ရှိပြီး ပိန္နဲ၊ သရက်၊ သစ်တ
ဒညင်း စသည့် သီးပင်စားပင်ကြီးများဖြင့် ကွယ်နေသောကြော
ခြံဝမှကြည့်လျှင် စံအိမ်ကြီးကို တစ်စွန်းတစ်စသာ မြင်ရချေသည်

အုတ်ပတ်ကားတက်ထားသည့် နှစ်ဆောင်ပြိုင်စံအိမ်ကြ
၏ အပေါ်ပိုင်းကို ပျဉ်ကာထားပြီး ရေနံချေးဝအောင် သုတ်ထ
သဖြင့် မည်းမည်းမှောင်လျက်ရှိချေ၏။

သွပ်အမိုးစွန်းတို့တွင် စုလစ်မွန်းချွန်များရှိပြီး လေသ
မှန်ပြတင်းခုံခုံးတို့ဖြင့် တည်ဆောက်ထားသည့် စံအိမ်ကြီးမှ
မဟာဆန်လှပေသည်။

ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး လက်ထဲ၌ တောင်ဝှေးတ
ချောင်းကိုင်ကာ လည်ပင်းတွင် စိတ်ပုတီးဆွဲထားသော အိုးနှ
ခွက်နင်း ဘိုးသူတော်ကြီးက စလွယ်သိုင်းလွယ်ထားသည့် ဖ
လွယ်အိတ်ကြီးထဲမှ ယာပြီးသားကွမ်းတစ်ရာကို နှိုက်ယူလျ
ပါးစောင်တွင်ငုံထားလိုက်ရင်း စံအိမ်ကြီးကို ခါးထောက်ရပ်ကြည့်
နေလေ၏။ အတန်ကြာမှ မှတ်ချက်ချလေသည်။

"ဒီစံအိမ်ကြီးရဲ့အမည်က အတိမန္တတဲ့လား။ အင်း ...
အတိခိုတဲ့ ပေါရာဏစကားလုံးရဲ့အဓိပ္ပာယ်က ဘယ်အရာနဲ့





မရောဘဲ သီးသန့်တည်ရှိတဲ့သဘောပဲဗျ။ မန္တဆိုတာကတော့
ပါဠိစကား အဲဒီကမှ ပါဠိသက်အဖြစ် မန္တန်ဆိုပြီး ဖြစ်ပေါ်လာ
တာပဲ ...။

ဒါကြောင့် အတိမန္တ စံအိမ်ဆိုတာဟာ မန္တန်တွေနဲ့
သီးသန့်စီရင်ထားတဲ့ စံအိမ်ကြီးလို့ ဆိုရမယ်ဗျ"

ထို့နောက် ကျွန်ုပ်တို့သည် စံအိမ်ကြီးအား တစ်ပတ်
တ်ကြည့်ကြလေသည်။ စံအိမ်ကြီး၏နောက်ဘက်မှ တစ်ပတ်
တ်လာခဲ့ကြရာ မီးဖိုဆောင်တစ်ခုအနီးမှ ဖြတ်သန်းခဲ့ကြစဉ်
ကိုသိန်းမြင့်က မှန်ပြတင်းတံခါးပေါက်တစ်ပေါက်ဆီသို့ လက်ညှိုး
ညွှန်ပြလေသည်။

"အဲဒီအထဲကပဲဗျ။ တောက်ခေါက်သံကြီး ကျုပ်ကြားခဲ့ရ
တာ၊ တောက်ခေါက်သံကလုံးပြီး အတော်ကျယ်တယ်၊ တော်
တော်ကို မကျေမနပ် ခေါက်လိုက်တဲ့ အသံမျိုးပဲ"

"ဟုတ်ပါပြီလေ၊ ကဲ ... ဆရာသိန်းမြင့်မှာ သော့ပါ
တယ် မဟုတ်လား။ အိမ်ကြီးထဲ ဝင်ကြည့်ကြရအောင်"

ကိုသိန်းမြင့်၌ အိမ်တွင်း အိမ်ပြင် ယတြာခေတ်ရိုက်
တ်ဆင်ပြုလုပ်နိုင်ရန် အိမ်ရှင် ဦးဖေအောင်က ကြေးသော့ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်း ပေးထားရာ ယင်းသော့တံဖြင့် အိမ်ရှေ့ရှိ ကျွန်းတံခါးမကြီးကို ခတ်ထားသောကြေးသော့ခလောက်ကြီးအား ဖွင့်လိုက်လေ၏။

ပြီးလျှင် ကျွန်ုပ်တို့သည် လွန်စွာတိတ်ဆိတ်လျက်ရှိသော စံအိမ်ကြီးထဲသို့ ဝင်ရောက်ခဲ့ကြပါတော့၏။

ညေ့ခန်းဆောင်ကြီး၏ ဖုန်တသောသောထနေသည့် လျှာထိုးပျဉ်တို့သည်ကား နင်းလိုက်တိုင်း တကျွီကျွီမြည်လျက် ရှိလေသည်။

ကျယ်ဝန်းလှသည့် ညေ့ခန်းဆောင်ကြီးထဲတွင် ကျွန်းဆက်တီခုံကြီးများကို ချထားပြီး ကြမ်းပြင်ဝယ် ကော်ဇောထူထူကြီးခင်ထားရာ ဆက်တီခုံတို့၏နောက်မှီတို့မှာ အတော်လေးမြင့်ပြီး ပန်းကနုတ်များ ဖော်ထားသဖြင့် ရှေးဆန်လှပေ၏။

မှိုင်းလုံးကော်ဇောကြီးသည်လည်း အနားတို့ ဖွာလန်ကျဲကာ အရောင်အသွေးပင် မရှိတော့ချေ။

ယင်းကျယ်ဝန်းလှသည့် ညေ့ခန်းဆောင်ကြီးထဲတွင် ကျွန်းဆက်တီခုံကြီးများနှင့် စားပွဲပုတစ်လုံး၊ မှန်ဗီရိုတစ်လုံး၊ သစ်သားဗီရိုတစ်လုံးတို့သာ ရှိလေသည်။





ခေါင်းရင်ဘက်အိမ်နံရံအပေါ်၌ ချိတ်ဆွဲထားသော ချိန်သီးလွှဲတိုင်ကပ်နာရီအဝိုင်းကြီးကို လှမ်းကြည့်လိုက်မိရာ ကျွန်ုပ်မှာ အံ့အားသင့်သွားရလေ၏။

"ဟင် ... ဒီစံအိမ်ကြီးထဲမှာ လူသူမနေတာ ကြာပြီဆို။ ဘာဖြစ်လို့ ဒီနာရီက အချိန်မှန်လှုပ်ရှားလည်ပတ်နေတာလဲ"

ရောမဂဏန်းများဖြင့် နာရီတို့ကို ဖော်ပြထားသော နာရီကြီး၏ချိန်သီးမှာ တခြောက်ခြောက် တချက်ချက်ဖြင့် ဘယ်ညာလွှဲရမ်းလျက်ရှိပြီး နာရီလက်တံ၊ မိနစ်လက်တံတို့က လက်ရှိအချိန်ကို အတိအကျ ညွှန်ပြလျက်ရှိသည်ပဲ၊

"အဲဒီနာရီကို ဘယ်သူကလာပြီး သံပတ်ပေးလို့ အချိန်မှန် လှုပ်ရှားနိုင်တာလဲ။ ကိုသိန်းမြင့် ခင်ဗျား ဒီအိမ်ကြီးထဲဝင်ခဲ့တုန်းက အဲဒီနာရီကို သံပတ်ပေးခဲ့လေသလား"

"မပေးပါဘူးဗျာ၊ အဲဒီနာရီအနားတောင် မကပ်ပါဘူး။ ဒီအိမ်ကြီးထဲလည်း တစ်ခါပဲ ခတ်ဝင်ရိုက်ဖူးတာပါ။ လွန်ခဲ့တဲ့ ရက်နှစ်ဆယ်လောက်ကပါ။ အဲဒီနောက်ပိုင်း လုံးဝ မဝင်ခဲ့ပါဘူးဗျာ"

"ကဲ ကဲ ... ဒီစံအိမ်ကြီးရဲ့ အတွင်းခန်းတွေဆီ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြည့်ကြရအောင်''

ကိုသိန်းမြင့်ဦးဆောင်လျက် စံအိမ်ကြီး၏ အတွင်းခန်းတို့ကို လေ့လာကြည့်ရှုရန် စကြံအတိုင်း လျှောက်လှမ်းဝင်ရောက်ခဲ့ကြပါတော့၏။

''ဟ . . . ဒီအခန်းအားလုံးလိုလိုကို ကြေးသော့ခလောက်ကြီးတွေ ခပ်ထားပါလား''

''ဟုတ်တယ် ကိုအဂ္ဂရေ ကျုပ်ကိုတော့ အိမ်ရှေ့တံခါးသော့တစ်ချောင်းပဲ ပေးထားတယ်၊ ကျန်တဲ့သော့တွေကိုတော့ အိမ်စောင့်အဘိုးကြီးဆီမှာ ရှိတယ်တဲ့''

''ဟင် . . . ဒီအိမ်မှာအိမ်စောင့်ရှိတယ်လား''

''ရှိတယ်၊ ဒါပေမဲ့ . . . အဲဒီအဘိုးကြီးက ဒီနားကဘုန်းကြီးကျောင်းမှာ ကပ္ပိယလုပ်နေတယ်၊ ဒီအိမ်ကြီးဆီ အိမ်ငှားတင်မယ်ဆိုမှ လာပြီး ခြံတွေဘာတွေ နည်းနည်းပါးပါး ရှင်းတယ်တဲ့။ သူ့ကို ဘယ်သူကမှလည်း လစာမပေးဘူး၊ ဟိုးအစဉ်အဆက် အိမ်ရှင်တွေလက်ထက်ကတည်းက အိမ်စောင့်ခြံစောင့်လုပ်ခဲ့လို့ သူ့ဆီမှာပဲ ဦးဖေအောင်က သော့တွေအပ်ထ းတာ၊ အမှန်က ဒီအိမ်ကြီးကို ဦးဖေအောင်က စိတ်ဝင်စားတာမဟုတ်ဘူး၊ သူက ဒီအိမ်ကြီးကို မြန်မြန်ရောင်းထုတ်ပြီး ငွေပဲလိုချင်တာဗျ''

မီးဖိုဆောင်တံခါးကိုမူ ဖွင့်ထားပြီး ဟောင်းနွမ်းနေသည့် သစ်သားဗီရိုကြီးထဲတွင် အိုးခွက်ပန်းကန်အချို့ကို တွေ့ရလေသည်။

''ကဲ . . . အောက်ထပ်တော့ လေ့လာကြည့်ရှုပြီးပြီ။ အပေါ်ထပ် တက်ကြည့်ရအောင်''

ထို့နောက် ကျွန်ုပ်တို့သည် ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ တက်ခဲ့ကြရာ လှေကားတစ်လျှောက်လုံး ခင်းထားသည့် မှိုင်းလုံးကော်ဇောမှာ လွန်စွာဟောင်းနွမ်းလျက် နေရာတော်တော်များများ၌ ပေါက်ပြဲလျက်ရှိလေသည်။

''ဖုန်တွေကတော့ တစ်အိမ်လုံးပဲဗျို့။ ကြမ်းပြင်တွေ၊ လှေကားထစ်တွေကလည်း နင်းလိုက်တိုင်း တကျိကျိနဲ့။ ကြွက်တွေကလည်း တကျွိကျွိနဲ့ ဟိုပြေးဒီပြေး၊ အင်း တစ်ယောက်တည်းသာ ဒီအိမ်ကြီးထဲဝင်လာရရင် အတော်စိတ်ချောက်ချားစရာကောင်းမှာပဲဗျ''

''ဟုတ်တယ် ကိုအဂ္ဂရေ ဒါကြောင့် ကျုပ်တော့ တစ်ခါ





ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကြီးထဲဝင်ပြီး ခြတ်ရိုက်ခြတ်ဆင်လုပ်တယ်၊ နောက် တစ်ခါတော့ မဝင်တော့ဘူး''

''ဒါထက် ခင်ဗျားကြားရတဲ့ တောက်ခေါက်သံက အိမ်စောင့်အဘိုးကြီးရဲ့ တောက်ခေါက်သံမဟုတ်ဘူးလား''

''လုံးဝမဟုတ်နိုင်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဘိုးကြီး ဘဘိုးဖြူဟာ ဆွံ့အနေသူဗျ''

''ဩော်''

''ပြီးတော့ အဲဒီဘဘိုးဖြူဟာ ဒီအိမ်ကြီးထဲ ဘယ်တော့မှ မဝင်ဘူးတဲ့။ အိမ်ထဲကကိစ္စဆို နိုင်းလို့မရဘူးလို့ ဦးဖေအောင်ရဲ့တပည့် ခြေမကြီးက ပြောဖူးတယ်ဗျ''

အိမ်ပေါ်ထပ်မှ အိပ်ခန်းတို့ကိုမူ သော့ခပ်ပိတ်ထားခြင်း မရှိသဖြင့် အခန်းတိုင်းထဲသို့ ဝင်ကြည့်နိုင်လေသည်။

ဤအိမ်ပေါ်ထပ်ရှိ အခန်းများမှာ အိပ်ခန်းများချည်းဖြစ်ပြီး အခန်းတို့အထဲတွင် သစ်သားနှစ်ယောက်အိပ်ခုတင်တစ်ယောက်အိပ်ခုတင်လွတ်များနှင့် သစ်သားဗီရိုအလွတ်တို့ကိုသာ တွေ့ရလေ၏။

မှန်ပြတင်းတံခါးပေါက်တိုင်းမှာ လိုက်ကာများ ရှိသော်





လည်း ထူထဲလှသည့် ကတ္တီပါသားလိုက်ကာတို့မှာ အရောင်အဆင်းတို့ လွင့်ပြယ်ကာ လွန်စွာ ဟောင်းနွမ်းလျက် ရှိကြချေ၏။

အတွင်းခန်းများကိုကြည့်ပြီးမှ ဘုရားခန်းကို ဝင်ကြည့်ရာ ဘုရားစင်၌ ကျောင်းဆောင်အဟောင်းအလွတ်တစ်လုံးကိုသာ တွေ့ရပြီး ဘုရားဆင်းတုတော်တစ်ဆူဆူကိုသော်လည်းကောင်း၊ ပုံတော်ကိုသော်လည်းကောင်း မတွေ့ရချေ။

ဘုရားပန်းအိုးအလွတ်သုံးလုံးကို ဖုန်ထုတက်လျက် တွေ့ရပြီး ပန်းအိုးတစ်လုံးက အနားပဲ့လျက်ရှိလေသည်။

လူသူမနေသော အိမ်အိုအိမ်ဟောင်းတို့၏ ထုံးစံအတိုင်း ကြမ်းပြင်နေရာတိုင်းတွင် ဖုန်ထုတက်လျက်ရှိပြီး အခန်းထောင့်များ၊ မျက်နှာကြက်များ၌ ပင့်ကူအိမ်တို့ဖြင့် ရှုပ်ပွလျက်ရှိချေ၏။

အိုးနင်းခွက်နင်းဘိုးသူတော်ကြီးကမူ စကားလုံးဝမပြောဘဲ အခန်းတိုင်း စကြံတိုင်း၏ မှောင်ရိပ်ကျရာဆီသို့သာ မမှိတ်သုန် စိုက်စိုက်ကြည့်လေ့ရှိပြီး သူ၏ ထိပ်ပြောင်ပြောင်ကြီးကိုသာ သက်တစ်ဖက်ဖြင့် မသိမသာ ပွတ်သပ်လျက်ရှိလေသည်။

''ကဲ ... အောက်ထပ်ဆင်းကြစို့''



www.burmeseclassic.com

www.burmeseclassic.com



ဘိုးသူတော်ကြီးကပင် လောဆော်သဖြင့် ကျွန်ုပ်တို့သည် အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြပါတော့၏။

ကျွန်ုပ်တို့သည် ညှိခန်းကြီးထဲမှ ကျွန်းဆက်တီခုံကြီးများတွင် ထိုင်နားလိုက်ကြလေသည်။

ထိုသို့ထိုင်နားနေကြစဉ် ကျွန်ုပ်က အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးအား သွေးတိုးစမ်းမေးလိုက်လေသည်။

''ဘယ့်နှယ်လဲ ဘိုးသူတော်ကြီး။ ဘာထူးခြားတာတွေ တွေ့သလဲဗျ''

အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးက ပြုံးလိုက်ပြီး–

''တွေ့ရမှာပေါ့လေ၊ ဘာထူးခြားသလဲဆိုတာ ခင်ဗျားတို့ ကိုယ်တိုင် တွေ့ရစေ့မယ်၊ ကဲ ကိုအဂ္ဂ ...မီးဖိုဆောင်ထဲက ပန်းကန်ပြားတစ်ချပ်ယူပြီး မီးဖိုဆောင်နောက်က အုတ်ကန်မှာ ရေသေချာဆေးပြီးရင် ရေမပြည့်တပြည့် ထည့်ယူခဲ့စမ်းဗျာ''

ဟု ခိုင်းတော့ရာ ကျွန်ုပ်လည်း ထိုင်ရာမှထကာ မီးဖိုဆောင်ဘက်သို့ ထွက်ခဲ့ရပါတော့၏။

ကျယ်ဝန်းလှသည့် မီးဖိုဆောင်ကြီး၏ထောင့်ရှိ ပန်းကန်စင်ပေါ်တွင် ထပ်ထားသော တိုက်ပန်းကန်ပြားသုံးချပ်အနက်မှ





အနာအဆာကင်းသည့်ပန်းကန်ပြားကို ယူလိုက်လေသည်။

ထို့နောက် ဖုန်ထုတက်နေသည့် ပန်းကန်ပြားအား မီးဖိုဆောင်နောက်ဘက်၌ ကပ်လျက်ရှိသော အုတ်ကန်ထဲမှရေဖြင့် ဆေးကြောသန့်စင်လိုက်လေ၏။

ယင်းအုတ်ကန်ထဲမှ ရေတို့မှာ မီးဖိုဆောင်အမိုးစွန်းမှ ကျခဲ့သော မိုးရေတို့ဖြစ်ပုံရလေသည်။

ကျွန်ုပ်လည်း ပန်းကန်ပြားကိုဆေးပြီးသည်နှင့် ရေမပြည့်တပြည့်ခပ်ကာ အိမ်ရှေ့သို့ ယူလာလိုက်လေ၏။

အိုးနင်းခွက်နင်း ဘိုးသူတော်ကြီး၏ရှေ့ရှိ ကျွန်းစားပွဲပုလေးပေါ်သို့ ပန်းကန်ပြားကိုတင်လိုက်ပြီးနောက် ဆက်တီခုံတစ်လုံးတွင် ထိုင်လိုက်ကာ ဘိုးသူတော်ကြီး ဘာလုပ်မလို့ပါလိမ့်ဟု တွေးရင်း စောင့်ကြည့်နေလိုက်လေသည်။

အိုးနင်းခွက်နင်းဘိုးသူတော်ကြီးက ခါးရှေ့သို့ကိုင်းလျက် ပန်းကန်ပြားထဲမှ ရေကို အတန်ကြာစိုက်ကြည့်ရင်း နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် တစ်စုံတစ်ရာကို အသံမထွက်ဘဲ ရွတ်လျက်ရှိလေ၏။

သူသည် အစွမ်းထက်လှသော ဂါထာမန္တန်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ဖတ်နေခြင်းဖြစ်ပုံရပြီး ထိုဂါထာမန္တန်တို့နှင့်ပတ်သက်၍ မေးမြန်းပါက ဖြေကြားလေ့မရှိပေ။ ဂါထာမန္တန်တို့နှင့်ပတ်သက်လျှင် လွန်စွာလျှို့ဝှက်တတ်သူဖြစ်၏။

သူနှင့် ကျွန်ုပ်သည် လွန်စွာ ခင်မင်ရင်းနှီးသူများဖြစ်ကြပြီး တစ်ခါတစ်ရံ တစ်လကိုးသီတင်းခန့် ကျွန်ုပ်၏အိမ်၌ နေထိုင်သွားတတ်သည့်တိုင် သူ၏ လျှို့ဝှက်ဂါထာမန္တန်တို့ကို ကျွန်ုပ်အား တစ်ပုဒ်တလေပင် ပေးလေ့မရှိချေ။

ထို့ကြောင့် ကျွန်ုပ်က အငေါ်တူးကာ သူ့ကိုပြောမိဆိုမိတတ်သည်။

"ဘိုးသူတော်ကြီး . . . ခင်ဗျားဟာလေ ဂါထာမန္တန်တွေနဲ့ပတ်သက်ရင် အင်မတန်စေးနည်းတဲ့သူ သိလား။ ဒီပြင်လူကိုမပေးတောင် ကျုပ်ကိုတော့ ပေးသင့်ပါတယ်ဗျ"

ထိုအခါ သူက ပြုံးစေ့စေ့လုပ်ကာ –

"ဟုတ်တာပေါ့၊ ခင်ဗျားကိုတော့ ပေးသင့်တာပေါ့၊ ပေးမှာပါ၊ ပေးမှာပါ၊ ခင်ဗျားမှာ ကိလေသာတဏှာကင်းတဲ့အခါကျ ပေးမှာပါ"

"ဟာဗျာ . . . ကျုပ်က လူဗျ၊ ရသေ့လည်းမဟုတ်ဘူး၊ ဘိုးသူတော်လည်းမဟုတ်ဘူး၊ ဘယ့်နှယ် ကိလေသာတဏှာကင်းမှာလဲ"

"အဲဒါဆိုလည်း မယူနဲ့ဦးပေါ့ဗျာ၊ ကိလေသာတဏှာကင်းတဲ့အခါကျ ပြောလေ၊ အဲဒီအခါကျ ကျုပ် ခက်ခက်ခဲခဲ သည်းပူးရယူထားတဲ့ လျှို့ဝှက်ဂါထာမန္တန်တွေပေးမယ် . . . ဟဲ တဲ ဟဲ"

သူက ထိုသို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

ယခုလည်း သူ ဘာတွေရွတ်ဖတ်နေသလဲမသိ။

အတန်ကြာရွတ်ဖတ်ပြီးနောက် သူက ကျွန်ုပ်တို့အား န်းကန်ပြားထဲရှိ ရေပြင်ကိုကြည့်စေ၏။

"ကဲ . . . ခင်ဗျားတို့ ဒီပန်းကန်ပြားထဲက ရေပြင်ကို ကြည့်ကြ"

ကျွန်ုပ်နှင့် ကိုသိန်းမြင့်တို့လည်း ကိုယ်ကို ကိုင်းငုံ့လျက် န်းကန်ပြားထဲရှိ ရေပြင်ကို စိတ်ဝင်စားစွာ စိုက်ကြည့်လိုက်ကြ . . .

ရေပြင်သည် လေမတိုက်ပါဘဲ လှိုင်းတွန့်လေးများ လှုပ် ်သွားပြီး ထူးခြားသောပုံရိပ်တချို့က လှိုင်းတွန့်တို့ထဲဝယ်







www.burmeseclassic.com

www.burmeseclassic.com



ခပ်ရေးရေး ရှုပ်ထွေးစွာပေါ်လာလေ၏။

လှိုင်းတွန့်တို့ ငြိမ်သက်သွားသည့်အခါမှာမူ ပုံရိပ်တို့သည် ပိုမိုပီပြင်ပြတ်သားလာပြီး ခေတ်ရှင်ကားကြည့်ရသည့်နှယ် ပုံရိပ်တို့ လှုပ်ရှားလျက်ရှိသည်ကို တွေ့ကြရလေသည်။

ရှေးဦးစွာ ကျွန်ုပ်တို့မြင်တွေ့ရသည့်ပုံ၊ာ ဤအတိမန္တ စံအိမ်ကြီး၏ပုံရိပ်ပင် ဖြစ်ပါ၏။

ထို့နောက် ထိုပုံရိပ်သည် ပါးလျားပျောက်ကွယ်သွားပြီး စံအိမ်ကြီးထဲမှ မြင်ကွင်းအချို့ပေါ်လာတော့သည်။

ထပ်မံတွေ့လိုက်ရသည့် ပုံရိပ်သည်ကား အခန်းတစ်ခန်း၏ပုံဖြစ်ပြီး ယင်းအခန်း၏ထောင့်တွင် မှန်ဗီရိုကြီးတစ်လုံးကို တွေ့ရလေသည်။

မှန်ဗီရိုကြီး၏အထဲတွင် ဟာလာဟင်းလင်းဖြစ်လျက် ရှိပြီး ယင်းဗီရို၏နံဘေးမှ နံရံပေါ်၌ တိုင်ကပ်နာရီကြီးတစ်လုံး၏ တွေ့ရလေ၏။

ထိုတိုင်ကပ်နာရီကြီး၏အောက်တွင်ကား ဆံပင်ဖားလျာ ချကာ မလှုပ်မယှက်ရပ်နေသည့် မိန်းမကြီးတစ်ယောက်ကို တွေ့ ရလေသည်။ ခပ်ဖားဖား ဖြူလျော်လျော်ဝတ်ရုံလိုလိုကို ဝတ်ဆ





ထားသည့် ထိုမိန်းမကြီးက ကျွန်ုပ်တို့အား မျက်မှောင်ကြီးကြုတ် လျက် စိုက်ကြည့်နေလေသည်။

တကယ်တော့ ပန်းကန်ပြားထဲမှ ရေပြင်၌ တွေ့မြင်နေရ သော အခန်းမှာ ကျွန်ုပ်တို့ ယခုရောက်ရှိနေသော ညှိခန်းကြီး ပင်ဖြစ်ပြီး မှန်ဗီရိုကြီးနှင့် တိုင်ကပ်နာရီကြီးမှာ ကျွန်ုပ်၏ ဝဲဘက် ခပ်စောင်းစောင်းနေရာတွင် ရှိလေသည်။

ထို့ကြောင့် ကျွန်ုပ်က ပန်းကန်ပြားမှ မျက်လုံးခွာပြီး ယင်း ဗီရိုကြီးနှင့် တိုင်ကပ်နာရီကြီးဆီသို့ လှမ်းကြည့်လိုက်လေ၏။

တိုင်ကပ်နာရီကြီး၏အောက်တွင် မည်သူတစ်စုံတစ် ယောက်မျှ ရှိမနေပါ။

ပန်းကန်ပြားထဲ ပြန်ကြည့်လိုက်သည့်အခါမှာမူ တိုင်ကပ် နာရီကြီး၏အောက်တွင် ဆံပင်ဖားလျားနှင့်မိန်းမကြီးမှာ ရှိမြဲရှိနေ ပြီး ကျွန်ုပ်တို့ကို စိုက်ကြည့်မြဲ စိုက်ကြည့်လျက်ရှိလေ၏။

ကျွန်ုပ်သည် ဘာမျှရှိမနေသောအပြင်ဘက်မှ တိုင်ကပ် နာရီကြီး၏အောက်သို့ တစ်လှည့် ပန်းကန်ပြားထဲမှ မိန်းမကြီးကို တစ်လှည့်ကြည့်ရင်း တုန်လှုပ်သလို ဖြစ်လာတော့သည်။

ကိုသိန်းမြင့်သည်လည်း ကျွန်ုပ်ကဲ့သို့ပင် ခံစားရကာ



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ရှည်လျားသောမျက်နှာမှာ သွေးဆုတ်သလို ဖြူရော်ရော် ဖြစ်လျက်ရှိတော့၏။

သည်အတိုင်းဆိုလျှင် ဤညှော်ခန်းမကြီးထဲ၌ ကျွန်ုပ်တို့ သုံးဦးအပြင် အခြားတစ်စုံတစ်ယောက်သည် ရှိနေပြီး သူ့ကို ကျွန်ုပ်တို့၏ ပကတိမျက်လုံးဖြင့် မမြင်ရဘဲ ပန်းကန်ပြားထဲရှိ ရေပြင်မှာသာ မြင်နေရခြင်းပါလား။

ကျွန်ုပ်တို့ အံ့သြတုန်လှုပ်သလိုဖြစ်နေကြစဉ်မှာပင် ပန်းကန်ပြားထဲမှရေပြင်သည် အတန်ငယ် လှုပ်ခတ်သွားပြီး ဆံပင်ဖားလျားနှင့် မိန်းမကြီး၏ပုံရိပ် တဖြည်းဖြည်းပါးလျား ပျောက်ကွယ်သွားကာ နောက်ထပ်ပုံရိပ်တစ်ခု ထပ်ပေါ်လာပါတော့၏။

ရေပြင်တည်ငြိမ်သွားသည်နှင့် ထိုပုံရိပ်သည် ပီပြင်လာရာ သည်တစ်ခါတွေ့ရသည်က ကျွန်းလှေကားကြီး၏ပုံရိပ် ဖြစ်လေသည်။

အရောင်ပြယ်လွင့်နေသည့် ကော်ဇောခင်းထားသော ကျွန်းလှေကားကြီး၏ တစ်ဆစ်ချိုးတွင် ဂါဝန်ဖားဖားနှင့် လက်စကအင်္ကျီတို့ ဝတ်ထားကာ ရွှေရောင်သမ်းသည့် ဆံပင်တိုတိုနှင့်





အမျိုးသမီးငယ်က တည်ငြိမ်စွာရပ်နေလျက်မှ ကျွန်ုပ်တို့ကို ရှုတည်တည်လှမ်းကြည့်နေပြီးနောက် သူမသည် လှုပ်ရှားလာကာ လှေကားထစ်များအတိုင်း တစ်ထစ်ချင်းနှင်းလျက် ဆင်းသက်လာလေ၏။

သူမသည် လှေကားခြေရင်းသို့ ရောက်လေလျှင် ကျွန်ုပ်တို့ကို စူးစူးရဲရဲကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး စင်္ကြံလမ်းအတိုင်း အိမ်အတွင်းပိုင်းသို့ ဝင်ရောက်သွားပါတော့သည်။

သူမသည် တစ်လှမ်းချင်းလှမ်းလျှောက်ဝင်သွားပြီး ဒုတိယမြောက် လက်ဝဲဘက်မှ အခန်းထဲသို့ ဝင်ရောက်သွားသည်ကို တွေ့ရလေ၏။

ယင်းပုံရိပ်ဝေဝါးပျောက်ကွယ်သွားပြီးနောက် တစ်ခါ ပြန်ပေါ်လာသည့် မြင်ကွင်းထဲမှာမူ ယောက်ျားကြီးတစ်ဦးနှင့် လူလတ်ပိုင်းအရွယ် ယောက်ျားတစ်ဦးတို့သည် ကြိမ်ဆက်တီခုံကဲ့သို့သော ခုံများပေါ်တွင် ထိုင်လျက်ရှိနေကြပြီး အသက် ခုနစ်နှစ်အရွယ် ကောင်လေးတစ်ယောက်ကိုပါ အနီးတွင် တွေ့ရလေသည်။

လူကြီးနှစ်ဦးသည် တစ်စုံတစ်ရာ စကားပြောဆို ဆွေး



www.burmeseclassic.com

www.burmeseclassic.com



နွေးနေကြဟန်ရှိပြီး ကောင်လေးကမူ သစ်သားမြင်းရုပ်ကို လွဲစီးလျက် ရှိကြလေ၏။

ထို့နောက်တွင်မူ မည်သည့်ပုံရိပ်မှ ထပ်မံပေါ်မလာတော့ချေ။

"ကဲ … ဘယ့်နှယ်လဲ၊ တွေ့ကြပြီမဟုတ်လား"

အိုးနှင်းခွက်နှင်းဘိုးသူတော်ကြီးက သူ၏ လွယ်အိတ်ကြီးထဲမှ ကွမ်းတစ်ရာထုတ်ကာ ပါးစောင်ထဲထည့်ရင်း ခပ်ပြုံးပြုံးအမူအရာဖြင့် မေးလိုက်လေ၏။

"ဟုတ်တယ် … တွေ့တယ်၊ သူ … သူတို့က ဒီအိမ်ကြီးထဲမှာ ရှိနေကြတာပေါ့၊ ဟုတ်လား ဘိုးသူတော်ကြီး"

"ရှိနေလို့လည်း ခင်ဗျားတို့ တွေ့ကြရတာပေါ့၊ ကိုယ့်လူတို့ရယ် … ဟဲ ဟဲ ဟဲ"

ဘိုးသူတော်ကြီးက တဟဲဟဲရယ်နေနိုင်သော်လည်း ကျွန်ုပ်နှင့်ကိုသိန်းမြင့်တို့မှာ စိတ်မသက်မသာ ခံစားနေကြရလေသည်။

"ဒါထက် ဘိုးသူတော်ကြီး … ဒီစံအိမ်ကြီးရဲ့မူလပိုင်ရှင်တွေက နန်းတော်ထဲကဆို၊ ခုတွေ့ရတာက ဂါဝန်တွေ၊ ဘောင်း





ဘီရှည်တွေနဲ့ဗျ၊ ရုပ်တွေကလည်း မြန်မာနဲ့သိပ်မတူလှဘူး"

"ဟုတ်တယ် … ကျုပ်လည်း အဲဒါပဲ စဉ်းစားနေတာကိုအင်္ဂရဲ့၊ သူတို့ကြည့်ရတာ ဘိုကပြားမိသားစုနဲ့တူတယ်ဗျ၊ သူတို့ဟာ ဒီအိမ်ကြီးထဲမှာပဲ သေဆုံးကွယ်လွန်ခဲ့ကြတာ ဖြစ်မယ် …၊

ဘာပဲဖြစ်ဖြစ် သူတို့ဟာ ဒီအိမ်ကြီးထဲမှာ မကျွတ်မလွတ်ဘဲ ရှိနေကြပြီး ဒီအိမ်ကြီးကို ရောင်းမထွက်အောင် နှောင့်ယှက်နေကြတယ်ဆိုရင်တော့ ကျုပ်တို့က သူတို့ကို မဖြစ်ဖြစ်အောင် ဒီအိမ်ကြီးထဲက နှင်ထုတ်ရမှာပဲ၊ ဒါမှမဟုတ် သူတို့ ကျွတ်လွတ်သွားအောင် လုပ်ပေးရမှာပဲဗျ၊ ဘိုးသူတော်ကြီးရဲ့"

"အင်း … သူတို့ကို ကျွတ်လွတ်အောင်လုပ်ဖို့ မလွယ်လှဘူးဗျ၊ သူတို့က ဘာသာခြားဖြစ်နိုင်တယ်ဗျ၊ ဘာသာခြားဆိုရင် သူတို့အတွက် ကောင်းမှုကုသိုလ်လုပ် အမျှဝေလည်း သူတို့သာဓုခေါ်နိုင်ကြမှာ မဟုတ်ဘူး၊ ဒီတော့ ကျွတ်လွတ်ဖို့ မလွယ်လှဘူး"

"ဟုတ်တယ် ဘိုးသူတော်ကြီး၊ ပရိတ်တွေ, ပဋ္ဌာန်းတွေရွတ်လည်း သင်းတို့ နားလည်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ...ကိုသိန်းမြင့်က တွေးတွေးဆဆဖြင့် ဝင်ပြောလေသည်။

“ကျုပ်ထင်တာတော့ အဲဒီမိသားစုဟာ ဒီအိမ်ကြီးကို ငှားနေခဲ့သူတွေပဲ ဖြစ်မယ်ဗျ၊ ဒီအိမ်ကြီးမှာ အိမ်ငှားလေးငါးဦးမက နေဖူးတယ်လို့ ကျုပ်သိထားတယ်”

ထို့နောက် ကျွန်ုပ်တို့သည် အိမ်တံခါးကို သော့ခတ်ပြန်ပိတ်ပြီး အဲ့တိမန္တစံအိမ်ကြီးထဲမှ ပြန်ထွက်ခဲ့ကြလေသည်။

ကျွန်ုပ်တို့သည် ကားလမ်းမကြီးဘက်သို့ လျှောက်လာခဲ့ကြစဉ် အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးက –

“ကိုအဂ္ဂနဲ့ ကိုသိန်းမြင့် ...အဲဒီစံအိမ်ကြီးထဲမှာ အနှောင့်အယှက်ပြုနေတဲ့ ပရလောကသားမိသားစုရှိနေတာ ခင်ဗျားတို့ မျက်မြင်ပဲ၊ သူတို့က အဲဒီစံအိမ်ကြီးအပေါ်မှာ စွဲလမ်းနေကြပုံရတယ်၊ အဲဒီအိမ်ကြီးကို စွဲလမ်းနေတဲ့အတွက် အိမ်ကိုရောင်းထွက်ဖို့ လိုလားမှာမဟုတ်ဘူး၊ အဲဒီလိုမလိုလားတဲ့အတွက် အိမ်လာဝယ်ချင်တဲ့သူတွေ မလာဝံ့အောင် ခြောက်လှန့်မယ်၊ အိမ်ရောင်းထွက်စေဖို့ ဓာတ်ရိုက်ဓာတ်ဆင် ယတြာလာလုပ်တဲ့ဆရာကို ခြောက်လှန့်လွှတ်မယ်၊ အဲဒီလို အမျိုးမျိုးနှောင့်ယှက်





နေကြမှာပဲဗျ”

“သူတို့ဟာ ဘာသာခြားတွေလည်းဖြစ်ပုံရတော့ ဘာသာရေးနည်းနဲ့ သူတို့အတွက် ဆောင်ရွက်ဖို့လည်း ခက်တယ်၊ ပြီးတော့”

“ပြီးတော့ ဘာဖြစ်သလဲဗျ ဘိုးသူတော်ကြီးရဲ့”

“ကျုပ် ဒီနေ့ပဲ ဒီရန်ကုန်မှာ အဓိဋ္ဌာန်ပြီးလို့ ပုပ္ပားမှာ အဓိဋ္ဌာန် ဆက်ဝင်ဖို့ ချက်ချင်းသွားရတော့မယ်ဗျ၊ ဟိမဝန္တာဆရာသခင်တွေ ချမှတ်ပေးလိုက်တဲ့ ကိုးရပ်ကိုးဌာန ကိုးရက်အဓိဋ္ဌာန် ပျက်ကွက်လို့မဖြစ်ဘူး၊ ဒါကြောင့် ခင်ဗျားတို့ကို စိတ်မချပေမယ့် ကျုပ် အခုပဲ ဘူတာရုံဆင်းရတော့မယ်ဗျာ”

“အာ ...ဘိုးသူတော်ကြီးက လုပ်ပြီဗျာ၊ ဒီမှာ ကျုပ်တို့ကို ပြဿနာကြီးနဲ့ တန်းလန်းထားခဲ့မလို့လားဗျ”

အိုးနင်းခွက်နင်း ဘိုးသူတော်ကြီးက စိတ်မကောင်းဟန်ဖြင့် ကျွန်ုပ်ကိုကြည့်ရင်း ဦးခေါင်းပြောင်ပြောင်ကြီးကို ခပ်ဖြည်းဖြည်း ရမ်းလိုက်လေသည်။

“ကျုပ် စိတ်မကောင်းပါဘူး ကိုအဂ္ဂရယ်၊ ကျုပ်တို့ [illegible]လမ်းလျှောက်သူတွေရဲ့အကြောင်းလည်း ခင်ဗျားသိရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဗျာ၊ အစိဋ္ဌာန်တစ်ခုကို သစ္စာအဓိဋ္ဌာန်ပြုပြီး စတင်ကျင့်ကြံတယ် ဆိုတာနဲ့ ဘယ်လိုအကြောင်းနဲ့မှ ပျက်ကွက်လို့ဖြစ်တာ မဟုတ် ဘူးလေ''

''ဘိုးသူတော်ကြီးပြောတာ ဟုတ်တော့ ဟုတ်ပါတယ် ဗျာ၊ ဒါပေမဲ့ . . . ကျွန်ုပ်မှမကူညီရင် ဒီက ကိုသိန်းမြင့် ဒုက္ခရောက် တော့မှာဗျ၊ ကျုပ်ကလည်း ပရလောကနဲ့ပတ်သက်တဲ့ကိစ္စ ဘိုးသူတော်ကြီးကို အားကိုးမိရတာဗျ၊ ခုတော့''

''ကဲပါဗျာ . . . ခုတော့တွေ ဘာတွေ လုပ်မနေပါနဲ့ ကျုပ် ခင်ဗျားတို့နဲ့ အတူရှိမနေနိုင်ပေမယ့် ပရလောကသားတွေ အန္တရာယ်မပြုနိုင်စေမယ့် ဟောဒီ လိပ်ပြာချုပ်အင်းလိပ် ပေးထား ခဲ့မယ်၊ အဲဒါကို ကိုယ်နဲ့မကွာဆောင်ထား၊ သူတို့ အန္တရာယ်ပြု ခြောက်လှန့်လာရင် လိပ်ပြာလွင့်မသွားအောင် ကာကွယ်ပေးလိမ့် မယ်''

ပြောပြောဆိုဆိုဖြင့် သူ၏လွယ်အိတ်ကြီးထဲမှ ကြေးပြား အင်းလိပ်လေးတစ်လိပ်ကို ထုတ်ပေးလေသည်။

''အဲဒီအင်းဟာ အင်မတန်စွမ်းတယ် ကိုအဂ္ဂ။ သူ့ အသုံးပြုတဲ့နည်းတွေ အများကြီးရှိသေးတယ်၊ ဒါပေမဲ့ ကျု





ခုတော့ မပြောသေးဘူး၊ တစ်နေ့ကျရင်တော့ အဲဒီလိပ်ပြာချုပ် အင်း ကျုပ်ကို ပြန်ပေးပါ''

ထို့နောက် . . . အငှားကားတစ်စီးလာလေလျှင် အိုးနင်း ခွက်နင်း ဘိုးသူတော်ကြီးသည် ကားကို လက်တားပြီး ကျွန်ုပ် တို့ကို နှုတ်ဆက်ကာ လိုက်ပါသွားပါတော့၏။

''ကဲ ကိုသိန်းမြင့် . . . ဘာမှ အားမငယ်ပါနဲ့ဗျာ၊ မနက်ဖြန်ကျရင် ကျုပ် တစ်ခေါက်ထပ်လာခဲ့ဦးမယ်၊ အဲဒီစံအိမ် ကြီးက အိမ်ငှားတွေရဲ့ ရာဇဝင်ကိုသာ ခင်ဗျားထပ်ပြီး သေချာ စုံစမ်းထားဗျာ၊ ကျုပ်တို့ မနက်ဖြန်ကျရင် တစ်မျိုးကြည့်ပြီး စီစဉ်ကြသေးတာပေါ့ . . . ဟုတ်လား၊ ကဲ . . . ကျုပ်လည်း ပြန်ဦးမယ်''

''အေးဗျာ . . . ကောင်းပါပြီ၊ ကျုပ် အိမ်စောင့်အဘိုး ကြီးရှိတဲ့ ဘုန်းတော်ကြီးကျောင်းဆီ လိုက်သွားလိုက်ဦးမယ်၊ စုံစမ်းစရာရှိတာ အားလုံးစုံစမ်းထားလိုက်မယ်ဗျာ၊ ခင်ဗျား မနက် ဖြန်တော့ လာဦးနော် ကိုအဂ္ဂ''

''စိတ်ချ လာခဲ့မယ်''

ထို့နောက် ကျွန်ုပ်လည်း အငှားကားတစ်စီးငှား၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်တိုင်ဘက်သို့ ပြန်လာခဲ့ပါတော့၏။

ကျွန်ုပ်ကို လက်ပြကျန်ရစ်ခဲ့ရှာသော မိတ်ဆွေကြီးကိုသိန်းမြင့်ကို စိတ်မချစွာ ပြန်လှည့်ကြည့်ရင်း အငှားကားလေးပေါ် လိုက်ပါခဲ့သည့် ကျွန်ုပ်သည် အင်္ကျီအိတ်ကပ်ထဲမှ လိပ်ပြာချုပ်အင်းပြားလေးကိုသာ လက်ဖြင့် စမ်းသပ်နေမိပါတော့သတည်း။

❋ ❋ ❋



## အတိမန္တမှ သိင်္ဂီရသို့

ကျွန်ုပ်သည် ဗားကရာချောက်အနီးရှိ အိမ်သို့ပြန်လာခဲ့ရသော်လည်း မိတ်ဆွေကြီးကိုသိန်းမြင့်အတွက် စိတ်ပူကာ စိတ်မကောင်းဖြစ်နေမိတော့၏။

ထိုနေ့တစ်နေ့လုံးလည်း ဘာမျှ လုပ်ကိုင်၍မရတော့ဘဲ လိပ်ပြာချုပ်အင်းပြားလေးကိုကိုင်လျက်သာလျှင် ပက်လက်ကုလားထိုင်ပေါ်ထိုင်ရင်း တွေတွေငေးငေးဖြစ်လျက် ရှိတော့သည်။

သို့ဖြင့် ညနေစောင်းသို့ရောက်လာသည်တွင် ကျွန်ုပ်၏နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ရှေ့သို့ ကာဒီလက်ကားကြီးတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ခနဲ ထိုးဆိုက်လာပါတော့၏။

ကျွန်ုပ်က ကာဒီလက်ကားသစ်ကြီးကို အံ့ဩစွာ ငေး ကြည့်နေမိစဉ်မှာပင် ယင်းကားပေါ်မှ ကျွန်ုပ်၏မိတ်ဆွေလေး လူရဲ ဆင်းသက်လာသည်ကို တွေ့ရလေသည်။

သူက ကျွန်ုပ်ကို လှမ်းပြုံးပြပြီး ခြံထဲလှမ်းဝင်လာကာ ကျွန်ုပ်ထိုင်နေသည့် အိမ်ရှေ့ဝရန်တာအဆင့်ပေါ် တက်လာလေ ၏။

"ထိုင်ကွာ လူရဲ၊ ဘယ့်နှယ် မလာတာအတော်တောင် ကြာပြီပဲ"

လူရဲက ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်ရှိ ကြိမ်ဆက်တီခုံတွင် ဝင်ထိုင်လိုက်လေသည်။

"ကျွန်တော်လည်း အလုပ်များနေလို့ အာစရိဆီ မရောက်ဖြစ်တာပါ"

"ဘာတွေများ အလုပ်များနေတာလဲကွဲ့။ ဒီကားကြီးက ရော ထပ်ဝယ်လိုက်တာလား"

"ဟုတ်တယ် အာစရိ။ ကျွန်တော် လွှစ္စလမ်း (ယခု ဆိပ်ကမ်းသာလမ်း) မှာ သွင်းကုန်ထုတ်ကုန်ကုမ္ပဏီဖွင့်ထားတယ်





အာစရိရဲ့၊ ဥရောပနိုင်ငံတွေနဲ့ အိန္ဒိယကို ကုန်သွယ်နေတယ်၊ ဒါကြောင့် မအားမလပ်ဖြစ်နေရတာ"

"ဟား . . . ငါ့လူက တကယ့်ကိုသူဌေးပေါက်စလေး ဖြစ်နေပြီပဲ၊ ကောင်းတယ် ကြိုးစား။ သူဌေးကြီးတစ်ဦးဖြစ်အောင် ကြိုးစား။ ဒါပေမဲ့ တစ်ခုတော့မှာချင်တယ်၊ ဉာဏ်မှာအာဇ၀နည်းနဲ့ ကုန်ရောင်းကုန်ဝယ်လုပ်ပြီး စီးပွားရှာ။ မကောင်းတဲ့အကုသိုလ်နဲ့ တော့ စီးပွားမရှာနဲ့။ လောဘဇောတိုက်ပြီး အကုသိုလ်အလုပ်နဲ့ ီးပွားရှာလို့ကတော့ ဒီဘဝမှာ ချမ်းသာချင်ချမ်းသာမယ်၊ နောက် ဘဝကျရင်တော့ ဒယ်အိုးပဲမှတ်"

"စိတ်ချပါ အာစရိရဲ့၊ ကျွန်တော် မကောင်းမှု ဘယ် တော့မှ မလုပ်ပါဘူး၊ အခုကုန်သွယ်နေတာလည်း မြန်မာ့လက်မှု နုပညာထုတ်ကုန်တွေ တင်ပို့ပြီး လူသုံးကုန်ပစ္စည်းတွေ ပြန်သွင်း နေတာပါ။ လျှာပေါ်မြက်ပေါက်ပါစေ အကုသိုလ်အလုပ် မလုပ်ပါ ဘူး"

"သာဓုပါဗျာ . . . သာဓု သာဓု။ ဒါထက် . . . မောင်ရင် ခု ကျုပ်ဆီလာတာ သတိရယုံသက်သက်နဲ့တော့ မဟုတ်နိုင် ဘူး၊ ကိစ္စတစ်ခုခုတော့ ရှိပုံရတယ်၊ ဆိုစမ်းပါဦး ဘာကိစ္စများ



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသလဲ''

ထိုအခါ လူရဲက မလုံမလဲပုံစံဖြင့် ပြုံးလိုက်ပြီး -

''အဟဲ ... အာစရိ အပြစ်တင်ရင်လည်း ခံရမှာပါပဲ၊ ဒီလိုအာစရိရဲ့၊ ကျွန်တော် အိမ်ထောင်ပြုတော့မလို့''

''ဩော် ... မင်္ဂလာကိစ္စကိုး။ ကောင်းပါလေ့ဗျာ၊ မောင်ရင်က ဘွဲ့ဒီဂရီလည်းရ၊ မိဘတွေရဲ့အမွေအနှစ်တွေလည်းရ၊ မိန်းမရဖို့ပဲလိုတော့တယ်၊ မြန်မြန်သာ အာဝါဟဝိဝါဟတော့ဗျို့''

''အဲ အဲ ... ဒါပေမဲ့ နေပါဦး။ ကျုပ်လိုလူပျိုကြီးကို မိန်းမယူဖို့ကိစ္စ လာတိုင်ပင်တာတော့ ငွနည်းနည်းကျနေသလိုပဲ''

''ဟား ဟား ဟား ... အာစရိကတော့လုပ်ပြီ။ မိန်းမယူဖို့ကိစ္စက တိုင်ပင်စရာမလိုတော့ဘူး။ ကျွန်တော်တို့ချင်း ချစ်တယ်၊ သူ့မိဘတွေကလည်း သဘောတူတယ်၊ ကျွန်တော်ကလည်း တစ်ကောင်ကြွက်ဆိုတော့ ဘာမှအထူးပြောစရာမရှိဘူး၊ အာစရိနဲ့ တိုင်ပင်ဖို့လာတာက ကျွန်တော်မိန်းမယူပြီးရင် အေးအေးဆေးဆေး ကျယ်ကျယ်ဝန်းဝန်းနဲ့ နေထိုင်ဖို့ အိမ်နဲ့ခြံ





ဝယ်မယ့်ကိစ္စ တိုင်ပင်ရအောင် လာတာဗျ''

''အမယ်လေး ... ဒါရော တိုင်ပင်စရာလား၊ မောင်ရင်က သူဌေးလေးဖြစ်နေမှပဲ ဝယ်စရာရှိဝယ်ပေါ့၊ ငွေရှိနေမှပဲ၊ ကြိုက်ရာ အိမ်ခြံတိုက်တာကို ခေါင်းခေါက်ရွေးဝယ်လို့ ရပါ့ဗျာ''

''ဒီလိုအာစရိရဲ့ ... ကျွန်တော်အခုဝယ်မယ့်အိမ်နဲ့ခြံက အတော့်ကို ဈေးတော်နေတာဗျ။ ခြံကြီးကလည်း အကျယ်ကြီး၊ အိမ်ကတော့ ရှေးဆန်ဆန် မဟာဆန်ဆန် နန်းဆန်ဆန်ပဲဗျ''

''ဟုတ်လား ... ဘယ်ကအိမ်လဲ။ ခုနစ်မိုင် ရှစ်မိုင်ဘက်ကလား''

''သဃ်န်းကျွန်းဘက်ကဗျ''

''ဘာ ... ဘယ် ဘယ်လို၊ သဃ်န်းကျွန်းဘက်က ဟုတ်လား''

''ဟုတ်တယ် အာစရိရဲ့၊ သဃ်န်းကျွန်းဘက်က ရွှေနားနန်းဘုရားနားမှာဗျ။ ခြံကြီးက တစ်ဧကလောက်ကျယ်တယ်၊ အိမ်ကြီးကတော့ အုတ်ပတ်ကားတက် နှစ်ထပ်ပျဉ်ထောင် နှစ်ဆောင်ပြိုင်အိမ်ကြီးဗျ။ ခြံထဲမှာ ရေတွင်းလည်းပါတယ်၊ သီးပင်စားပင်လည်းစုံတယ်၊ အိမ်ကြီးက စုလစ်မွန်းချွန်တွေနဲ့ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



မှ မြန်မာဆန် နန်းဆန်တယ်ဗျ၊ ဘာတဲ့ အဲဒီအိမ်ကြီးရဲ့နာမည်က လည်း အဆန်းပါ။ ဘာတဲ့ အတိမန္တစံအိမ်တဲ့ဗျ''

''မြတ်စွာဘုရား''

ကျွန်ုပ်မှာ အံ့ဩလွန်းသဖြင့် ထပင်ခုန်မိမတတ် ဖြစ်သွားလေသည်။

''မောင် . . . မောင်ရင်က အဲဒီအိမ်ကြီးကို သွားကြည့်ပြီး ပြီလား၊ ပြီးတော့ ဘယ်လိုကဘယ်လို ဆက်စပ်မိပြီး အဲဒီ အိမ်ကြီးကို ဝယ်ဖို့ ဖြစ်လာရတာလဲ''

''ပွဲစားတစ်ယောက်ဆီက သတင်းရတာဗျ၊ အဲဒီပွဲစား ကိုအောင်သန်းဦးပဲ အိမ်ကိုလိုက်ပြပေးခဲ့တာ၊ ဈေးကအတော် ချောင်တယ်၊ အိမ်ရောခြံပါမှ ရှစ်သောင်းတည်းနဲ့ ရောင်းမှာတဲ့''

''သြော် . . . ဒါဆို မောင်ရင်က အဲဒီအိမ်ကြီးကို သွား ကြည့်ပြီးပြီပေါ့''

''ဟုတ်ကဲ့''

''သဘောရော ကျသလား''

''လွတ်သဘောကျတယ်ဗျာ၊ ဒါပေမဲ့ . . . အဲဒီအိမ်နဲ့ ခြံက သရဲခြောက်တတ်တယ်လို့ အဲဒီနားတစ်ဝိုက်မှာ နာမည်ကြီး





နေတယ်ဗျ''

ကျွန်ုပ်မှာ အတိမန္တစံအိမ်ကြီးကို သူဌေးလေးလူရဲ ဝယ် မည်ဆို၍ မိတ်ဆွေကြီးကိုသိန်းမြင့်အတွက် လွန်စွာရင်အေးသွားရ ပါတော့၏။ ဝမ်းသာသွားရပါတော့၏။ သို့သော် တစ်ဖက်က ဝမ်းသာရသလို ကျွန်ုပ်ကို ယုံကြည်လေးစားချစ်ခင်ရှာသည့် မိတ်ဆွေလေး လူရဲ အိမ်ကြီးဝယ်ပြီးမှ ဒုက္ခလှလှတွေ့ရမည့်အရေး အတွက် စိတ်ပူပင်ကာ သောကရောက်လျက် ရှိပါတော့၏။

နောက်ဆုံးဝယ် ကျွန်ုပ်သည် အတိမန္တစံအိမ်ကြီးနှင့် ပတ်သက်ပြီး သိထားသမျှကို ဖုံးဖိထားပါက လူရဲအပေါ် မိတ်ဆွေ ကောင်းမပီသရာရောက်မှာစိုးသဖြင့် ဖွင့်ပြောပြလိုက်ရတော့၏။

လူရဲသည် ကျွန်ုပ်၏စကားကို ဆုံးသည်အထိ တည်ငြိမ် စွာနားထောင်ပြီးနောက် ခပ်ပြုံးပြုံးမျက်နှာဖြင့် ခေါင်းညိတ်လေ ၏။

''သြော် . . . တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ဝယ်မယ့် အိမ်က အာစရိတို့နဲ့ နွယ်နေတာကိုး''

''ဟုတ်တယ် လူရဲ၊ အဲဒီအကြောင်းတွေ ကျုပ်သိထား ပါလျက်နဲ့ မောင်ရင့်ကို မပြောပြဘူးဆိုရင် ကျုပ်ဟာ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း မဟုတ်တော့ဘူး။ ဒါကြောင့် ဖွင့်ပြောပြရတာပါ''

''ကောင်းတာပေါ့ အာစရိရယ်။ အဲဒီစံအိမ်ကြီးကို ကျွန်တော်ဝယ်လိုက်ရင် အာစရိရဲ့မိတ်ဆွေကို ကူညီရာလည်း ရောက်တာပေါ့။ သူ့ခမျာ အသက်ဘေးအတွက် စိုးရိမ်နေရတယ် မဟုတ်လား''

''ဟုတ်တော့ ဟုတ်ပါတယ် လူရဲ၊ ဒါပေမဲ့ ... အဲဒီ စံအိမ်ကြီးကို ဝယ်ဖို့ မောင်ရင့်ကို မတိုက်တွန်းလိုပါဘူး၊ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မှ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်းဆိုတာလို ကိုသိန်းမြင့် ကောင်း ဖို့အတွက် မောင်ရင် ဒုက္ခရောက်တာမျိုး မဖြစ်စေချင်ဘူး''

''ကျွန်တော့်အတွက်တော့ မပူပါနဲ့ အာစရိရဲ့၊ ကျွန်တော် က သရဲတစ္ဆေကို မြင်ဖူးချင်နေတာ၊ အဲဒီအတွေ့အကြုံ ကျွန်တော့် မှာ မရှိဘူး၊ သူများပြောတာပဲ ကြားဖူးနေတာ။ ခု အာစရိကိုယ် တိုင် ကြုံရတယ်ဆိုတော့ ကျွန်တော် စိတ်ဝင်စားသွားပြီ။ အစကတော့ အဲဒီအိမ်ကြီးကို ဝယ်သင့်မဝယ်သင့် အာစရိကို လာတိုင်ပင်တာ၊ ခုတော့ ဝယ်ဖြစ်ဖို့ သေချာသွားပြီ''

ကျွန်ုပ်သည် သက်မကြီးချလိုက်ပြီးနောက် ကျွန်ုပ်၏





အင်္ကျီအိတ်ကပ်ထဲမှ လိပ်ပြာချုပ်ကြေးအင်းပြားလေးကို ထုတ်ယူ တာ လူရဲအား ပေးအပ်လိုက်လေသည်။

''ပရလောကသားတွေကိုယ့်ကိုအန္တရာယ်ပြုခြောက်လှန့် တဲ့အခါ လိပ်ပြာလွင့်မသွားစေမယ့် အင်းတဲ့ လူရဲရဲ့၊ အိုးနင်း ထုတ်နင်း ဘိုးသူတော်ကြီး ခဏပေးသွားတာ၊ မောင်ရင် အဲဒီ အိမ်ကြီးဆီသွားတိုင်း အဲဒီကြေးအင်းပြားလေးကို ဆောင်သွား။ သူ့ကို အသုံးပြုနိုင်တဲ့ အခြားနည်းတွေ အများကြီးရှိသေးသတဲ့။ အဲဒီနည်းတွေတော့ ပြောမပြသွားဘူး''

လူရဲသည် ကျွန်ုပ်ထံမှ အင်းပြားလေးကိုယူပြီး ခဏ ခကြာဝယ် ပြန်သွားလေသည်။

''အင်း ... ဘာပဲဖြစ်ဖြစ် ကိုသိန်းမြင့်တော့ ဦးဖေ အောင်ရဲ့ရန်က လွတ်တဲ့အပြင် ငွေနှစ်သောင်းကြီးများတောင် ဦးတော့မှာပါလား။ ကောင်းပါလေ့ဗျာ၊ ကောင်းပါလေ့''

❋



www.burmeseclassic.com

www.burmeseclassic.com

လူရဲသည် အကာယ်ပင် အတိမန္တစံအိမ်ကြီးကို ငွေခုနစ်

သောင်းဖြင့် ဝယ်ဖြစ်ခဲ့လေသည်။

ဦးဖေအောင်က သူ၏ကတိအတိုင်း ကိုသိန်းမြင့် (ခေါ်

ဗေဒကာဝီဆရာစိုးလင်းထွဋ်အား ငွေတစ်သောင်းခွဲထပ်ပေးလေ

သည်။

အနိစ်စံအိမ်ကြီးကို ဝယ်ယူပြီးနောက် လူရဲက ကျွန်ုပ်နှ

တိုင်ပင်ကာ အတိမန္တစံအိမ်ဟူသော အမည်မှ သိင်္ဂါရစံအိ

ဟူသောအမည်သို့ ပြောင်းလိုက်လေ၏။





လူရဲ ထိုစံအိမ်ကြီးကိုဝယ်ပြီးနောက် ကျွန်ုပ်သည် သူနှင့်အတူ ထိုစံအိမ်ကြီးဆီ တစ်ခေါက်တော့ လိုက်သွားဖြစ်ခဲ့သေးသည်။

"ကျွန်တော်နဲ့လက်ထပ်မယ့် ယမင်းစုလှိုင်က ဘိလပ်ကို ပညာတော်သင်သွားနေတယ် အာစရိရဲ့၊ သူ့အဖေက ကျွန်တော့်ကုမ္ပဏီမှာ ရှယ်ယာတော်တော်များများ ထည့်ဝင်ထားတယ်လေ၊ သူ့အဖေ သဘောတူတဲ့အတွက် ကျွန်တော် ယမင်းစုလှိုင်ကို လက်ထပ်ယူမှာပါ။ ကျွန်တော်တို့ချင်းက သူ ဘိလပ်မသွားခင်ကတည်းက တွေ့ဆုံရင်းနှီးပြီး ချစ်ခဲ့ကြတာ၊ ကောင်မလေးက တော်လည်း တော်တယ်၊ လှလည်း လှတယ်၊ ဒါကြောင့် ... ကျွန်တော်လည်း လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်တာပဲ ...၊

သူပြန်လာဖို့ နှစ်လဲလောက်ပဲလိုတော့တယ်၊ သူ ပြန်လာပြီးတာနဲ့ လက်ထပ်ကြမယ်၊ သူနဲ့လက်ထပ်ပြီး အေးအေးသူလူနေဖို့ အိမ်ရှာရာက သိင်္ဂါရစံအိမ်ကြီးကို ဝယ်ဖြစ်ခဲ့တာပါပဲ၊ စံအိမ်ကြီးကိုတော့ သေသေချာချာပြုပြင်မွမ်းမံရဦးမယ်"

နောက်သုံးလခန့်အကြာတွင် သိင်္ဂါရစံအိမ်ကြီးမှာပင် သူရဲနှင့် ယမင်းစုလှိုင်တို့၏ မင်္ဂလာဧည့်ခံပွဲကို ခမ်းနားစွာ



www.burmeseclassic.com


www.burmeseclassic.com



ကျင်းပခဲ့ပါ၏။

ယင်းသို့လက်ထပ်ပြီးနောက် ထိုစံအိမ်ကြီးတွင် နေထိုင်ကြရစဉ် လွန်စွာထူးခြားဆန်းကြယ်ပြီး ထိတ်လန့်ချောက်ချားဖွယ်ရာ ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရရာ လူ့ရဲ ပြန်ပြောပြသည့် ထိုဖြစ်ရပ်ဆန်းများကို ကျွန်ုပ်က စာရှုသူတို့အား ပြန်လည်ဖော်သည်ချတင်ပြလိုက်ရပါကြောင်း။

❋ ❋ ❋



## အခန်း (၂)

သံသယလိပ်ပြာ

ဝိညာဉ်၏ကြိမ်းဝါးသံ

တမလွန်မှ သတို့သမီးလောင်းလျာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## သံသယလိပ်ပြာ

လူရဲသည် သိင်္ဂါရစံအိမ်ဟူ၍ နာမည်ကမ္ဘည်းအသစ်တပ်ထားသော စံအိမ်ကြီးကို ပန်းရံဆရာများ၊ လက်သမားဆရာများနှင့် နှစ်လကျော်ကျော်ခန့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့ရာယင်းသို့ အိမ်ပြုပြင်သည့်ကာလတစ်လျှောက်လုံး ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ခဲ့ရချေ။

သို့သော် ပန်းရံဆရာများ၊ လက်သမားများ အလုပ်လုပ်နေကြစဉ် သူတို့ကိုလိုအပ်သမျှ ညွှန်ကြားပြောဆိုရင်း စံအိမ်ကြီးထဲ၌ ရှိနေသည့်အခိုက် သူ့ကို တစ်စုံတစ်ဦးက တစ်နေရာရာမှ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေသည်ဟု လူရဲမှာ မကြာခဏစိတ်ဝယ်ခံစားမိရ၏။

"အင်း ...ငါ စိတ်ထင်လို့ဖြစ်မှာပါ"

သူသည်ကား လောကဓာတ်ခေတ်ပညာတတ်တစ်ဦးပီပီ ခေတ်နောက်ပြန်ဆွဲသည့် ပရလောက၊ နာနာဘာဝတို့နှင့် ပတ်သက်၍ အယူအစွဲမရှိလှပေရာ ထိုအရာတို့သည် လောက၌ အမှန်တကယ်ရှိချင်မှရှိမည်ဖြစ်ပြီး လူတို့မှာ မိမိ၏ထင်မြင်ချင်တို့ဖြင့် ကိုယ့်စိတ်ကကိုယ့်ကို ပြန်ခြောက်နေကြခြင်းသာ ဖြစ်နိုင်သည်ဟု တွေးဆထားသူဖြစ်၏။

"ဒါတွေကို ငါက သိပ်အယုံအကြည်ရှိတာ မဟုတ်ဘူး လက်တွေ့မကြုံရမချင်း တထစ်ချလက်ခံဖို့ခက်တယ်"

"ဒီစံအိမ်ကြီးထဲမှာ အမှောင့်ပယောဂတွေရှိနေတယ် ဆိုတာတောင် အစ်ကို့လို ဆရာသမားလို လေးစားရတဲ့ အာစရိ ကိုယ်တိုင်ပြောလို့သာ လက်ခံရမလို ဖြစ်နေတာ၊ ကိုယ်တွေ့ မကြုံဘဲနဲ့တော့ လက်ခံဖို့ ခက်လှတယ်"

သို့သော် ...သူက သူ့ကဲ့သို့ပင် လောကဓာတ်ခေတ် ပညာတတ်တစ်ဦး ဖြစ်သည့်အပြင် ပူပူနွေးနွေး ဘီလပ်မှ ဘွဲ့လွန် ဒီဂရီယူပြီး ပြန်ရောက်လာသည့် ဖနီးလောင်းလေး ယမင်းစုလှိုင်





အား ဤစံအိမ်ကြီး၏အကြောင်းကို ပြောပြထားဖို့ ဆုံးဖြတ်ခဲ့လေသည်။

သို့ဖြင့် လက်ထပ်မင်္ဂလာညည်ခံပွဲမကျင်းပမီ နှစ်ရက်အလိုမှာပင် ယမင်းစုလှိုင်ကို ပြောပြလိုက်လေ၏။

သူက သူ၏ဆရာသမားဖြစ်သူ ဂမ္ဘီရစာရေးဆရာ အဂ္ဂဝဏ္ဏ ကြုံတွေ့သိရှိခဲ့ရသည်များအပြင် သူကိုယ်တိုင် စူးစမ်းလေ့လာသိရှိထားသည်တို့ကိုပါ ယမင်းစုလှိုင်အား ပြောပြလိုက်၏။

"ကိုယ်က အိမ်စောင့်အဘိုးကြီးဘဘိုးဖြူကို ထောက်ပံ့ကြေး အပြတ်ပေးလိုက်ပြီ။ သူသိမ်းထားတဲ့သော့အားလုံးကို တောင်းယူခဲ့တယ် ယမင်းရဲ့ ...

ဘဘိုးဖြူက အတိမန္တစံအိမ်အကြောင်းကို ကောင်းကောင်းသိထားပေမယ့် သူက ဆွံ့အ,နေတဲ့အပြင် စာလည်း မတတ်တော့ စံအိမ်ကြီးရဲ့နောက်ကြောင်းရာဇဝင်ကို ပြောမပြနိုင်ဘူးလေ ...၊

ဒါပေမဲ့ ...ဘဘိုးဖြူနဲ့အတူ ဘုန်းကြီးကျောင်းမှာ အတူနေတဲ့ ကပ္ပိယကြီးဦးပုပွားလို့ခေါ်တဲ့ ဦးတင်ဦးကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဘိုးဖြူနဲ့ အနေကြာတဲ့အတွက် ဘဘိုးဖြူ့ ခြေဟန်လက်ဟန်နဲ့ ပြောသမျှရဲ့ ကိုးဆယ်ရာခိုင်နှုန်းကျော်ကျော်ကို နားလည်တယ်၊ ဒါကြောင့် ကပ္ပိယကြီး ဦးပုပ္ပားကတစ်ဆင့်ပဲ စုံစမ်းမေးမြန်းရ တော့တာပေါ့၊ တချို့အချက်အလက်တွေကိုတော့ ကျောင်းထိုင် ဆရာတော်ကြီး ဦးသီလဆီက သိခဲ့ရတယ် ...၊

"အဲဒီလို စုံစမ်းမေးမြန်းလို့ သိရသလောက်ဆိုရင် စံအိမ် ကြီးရဲ့ မူလပိုင်ရှင်လင်မယားဆီက အမွေဆက်ခံခဲ့တဲ့ ဦးဂုဏ္ဍာန် ဟာ ဆေးဝါးမန္တယားအတတ် အတော်ကျွမ်းကျင်တဲ့ အထက် ဆရာလိုလို၊ အောက်လမ်းဆရာလိုလို လူမျိုးလို့သိရတယ်၊ သူက အဲဒီစံအိမ်ကြီးထဲမှာ တစ်ယောက်တည်းနေပြီး ဆေးဝါးမန္တန်တွေ စီရင်လေ့ရှိတယ်လို့သိရတယ်၊ အဲဒီ ဦးဂုဏ္ဍန်ကပဲ စံအိမ်ကြီးရဲ့ မူလနာမည် ရတနာသိမ်ကနေ အတိမန္တဆိုပြီး ပြောင်းခဲ့တာကို သိရတယ် ...၊

အဲဒီ ဦးဂုဏ္ဍာန်ဟာ တစ်နေ့မှာတော့ ဘယ်ထွက်လို့ ထွက်သွားမှန်းမသိဘဲ ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားတယ် တဲ့ ယမင်းရဲ့၊ အဲဒီလို ဦးဂုဏ္ဍာန်ပျောက်ဆုံးသွားပြီးတဲ့နောက် စံအိမ်ကြီးဟာ ပိုင်ရှင်မဲ့အဖြစ် နှစ်နှစ်လောက် ဒီအတိုင်း ရှိနေခဲ့





တယ်တဲ့။ နောက်မှ ဦးဂုဏ္ဍာန်ရဲ့တူဝမ်းကွဲတော်တယ်ဆိုတဲ့ တာတီး လို့ခေါ်တဲ့ ကိုစိုးဝင်းဆိုတဲ့သူ ရောက်လာပြီး အိမ်ကြီးကိုနည်းနည်း ပါးပါး မွမ်းမံ၊ ခြံတွေဘာတွေရှင်းပြီး လူငှားထားတဲ့အခါ အင်္ဂလိပ် စစ်တပ်ကို ရိက္ခာပို့ရတဲ့ ဘိုကပြားတစ်ဦးကို ငှားလိုက်တယ်တဲ့။ တာတီးကတော့ ဘဘိုးဖြူနဲ့အတူ ဘုန်းကြီးကျောင်းမှာ လာကပ် နေခဲ့တယ်တဲ့။ ဒါပေမဲ့ သူက ဘုန်းတော်ကြီးကျောင်းမှာ တစ်နေ ကုန်နေတာမဟုတ်ဘူး။ ရပ်ရွာထဲ လျှောက်သွားပြီး တစ်နေကုန် ကြက်တိုက်၊ ဖဲရိုက်မူးရူးနေပြီး ညသန်းခေါင်ယံလောက်ကျမှ ကျောင်းဆီပြန်လာတာတဲ့ ...၊

သူ ကျောင်းဆီပြန်ရောက်လာတဲ့အချိန်က ညကြီးမိုး ချုပ် သန်းခေါင်ယံမို့ ကျောင်းက ဆရာတော် သံဃာတော်တွေ အားလုံး ကျိန်းနေပြီဖြစ်လို့ တာတီးကျောင်းဝင်းထဲပြန်ဝင်လာတာ ကို ဘယ်သူမှ သတိမထားမိကြဘူးတဲ့။ သူက ကျောင်းမှာ ည ပြန်အိပ်ပြီး မိုးလင်းတာနဲ့ ကျောင်းကနေပြန်ထွက်သွားတော့ ဆရာတော်လည်း နောက်ပိုင်းမှာ သူ့ကို ဂရုကိုမထားမိတော့ဘူး တဲ့ ...၊

တာတီး ငှားလိုက်တဲ့ဘိုကပြား ဂျွန်တို့မိသားစုမှာ ဂျိန်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ သူ့မိန်းမရယ်၊ သူ့ညီမ ရှယ်လီရယ်၊ သူ့ရဲ့သားလေးရယ်၊ သူ့မိန်းမရဲ့မောင် ဒေးဗစ်ဆိုတဲ့ ကောင်လေးရယ်။ အားလုံး မိသားစု ငါးယောက်တဲ့ ယမင်းရဲ့ . . .၊

အဲဒီ ဘိုကပြားမိသားစုဟာ တစ်ညမှာ အားလုံး သွေး သံရဲရဲနဲ့ အသတ်ခံခဲ့ကြရတယ်၊ အဲဒီလို အသတ်ခံကြရပြီး သူတို့ မိသားစုပိုင် ရွှေငွေရတနာ လက်ဝတ်လက်စားတွေ လုယူခံလိုက် ရတယ်။ အဲဒီညက မိုးလယ်ကာလဆိုတော့ မိုးတွေခြိမ်းပြီး မိုး တအားသည်းနေတဲ့ညမို့ သူတို့မိသားစု အသတ်ခံရတာကို ပတ် ဝန်းကျင်က ဘယ်သူမှ မသိလိုက်ကြရဘူး၊ ခြံဝင်းကြီးကလည်း ကျယ်တော့ အော်သံဟစ်သံ ထွက်ပေါ်ရင်လည်း မိုးသံလေသံနဲ့ ဝန်းကျင်က ဘယ်သူမှကြားမှာ မဟုတ်ဘူးလေ . . .၊

အဲဒီငါးလောင်းပြိုင်လူသတ်မှုကို ပုလိပ်ဘက်က လုံးဝ မဖော်ထုတ်နိုင်ခဲ့ဘူး၊ အဲဒီနောက် တစ်နှစ်လောက် စံအိမ်ကြီးမှာ လူသူမနေဘူး၊ အဲဒီအချိန်ကစပြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ အတိမန္တစံအိမ်ကြီးမှာ သရဲခြောက်တယ်၊ အစိမ်းသေသေခဲ့ရတဲ့ ဘိုကပြားမိသားစုက ခြောက်လှန့်နေတယ်လို့ သတင်းထွက်ပေါ် လာသတဲ့ ယမင်းရဲ့ . . .၊





"အဲဒီအချိန်မှာပဲ ဦးဂုမ္ဘာန် ပြန်ရောက်လာပြီး ဒီအိမ် ကြီးမှာ နေသေးတယ်တဲ့၊ ဒါပေမဲ့ သုံးလေးလလောက်ပဲနေပြီး သရဲခြောက်လို့လားမသိဘူး ရူးသလိုလိုဖြစ်ပြီး ထွက်ပြေးသွား တယ်တဲ့ . . .၊

နောက်တော့ အိမ်ငှားသုံးဦးလောက် လာငှားရမ်းနေကြ ပြီး အိမ်ငှားစာချုပ်သက်တမ်းမကုန်မီမှာဘဲ ပြောင်းပြေးကြတယ် တဲ့ . . .၊

အဲဒီနောက် ဘယ်သူမှ အိမ်လာမငှားတော့တာနဲ့။ ဆိုင်ပြတ်လာတဲ့တာတီးဟာ အကြံကုန် ဂျုန်သားချက်ဆိုတာလို အိမ်ကိုပေါင်စားရတဲ့ဘဝ ရောက်ရတော့တာပဲတဲ့ ယမင်းရေ"

ပြောရင်း လှူရဲက "သိဂ်ီရ" စံအိမ်ကြီးကို မျက်လုံးဝေ့ ကြည့်လိုက်သည်။

"ကိုယ်က ဒီအိမ်ကြီးကို သဘောကျတယ်၊ ခြံကျယ် ကျယ်နဲ့ သီးပင်စားပင် စုံစုံလင်လင်နဲ့မို့ ပိုသဘောကျတယ်၊ တော့ ဈေးကလည်း အတော်ချိုတော့ ဝယ်လိုက်ဖြစ်တယ်ပဲ ပါတော့"

ခြံရှင်းသူက ရှင်း၊ အိမ်ကြီးကို ပြုပြင်သူက ပြုပြင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များနေကြသည့် အလုပ်သမားများဆီ လှမ်းကြည့်ရင်း သူက ဆက်ပြောသည်။

"အခုဆို ခြံထဲက မြက်ရိုင်းတွေနဲ့ ချုံတွေ အတော်ရှင်းသွားပြီ။ ဝရန်တာပေါ် တွယ်တက်နေတဲ့ ပန်းရုံတွေ နွယ်တွေကိုပါ ရှင်းလိုက်တော့ အိမ်ကြီးက ရှင်းရှင်းလင်းလင်းနဲ့ အတော်ကြည့် လို့ကောင်းသွားပြီနော် ယမင်း"

ယမင်းစုလှိုင်က ခြံဝင်းကြီးနှင့်စံအိမ်ကြီးကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး နှစ်ခြိုက်စွာပြုံးလိုက်သည်။

"ဟုတ်တယ်နော်၊ ကိုယ် အရင်က ရှုပ်ထွေးနေတဲ့ ခြံ ကြီးလည်းရှင်းသွားပြီ။ ဒီအိမ်ရှေ့ခြံဝင်းထဲမှာ ပန်းပင်လေးတွေ စိုက်လိုက်ရင် တအားလှသွားမှာပဲ၊ အိမ်ကြီးကိုလည်း ပြတင်း တံခါးရွက်တွေ ပြန်ပြုပြင်ပြီး တံခါးပေါင်တွေကို ဆေးဖြူသုတ် လိုက်တော့ ထင်းခနဲ ပေါ်လာတယ်၊ ဟောဒီစွယ်တော်ရုံဘေးနား မှာ ဒန်းလေးတစ်ခုလုပ်ရမယ်"

ဤစံအိမ်ကြီး၏အရှင်သခင်မ ဖြစ်လာတော့မည့် ယမင်း စုလှိုင်ကလည်း ခြံဝင်းအနှံ့ လှည့်ပတ်ကြည့်ရင်း အကြံပေးသည်။ သူမက "အတိမန္တ" စံအိမ်ကြီးအဖြစ် သတင်းဆိုးခဲ့သည်တို့ကို





အတိတ်ကာလမှာပင် ထားရစ်ခဲ့ပြီး ဤစံအိမ်ကြီးကို အနာဂတ် ဝယ် "သိင်္ဂါရ" စံအိမ်ကြီးအဖြစ် လှပကျက်သရေရှိစွာ တည်ရှိ စေလိုသောဆန္ဒ ပြင်းပြလျက် ရှိလေ၏။

သူမ စေညွှန်းသမျှကိုလည်း လွှရဲကအလုပ်သမား၊ လက်သမားတို့ကို ခိုင်းစေလုပ်ကိုင်စေလျက် အရာရာ သူမ၏ ဆန္ဒအတိုင်း ဖြစ်စေခဲ့သည်။

သို့ဖြင့် ခြံဝင်းကြီးကို စိတ်တိုင်းကျ ရှင်းလင်းပြုပြင်ကာ စံအိမ်ကြီးကိုလည်း အိမ်တွင်းရော အိမ်အပြင်ပါ လှပတင့်တယ် စေခဲ့ပြီ။

အမှန်တော့ အိမ်အပြင်ပန်းထက် အိမ်အတွင်းပိုင်းပြုပြင် မွမ်းမံရသည်က ပိုမိုခက်ခဲလှသည်။

အပေါ်ထပ် အောက်ထပ်နှင့် ကျွန်းလှေကားထစ်များပေါ် ခင်းထားသည့် ကော်ဇောဟောင်းများနေရာ၌ အသစ်ပြန်ခင်းရ ၏။

ထုထည်ကြီးမားခံ့ညားလှသည့် ကျွန်းဆက်တီခုံကြီးများ ကိုမူ မပစ်ပယ်ရက်သဖြင့် ကော်ပတ်ပြန်စား ပေါလစ်ပြန်တင်စေ ရသည်။

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းလိုက်ကာတို့နှင့် ခန်းဆီးစများကိုမူ ယမင်းစုလှိုင်အကြိုက် အဆင်အသွေးရရှိရန် ရန်ကုန်မြို့ထဲရှိ ရိုးကုန်တိုက်မှာ စိတ်ကြိုက်သွားရောက်ရွေးချယ် ဝယ်ယူခဲ့ကြ၏။

အပေါ်ထပ်မှ အိမ်ဦးခန်းဝယ် မှန်စီရွှေချ ဘုရားကျောင်းဆောင်ပလ္လင်၊ တံကဲ၊ ရုပ်ပွားတော်တို့ ဝယ်ယူထားရှိပူဇော်ပြီးဖြစ်သည်။

အိမ်ပေါ်ထပ်ရှိ အိပ်ခန်းမကြီးထဲမှ ရောမကျွန်းခုတင်ကြီးကို ပေါလစ်ပြန်တင်ကာ အိပ်ရာခန်းနားအသစ်စက်စက်ဝယ်ယူခင်းကျင်း ပြင်ဆင်ပြီးဖြစ်၏။

သော့ခတ်ပိတ်ထားသည့် အောက်ထပ်ရှိအခန်းသုံးခန်းကို ဖွင့်ကာ ရှင်းလင်းတော့လည်း ထူးထူးခြားခြား မတွေ့ရဘဲ အခန်းတစ်ခန်းထဲ၌ ပန်းချီကားအဟောင်းများ၊ ဓာတ်ပုံအဟောင်းများနှင့် အဝတ်အစားဟောင်းများ ထည့်ထားသည့် ဗီရိုနှစ်လုံးကိုသာ တွေ့ရလေသည်။

သို့သော် ပန်းချီကားများမှာ ဥရောပတိုက်မှ ရှုခင်းအချို့ကို ရေးဆွဲထားသည့် ပန်းချီကားများဖြစ်ပြီး လက်ရာကလည်း ဥရောပတိုက်မှ ပန်းချီဆရာတို့၏ လက်ရာများဖြစ်ကြောင်း





ထူးခြားစွာ တွေ့ရလေ၏။

"အင်း . . . ဒီပန်းချီကားတွေဟာ ဒီအိမ်ကြီးမှာ ငှားနေဖူးပြီး ခားပြတွေရဲ့လက်ချက်ကြောင့် သေဆုံးသွားရတဲ့ ဘိုကပြားမိသားစုပိုင်တဲ့ ပန်းချီကားတွေပဲ ဖြစ်ရမယ်"

ဓာတ်ပုံများမှာ အဖြူအမည်းဓာတ်ပုံများဖြစ်ကြပြီး ဥရောပသား ကလေး၊ လူကြီး၊ ကျားမ ဆယ့်လေးယောက်၏ ပုံများဖြစ်ရာ ထိုဘိုကပြားမိသားစု၏ ဆွေမျိုးသားချင်းပုံများပါ ရောနှောပါဝင်နေဟန် ရှိသဖြင့် ဘိုကပြားမိသားစုဝင်တို့၏ ပုံကို ခွဲခြားမသိနိုင်ပါချေ။

သစ်သားဗီရိုကြီးနှစ်လုံးထဲမှ အဝတ်အစားဟောင်းများမှာလည်း အနောက်တိုင်းဝတ်စုံများသာဖြစ်ပြီး ဗီရိုတစ်လုံးထဲ၌ ယောကျ်ားအဝတ်အစားတို့ကို စုပုံထိုးကြိတ် ထည့်ထားကြောင်း တွေ့ရလေသည်။

နောက် ဗီရိုကြီးထဲတွင်မူ အမျိုးသမီးဝတ် ဂါဝန်မျိုးစုံ၊ ညအိပ်ဝတ်စုံမျိုးစုံအပြင် ထူးထူးခြားခြားအဖြစ် ဖြူဆွတ်ကာ အသစ်စက်စက်ဖြစ်ပုံရသည့် သတို့သမီးဝတ်စုံတစ်စုံကို တွေ့ရလေသည်။ ယင်းသတို့သမီးဝတ်စုံကို စက္ကူကတ်ထူဘူးပြား၌



www.burmeseclassic.com

www.burmeseclassic.com



တွင် ထည့်ထားပြီး လုံးထွေးနေသည့် အခြားဝတ်စုံတို့ကြား၌ တွေ့ရလေသည်။

ယင်းဗီရိုကြီး၏ အောက်ဆုံးထပ်တွင်မူ ယောကျ်ားကလေးတစ်ဦး၏ အဝတ်အစားတို့ကို လုံးထွေးလျက် တွေ့ရလေ၏။

နောက်အခန်းထဲတွင်မူ အင်္ဂလိပ်သမိုင်းစာအုပ်များ၊ ပထဝီဒေသန္တရဆိုင်ရာ မြေပုံစာအုပ်များနှင့် ဝတ္ထုစာအုပ်တို့ကို ကျွန်းသေတ္တာကြီးသုံးလုံးနှင့်အပြည့် တွေ့ရလေသည်။

ထိုစာအုပ်သေတ္တာသုံးလုံးအပြင် ခါတ်စက်ဟောင်းတစ်လုံးနှင့် စန္ဒရားအပျက်ကြီးတစ်လုံးတို့ကိုပါ တွေ့ရချေ၏။

နောက်ဆုံးအခန်းထဲတွင်မူ ထင်းရှူးသေတ္တာကြီးနှစ်လုံးနှင့်အပြည့် ကလေးကစားစရာ အရုပ်များ၊ ကားများ၊ ကော်သေနတ်များ စသည်တို့ကိုသာတွေ့ရချေသည်။

ထူးခြားသည်က အခန်းထောင့်ရှိ လေးထောင့်စားပွဲကြီးပေါ်တွင် ကုလားထိုင်အသီးသီးပေါ်တွင် ထိုင်နေကြသည့် လူတစ်စု၏ သစ်သားပန်းပုရုပ်လေးများကို တွေ့ရခြင်းပင်။

ထိုအရုပ်တို့မှာ စားပွဲပေါ်၌ ထိုင်လျက်တချို့၊ ပိုးလိုးပက်လက်လဲလျက် တချို့၊ ဖရိုဖရဲတည်ရှိနေကြလေသည်။

ဆေးရောင်စုံခြယ်ထားသည့် ယင်းအရုပ်တို့တွင် ဥရောပသားဆန်ဆန် ရုပ်သွင်မျိုးနှင့် ယောကျ်ားကြီးတစ်ဦး၊ လူလတ်ပိုင်းအရွယ် ယောကျ်ားပျိုတစ်ဦး၊ ဆံပင်ဖားလျားချထားသည့် ဂါဝန်ရှည်ဝတ် မိန်းမကြီးတစ်ဦး၊ ရွှေရောင်ဆံပင် ဂုတ်ဝဲလေးနှင့် ဂါဝန်ဖားဖားတိုတိုလေး ဝတ်ထားသော မိန်းမပျိုလေးတစ်ဦး ခပ်ငယ်ငယ်ယောကျ်ားလေးတစ်ဦးတို့၏ ရုပ်တုများဖြစ်ကြောင်း တွေ့ရလေ၏။

"အင်း . . . ဒီရုပ်တုတွေဟာ အဲဒီ ဘိုကပြားမိသားစုရဲ့ ရုပ်တုတွေပဲဖြစ်ရမယ်"

လူရဲက လဲကျနေသည့်ရုပ်တုလေးများကို ပြန်ထောင်ပေးလိုက်ကာ စားပွဲပေါ်မှာပင် မိသားစုဝိုင်းထိုင်နေသည့် အသွင်မျိုးဖြစ်အောင် ရုပ်တုလေးများကို မျက်နှာချင်းဆိုင်ဝိုင်းလျက် ချထားပေးလိုက်တော့၏။

အဆိုပါရုပ်တုလေးများအပြင် စားပွဲ၏ဘေး၌ လဲကျနေသည့် သစ်သားမြင်းရုပ်ကြီးတစ်ရုပ်ကိုပါ တွေ့ရလေသည်။

လူရဲက ရှေ့နောက် လှုပ်၍ရသော ထိုကလေးစီး သစ်







www.burmeseclassic.com

www.burmeseclassic.com



သားမြင်းရုပ်တုကို ထောင်ပေးလိုက်ပြီးလျှင် မြင်းရုပ်ကို လှူပ်ပေးလိုက်လေ၏။

ယင်းနောက် သူက ထိုအခန်းထဲမှ ထွက်ခဲ့ပြီး အဆိုပါအခန်းသုံးခန်းစလုံးကို သော့ခတ်ကာ ပြန်ပိတ်ထားလိုက်လေသည်။

"ဒီအခန်းတွေကိုတော့ မရှင်းနိုင်။ မပြုပြင်နိုင်းတော့ပါဘူး၊ ဒီအခန်းတွေကို အသုံးပြုစရာပေါ်မှပဲ ရှင်းနိုင်းတော့မယ်"

သို့ဖြင့် "သိဂါရ" စံအိမ်ကြီးနှင့် ခြံဝင်းကြီးကို ပြုပြင်ခြင်းပြီးဆုံးခဲ့လေရာ အိမ်သစ်တက်ပွဲအဖြစ် ဘုန်းတော်ကြီးငါးပါးပင့်ကာ ဆွမ်းကပ်ခြင်း၊ ဘုရားအနေကဇာတင်ခြင်းတို့ ပြုလုပ်လေသည်။ လူရဲသည် ထိုအိမ်သစ်တက်ပွဲသို့ သူ၏သူငယ်ချင်းမိတ်ဆွေများ၊ စီးပွားဖက်မိတ်ဆွေများ၊ သူ့ကုမ္ပဏီဝန်ထမ်းများနှင့် ဖနီးလောင်းလေး ယမင်းစုလှိုင်အပြင် သူ၏ဆရာသမားဖြစ်သော စာရေးဆရာအဂ္ဂဝဏ္ဏတို့ကို ဖိတ်ကြားခဲ့လေသည်။

ဆရာတော် သံဃာတော်တို့က ဘုရားအနေကဇာတင်ပေးကြပြီး ကမ္မဋ္ဌာန်းတရားများ၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပေးကြလေသည်။

ထို့နောက် ပရိတ်ရေနှင့် သဲတို့ကို ခြံကြီးနှင့်အိမ်ကြီးအနှံ့ဖျန်းပက်စေလေသည်။

ယင်းသို့ အိမ်သစ်တက်ပွဲပြုလုပ်ပြီးနောက် သူ၏ "သိဂါရ" စံအိမ်ဝင်းကြီးထဲမှာပင် မင်္ဂလာညည်ခံပွဲ ပြုလုပ်ရန်ပြင်ရဆင်ရပြန်၏။

လူရဲမှာ ကုမ္ပဏီလုပ်ငန်းများကို မြို့ထဲရှိ ကုမ္ပဏီရုံးခန်း၌ တစ်နေကုန်ပြုလုပ်ရပြီး ညနေပိုင်းတွင်မှ သူ၏ကာဒီလက်ကားကြီးဖြင့် "သိဂါရ" စံအိမ်ဝင်းဆီ ရောက်ရှိလာကာ အလုပ်သမားတို့ မင်္ဂလာညည်ခံပွဲအတွက် ပြင်ဆင်နေသည်တို့ကို ကြည့်ရှုစစ်ဆေးရလေသည်။

သို့ဖြင့် ပြင်ဆင်မှုများ ပြီးစီးသလောက်ဖြစ်လာသည့် တစ်ညနေတွင်မူ သူနေထိုင်ရာ ကုမ္ပဏီရုံးခန်းအပေါ်ထပ်ရှိ တိုက်ခန်းမှနေ၍ "သိဂါရ" စံအိမ်ကြီးဆီ အပြီးပြောင်းရွှေ့လာလိုက်တော့၏။

ထိုညနေက ခြံဝင်းထဲရှိ သစ်ပင်များ၊ ပန်းရုံများတွင် အလှဆင်ရောင်စုံမီးလုံးလေးများ သွယ်တန်းထားသည်တို့ကို သေ





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ချာစစ်ဆေးပြီး မီးစမ်းထွန်းကြည့်ခဲ့လေသည်။

အလုပ်သမားတို့ ပြန်သွားပြီးနောက် တစ်ယောက်တည်း ကျန်ခဲ့သည်တွင် မြေနီကုန်းဘက်မှ ဝယ်လာသည့် ပန်းသေး ခေါက်ဆွဲကို ညစာအဖြစ် စားပြီးလျှင် စံအိမ်ကြီးအပေါ်ထပ် အောက်ထပ်နှင့် ခြံဝင်းထဲ၌ တပ်ဆင်ထားသော ရောင်စုံမီးလုံး လေးတို့ကို အစမ်းထွန်းကြည့်ကာ လှပသည့်ရောင်စုံမီးလုံးလေး များကို ကြည့်ရင်း ပီတိဝေဖြာလျက်ရှိလေ၏။

သူနှင့်ယမင်းစုလှိုင်တို့က မင်္ဂလာညည်ခံပွဲရက်တွင် နံနက် ပိုင်း၌ ဆရာတော် သံဃာတော်တို့ကိုပင့်ဖိတ်ကာ မင်္ဂလာဆွမ်း ကျွေးပြီး ညနေပိုင်းတွင်မှ အနောက်တိုင်းဆန်ဆန် ညစာစားပွဲ ဖြင့် ညည်ခံရန် စီစဉ်ထားကြလေသည်။

ထို့ကြောင့်လည်း စံအိမ်ကြီးနှင့် ခြံဝင်းအနှံ့ ရောင်စုံ မီးလုံးလေးမျး ဆင်ထားခြင်းဖြစ်ပေသည်။

လူ့ရဲက အိမ်ရှေ့ခြံဝင်းထဲရှိ စွယ်တော်ရုံနံဘေး သစ်သားဒါန်းလေးပေါ်ထိုင်ရင်း မီးရောင်စုံလက်ဖြာနေသော ရောင်စုံမီးလုံးလေးများကို ပီတိဖြစ်စွာ အတန်ကြာ ငေးကြည့်နေ မိ၏။





ဆောင်းဦးကာလမို့ အေးတစိမ့်စိမ့်ရှိလှပြီး မိုးတိမ်မြူ ကင်းစင်နေသည့် ညဥ့်ကောင်းကင်ယံဝယ် လဝန်းက ပြည့်ရွှန်းစွာ သာလျက်ရှိပေသည်။

လရောင်ဆမ်းထားသည့်အပြင် ရောင်စုံမီးလုံးလေးများ ကလည်း အလင်းဖြာလျက်ရှိရာ မကြာမီရက်ပိုင်းမှာပင် မင်္ဂလာ ညည်ခံပွဲကျင်းပမည့် ခြံဝင်းကျယ်ကြီးသည် အေးချမ်းလှပ တင့် တယ်လျက်ရှိလေ၏။

"အင်း ...ဒီအိမ်ကြီးထဲမှာ အသတ်ခံလိုက်ရတဲ့ ဘိုကပြားမိသားစုလက်ထက်တုန်းကလည်း ဒီလိုမျိုး ခြံကြီးထဲ ရောင်စုံမီးလုံးတွေထွန်းပြီး ညစာစားပွဲ ညည်ခံပွဲ ပါတီပွဲတွေ ကျင်းပခဲ့မှာပဲ၊ ဟို စာအုပ်သေတ္တာတွေရှိတဲ့ အလယ်ခန်းထဲမှာ စန္ဒရားအဟောင်းကြီးတစ်လုံး တွေ့ရတယ်၊ သူတို့က ဘိုကပြား မိသားစုဆိုတော့ ဘိုဆန်ဆန်ပါတီပွဲပေးကြပြီး စန္ဒရားသံနဲ့ ကကြခုန်ကြခဲ့မှာပဲ၊ ခေတ်စက်ဖွင့်ပြီးလည်း ပျော်မြူးခဲ့ကြမှာ ပဲ"

"အဲဒီတုန်းကဆို ဒီခြံကြီးနဲ့ ဒီအိမ်ကြီးဟာ ခုလို သာယာလှပခဲ့မှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မိသားစုကို ဓားပြတွေက သတ်သွားခဲ့တာတဲ့။ တော်တော်ကံကြမ္မာဆိုးတဲ့မိသားစုပဲ"

လူရဲသည် စွယ်တော်ရုံနံဘေးရှိ သစ်သားဒန်းလေးပေါ်တွင် အချိန်အတော်ကြာအောင်ထိုင်ရင်း ရေခဲတောင်တံဆိပ်စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ဖွာလျက် အတွေးနယ်ချဲ့နေရာမှ ညဉ့်နက်ပြီး အတော်အေးစိမ့်လာသည်တွင် သောက်လက်စစီးကရက်ကို မြေပေါ်ချနင်း မီးငြိမ်းသတ်လိုက်ပြီးနောက် ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်လေသည်။

အတော်ညောင်းညာသွားသဖြင့် လက်မောင်းနှစ်ဖက်ကို မြှောက်လျက် ခါးကိုလိမ်ကာ အကြောဆန့်လိုက်ပြီးနောက် ဆင်ဝင်အောက်ဆီ လျှောက်လှမ်းသွားကာ စံအိမ်ကြီးထဲ ဝင်ခဲ့တော့သည်။

သူက အိမ်တံခါးတို့ကို သေချာ ချက်ချပိတ်ပြီး ခြံဝင်းထဲမှ ရောင်စုံမီးတို့ကို ငြိမ်းလိုက်လေသည်။

ဧည့်ခန်းမီးတို့ကိုပါ ပိတ်လိုက်သည်တွင် ဧည့်ခန်းကြီးတစ်ခုလုံးသည် အမှောင်ကျသွားပြီး လှေကားထိပ်မှ မီးလုံး၏အရောင်သာ မှုန်ပြပြ လင်းဖြာကျနေချေ၏။ အောက်ထပ်





တစ်ထပ်လုံး တိတ်ဆိတ်လျက်ရှိပြီး တိုင်ကပ်နာရီကြီးဆီမှ တစ်ချက်ချက် မြည်သံသာ ထွက်ပေါ်လျက် ရှိပေ၏။

အိမ်တံခါးတို့ကို စစ်ဆေးကာ မီးတို့ငြိမ်းပြီး ဖြစ်သဖြင့် အိမ်ပေါ်ထပ်သို့ ကျွန်းလှေကားကြီးအတိုင်း လှမ်းတက်စပြုလိုက်စဉ် စင်္ကြံလမ်းဘက်ဆီမှ ထူးခြားသောအသံကို ကြားလိုက်ရတော့သည်။

"ကလုတ် ကလုတ် ကလုတ် ကလုတ်"

တိတ်ဆိတ်နေသော အိမ်အောက်ထပ်ထဲတွင် စည်းချက်မှန်မှန် ထွက်ပေါ်နေသည့် ထိုထူးခြားသောအသံကြောင့် လူရဲ အံ့အားတသင့် ဖြစ်သွားရ၏။

"ဟ ... ဘာသံပါလိမ့်"

သူက လှေကားပေါ်မှ ပြန်ဆင်းလိုက်ပြီး ဧည့်ခန်းမီးကို ဖွင့်လိုက်သည်။ ပြီးတော့ စင်္ကြံလမ်းအတိုင်း အိမ်တွင်းဘက်သို့ နားစွင့်ရင်း လျှောက်လှမ်းလာလိုက်၏။

သူကြားနေရသည့် အသံက ရပ်မသွား။

"တကလုတ် တကလုတ် တကလုတ်"

"အလို ... ကလေးကစားစရာတွေရှိတဲ့ အခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



အသံပါလား''

လူရဲက အသံကြားနေရသည့်အခန်း၏ တံခါးဝတွင် ရပ်လိုက်ပြီး သေချာနားထောင်လိုက်သည်။

''တကလုတ် တကလုတ် တကလုတ်''

''ဟုတ်ပါတယ် . . . ဒီအခန်းထဲကအသံပါပဲ၊ ဘာကြောင့် ဒီအသံတွေ ထွက်နေပါလိမ့်''

လူရဲက ညှိခန်းဘက်ပြန်လျှောက်ခဲ့ပြီး နံရံတစ်နေရာမှ သံချိတ်တွင် ချိတ်ထားသည့်ကြေးသော့တွဲကို ဖြုတ်ယူလိုက်၏။

ပြီးလျှင် အရုပ်များထားရာ အခန်းဘက် ပြန်လျှောက်သွားလိုက်ကာ တံခါးသော့ကို ဖွင့်လိုက်လေသည်။

တံခါးပွင့်သွားတော့ အခန်းထဲမှအသံက ပိုကျယ်လောင်စွာ ထွက်ပေါ်လျက်ရှိတော့၏။

သူက အခန်းနံရံတစ်လျှောက် လက်ဖြင့် လိုက်စမ်းသပ်လိုက်ပြီး မီးခလုတ်ကို စမ်းမိသည်တွင် ဖွင့်လိုက်တော့သည်။

''ထောက်''

အခန်းထဲ ထင်းခနဲ လင်းသွားသည်တွင် စားပွဲဘေးမှ သစ်သားမြင်းရုပ်မှာ ရှေ့နောက်အချက်မှန်မှန် လှုပ်နေသည်ကို





တွေ့ရတော့၏။

''တကလုတ် တကလုတ် တကလုတ်''

''ဟင် . . . ဘယ်သူလာလှုပ်လို့ ဒီမြင်းရုပ်က လှုပ်နေရပါလိမ့်''

လူရဲသည် ရှေ့နောက် လှုပ်ရမ်းနေသည့် သစ်သားမြင်းရုပ်ကို ကြောင်ငေးကြည့်ရင်း ကြက်သီးဖြန်းခနဲထသလို ခံစားလိုက်ရတော့သည်။

သို့သော် သူသည် သတ္တိနည်းလှသူမဟုတ်သဖြင့် မြင်းရုပ်ကြီးကို စိုက်ကြည့်ရင်း ရှေ့သို့ တစ်လှမ်းချင်းလှမ်းကာ တိုးသွားလိုက်ပြီး လှုပ်နေသည့်မြင်းရုပ်ကြီးကို လက်တစ်ဖက်ဖြင့် ဖမ်းကိုင်လိုက်၏။

သူ ဖမ်းကိုင်လိုက်တော့လည်း မြင်းရုပ်ကြီးက ရပ်သွားတော့သည်။

''ဘာကြောင့် . . . မင်းက လှုပ်နေရတာလဲ။ မလှုပ်နဲ့ ငြိမ်နေလိုက်''

သူက လေသံခပ်မာမာဖြင့်ပြောကာ လက်ကိုလွှတ်လိုက်ရာ မြင်းရုပ်က မလှုပ်၊ ငြိမ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ငြိမ်သက်တိတ်ဆိတ်နေသည့် အခန်းအနှံ့ အတန်ကြာ မျက်လုံးဝေ့ကြည့်လိုက်ပြီးနောက် မီးခလုတ်ကို ပြန် ပိတ်လိုက်၏။

ပြီး အခန်းထဲမှ ပြန်ထွက်၊ တံခါးပြန်ပိတ်ကာ သော့ပြန် ခတ်လိုက်လေသည်။

ထို့နောက် သူညည့်ခန်းမကြီးဘက် ပြန်ထွက်လာခဲ့ပြီး ညည့်ခန်းမီးကို မှိတ်ကာ ကျွန်းလှေကားကြီးထက်သို့ လှမ်းတက် လိုက်စဉ်မှာပင် –

"တကလုတ် တကလုတ် တကလုတ်"

လူရဲ၏ လှမ်းလက်စခြေလှမ်းတို့ တုံ့ခနဲရပ်တန့်သွားတော့ သည်။

မှောင်မည်းနေသည့် စင်္ကြံလမ်းဆီ သူ လည်ပြန်လှည့် ကြည့်လိုက်ရင်း နားစွင့်လိုက်၏။

"တကလုတ် တကလုတ် တကလုတ်"

"တောက် . . . ခက်ပါလား"

သူ ခေါင်းကိုခါရမ်းကာ ကျွန်းလှေကားကြီးအတိုင်း ဆက်တက်လာခဲ့သည်။





သစ်သားမြင်းရုပ်အပေါ် တစ်စုံတစ်ဦးတက်စီးနေသည့် အသံက သူ့နောက်သို့ လိုက်ပါလာသည်ဟု ခံစားနေရ၏။

"တကလုတ် တကလုတ် တကလုတ်"

သူ အိမ်ပေါ်ထပ်သို့ ခပ်သွက်သွက်တက်ခဲ့ပြီး သူ့အတွက် သာယာပြင်ဆင်ထားသည့် အိပ်ခန်းထဲ လှမ်းဝင်ခဲ့ကာ အိပ်ခန်း တံခါးကို ဆောင့်ပိတ်လိုက်၏။

"ဂုန်း"

ထို့နောက် သူ တစ်ယောက်အိပ်ခုတင်လေးပေါ် စိတ် ပျက်လက်ပျက် ထိုင်ချလိုက်ပြီး နားစွင့်လိုက်သည်။

သစ်သားမြင်းရုပ်၏လှုပ်သံကို သူ မကြားရတော့ချေ။ ဤမျှ ကြီးမားသောစံအိမ်ကြီးဝယ် အောက်ထပ်မှ တော်ရုံတန်ရုံ အသံတို့ကို အိမ်ပေါ်ထပ်မှ မကြားရသည်မှာ မဆန်းပါချေ။

သို့သော် သူ၏နားထဲတွင် တကလုတ် တကလုတ် မြည်သော အသံကို ဆက်လက်ကြားနေရသည့်နှယ် ခံစားနေရ သည်။

"အင်း . . . ဒီအတိုင်းဆို ဂျွန်ဆိုတဲ့ ဘိုကပြားမိသားစု က ဒီအိမ်ကြီးထဲမှာ မကျွတ်မလွတ်သေးဘဲ ရှိနေတာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ''

''မြင်းရုပ်ကို စီးနေတာဟာ အဲဒီမိသားစုမှာပါတဲ့ ခုနစ်နှစ်အရွယ်လောက် ကောင်လေးရဲ့ဝိညာဉ်ပဲ ဖြစ်ရမယ်''

''ဒီအတိုင်းဆို လက်ထပ်ပြီးလို့ ယမင်း ဒီစံအိမ်ကြီးမှာ လာနေရတဲ့အခါ ဂျွန်တို့မိသားစုက ဒီလိုပဲ ခြောက်လှန့်နေမှာပဲ လား မသိဘူး''

''အင်း ... ယမင်းက သတ္တိတော့ကောင်းပါတယ် တော်ရုံနဲ့တော့ တုန်လှုပ်ချောက်ချားမယ် မထင်ဘူး''

လူရဲ တော်ရုံနှင့်အိပ်မပျော်ချေ။ နောက်ထပ် နှောင့်ယှက် မှုတော့ မကြုံရတော့ချေ။ ညဉ့်သန်းခေါင်ကျော်မှ သူ အိပ်ပျော် သွားတော့၏။

❈



လူရဲက နောက်နေ့နံနက် အိပ်ရာမှနိုးသည်နှင့် မျက်နှာ ပင် မသစ်သေးဘဲ အောက်ထပ်သို့ ဆင်းခဲ့ကာ ကြေးသော့တွဲကို ဖြုတ်ယူခဲ့ပြီး ကလေးကစားစရာများထားရာ အခန်း၏ သော့ကို ဖွင့်လိုက်သည်။

ပြီး ... သူက အခန်းထဲဝင်ခဲ့ကာ သစ်သားမြင်းရုပ် ကို ကောက်ယူလိုက်၏။

ထို့နောက် မြင်းရုပ်ကို နောက်ဖေးဘက်ဆီယူသွားကာ နောက်ဖေးတံခါးချက် ဖြုတ်ဖွင့်လိုက်ပြီး အိမ်နောက်ဘက်ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားလိုက်သည်။

သူက ခြံစပ်နားရှိ ငှက်ပျောပင်များအနီးမှ ရေတွင်းပျက်ကြီးထဲသို့ သစ်သားမြင်းရုပ်ကို ပစ်ချလိုက်၏။

သစ်သားမြင်းရုပ်က ရေတွင်းပျက်ထဲ ပြည့်လုလုဖြစ်နေသည့် သစ်တိုသစ်စများ၊ သစ်ကိုင်းခြောက်များ အမှိုက်များပေါ် ပိုးလိုးပက်လက် ပစ်ကျသွားတော့သည်။

လူရဲက မြင်းရုပ်ကို ငုံ့ကြည့်ပြီး မဲ့ပြုံးပြုံးလိုက်သည်။

"အေး အေး . . . အဲဒီမှာပဲနေ သိလား။ မင်း ဒီမှာရှိနေရင် ဟိုကောင်လေးက မင်းကို စီးလို့မရတော့ဘူးပေါ့။ ဟုတ်လား . . . ဟင်း ဟင်း ဟင်း"

ထို့နောက် သူက စံအိမ်ကြီးဘက်သို့ အောင်ပွဲရစ်သူကြီး၏ဟန်မျိုးဖြင့် ပြန်လှမ်းလျှောက်လာခဲ့ပါတော့သည်။

❋



ထိုနေ့တစ်နေ့လုံး အပြီးသတ်ပြင်ဆင်မှုအတွက် အလုပ်သမားများကို ကြီးကြပ်နေရရာ သစ်သားမြင်းရုပ်ကိစ္စကို ခေတ္တမေ့ပျောက်လျက် ရှိလေသည်။

ညက အိပ်ရေးပျက်ထားသောကြောင့်လားမသိ၊ တစ်နေ့လုံး ဦးခေါင်းက ငြီးစီစီဖြစ်နေ၏။

ဤစံအိမ်ကြီးကို ပြန်လည်ပြုပြင်သည့်ကာလ တစ်လျှောက်လုံး ကုမ္ပဏီလုပ်ငန်းများက တစ်ဖက်၊ အိမ်ကိစ္စက တစ်ဖက်ဖြင့် လှုပ်ရှားသွားလာရလွန်းသောကြောင့် သူ့ အဖော်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလျက်ရှိသည်။

စံအိမ်ကြီးပြုပြင်ပြီး မကြာမီမှာပင် မင်္ဂလာညည့်ခံပွဲ ပြု လုပ်ရန် စီစဉ်ထားသောကြောင့် အလုပ်က ဆက်တိုက်ဖြစ်လာ ကာ လူက မနားမနေ လှုပ်ရှားရလွန်းသဖြင့် ပိုမိုပင်ပန်းနွမ်းနယ် နေတော့၏။

"အင်း ... ညက အိပ်ရေးပျက်တော့ ပိုဆိုးသွားတယ်၊ ဒီနေ့ တစ်နေ့ခင်းလုံးလည်း မနားရဘူး"

ညနေစောင်းသည်အထိ မူးရိပ်ရိပ်ဖြစ်နေသဖြင့် ညစာ ထမင်းပင်မစားဘဲ အလုပ်သမားတစ်ယောက်ကို ခတ်ချီးယား ဘက်လွှတ်ကာ ဆန်ပြုတ်ဝယ်ခိုင်းထားရ၏။

အလုပ်သမားအားလုံး အလုပ်သိမ်းကာ ပြန်သွားကြ တော့ စံအိမ်ဝင်းကြီးထဲတွင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရ ပြန်တော့သည်။

သူက ခြံရှေ့ပိုင်းရှိ စွယ်တော်ရုံနံဘေးမှ သစ်သား ခုံတန်းလေးပေါ် ခြေပစ်လက်ပစ်ထိုင်ရင်း ရောင်စုံမီးလုံးလေးများ၊ ရောင်စုံဖဲကြိုးလေးများဖြင့် အလှဆင်ထားသည့် ပန်းရုံများနှင့် သစ်ပင်ငယ်များကိုလည်းကောင်း၊ အိမ်ရှေ့မျက်နှာစာဆင်ဝင်နှင့် ဝရန်တာတို့ကိုလည်းကောင်း ပီတိဖြစ်စွာ ငေးကြည့်နေမိလေ ၏။ သဘက်ခါညဆို ဤခြံဝင်းကြီးထဲတွင် မင်္ဂလာညည့်ခံပွဲကြီး ပျော်ရွှင်စွာ ကျင်းပရတော့မည်ပဲ။





အတော်လေးမှောင်လာမှ အိမ်ကြီးထဲဝင်ခဲ့ပြီး အိမ် နောက်ဖေးရှိ ထမင်းစားခန်းသို့ တန်းဝင်သွားကာ ဆန်ပြုတ် သောက်လိုက်သည်။

လူက နွမ်းလျလျက်ရှိပြီး ခေါင်းက ငြီးစီစီဖြစ်နေသဖြင့် အိပ်ရာစောစောဝင်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ... ဆန်ပြုတ်သောက်ပြီးသည်နှင့် ခြံတွင်းနှင့် အိမ်အောက်ထပ်ရှိ မီးတို့အားလုံးကို ပိတ်ကာ အိမ်တံခါးတို့ကိုပါ စစ်ဆေးပြီးနောက် အိမ်ပေါ်ထပ်သို့ ကျွန်းလှေကားကြီးအတိုင်း ခပ်ဖြည်းဖြည်း တက် လာခဲ့၏။

သူ လှေကားတစ်ဆစ်ချိုးသို့ ရောက်ရှိစဉ်မှာပင် အိမ် အောက်ထပ်အတွင်းပိုင်းဆီသို့ ထူးခြားသော အသံကိုကြားလိုက်ရ သဖြင့် သူတစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွားရသည်။

"တကလုတ် တကလုတ် တကလုတ်"

"ဟင် ... မြင်း မြင်းရုပ်စီးနေတဲ့အသံပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူ ရပ်ပြီး နားစွင့်လိုက်သည့်အခါမှာမူ ဘာသံမျှ မကြားရတော့ချေ။

"ဟော ... ဘာသံမှလည်း မကြားရတော့ပါလား"

သူ အာရုံစိုက်နားစွင့်လိုက်ရာ ခေါင်းက မူးရိပ်ရိပ်ဖြစ်လာတော့၏။

"ငါ ငါ စိတ်ထင်လို့နဲ့တူပါရဲ့ သစ်သားမြင်းရုပ်ကို ခြံနောက်ပိုင်းက ရေတွင်းပျက်ကြီးထဲ လွှင့်ပစ်ခဲ့ပြီးပြီပဲ"

"အင်း ... ခေါင်းကမူးပြီး ကြားချင်ရာကြားမိတာနေမှာပါ"

သူက ခေါင်းကို လက်တစ်ဖက်ဖြင့် ဖိညှစ်ရင်း လှေကားကြီးအတိုင်း ဆက်တက်ခဲ့တော့၏။

ခေါင်းက ငြီးစီနေသဖြင့် အသင့်ပြင်ထားပြီးသော မင်္ဂလာအိပ်ခန်းကြီးကိုပင် ဝင်မကြည့်ဖြစ်တော့ဘဲ သူ့အိပ်ခန်းလေးရှိရာဆီ တန်းလျှောက်လာခဲ့လေသည်။

သူ အိပ်ခန်းထဲဝင်ခဲ့ပြီး အိပ်ရာပေါ်လှဲချလိုက်ကာ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။

မည်သို့ပင်ဖြစ်စေ သန်ဘက်ခါညဆိုလျှင် ဤကဲ့သို့





အိပ်ခန်းကျဉ်းလေးထဲမှ တစ်ယောက်အိပ်ခုတင်လေးဝယ် သူ အစ်ယောက်တည်း အထီးကျန်အိပ်စရာမလိုတော့။

ဤအခန်းနှင့် ကပ်လျက် နှစ်ယောက်အိပ်ခန်းကြီးထဲဝယ် ဖဲမွေ့ရာ ရွှေကော်ဇော ပေါ်၌ ချစ်ရသူလေးနှင့် တူနှစ်ကိုယ် ရွှေလည်တွဲ ချစ်ပွဲဝင်ကာ ပျော်ပျော်ကြီး ဖိမ်ရှိရှိ အိပ်စက်ရပေတော့မည်။

လှူရဲ တွေးရင်း ရင်ခုန်လာ၏။ စောစောက ခေါင်းနောက်ကျိနေခြင်းသည်ပင် ပျောက်လွင့်သလိုလို ဖြစ်သွားရသည်။

သူက မျက်လုံးတို့ကို မှိတ်ထားရင်း ကြည်နူးစွာ ပြုံးနေမိစဉ် တိတ်ဆိတ်နေသော စံအိမ်ကြီး၏တစ်နေရာမှ တံခါးရွက်တစ်ခုခုကို ဖွင့်သံလိုလို ကြားလိုက်ရ၏။

"ကျွီ"

လှူရဲ ခေါင်းထောင်ထသွားသည်။

Dim light မီးလုံးပြာပြာလေးသာ ထွန်းညှိထားသည့် အိပ်ခန်းလေးထဲမှာရော စံအိမ်ကြီးတစ်ခုလုံးမှာပါ အပ်ကျသံပင် ကြားရလောက်အောင် အသံဗလံတို့ တိတ်ဆိတ်လျက် ရှိ



www.burmeseclassic.com

www.burmeseclassic.com



၏။

"ငါ တံခါးရွက်တစ်ခုခု ဖွင့်သံလိုလို ကြားလိုက်ရပါတယ်"

သူ အာရုံရှူးစိုက်လိုက်ရာ စောစောက ရင်ခုန်ကြည်နူးမှုကြောင့် ကြည်လင်သလိုလို ဖြစ်ခဲ့ရသည့် ခေါင်းက မူးနောက်နောက်ဖြစ်လာရသည်။

"ရှပ် ရှပ် ရှပ်"

အိပ်ခန်း၏ အပြင်ဘက်စင်္ကြံလမ်းအတိုင်း ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရသည့်အခါမှာမူ သူ အိပ်ရာပေါ်ဝယ် ငုပ်တုတ်ထထိုင်လိုက်မိတော့၏။

ခြေသံကမူ . . . သူ့အိပ်ခန်းရှေ့မှ ဖြတ်လျှောက်သွားသည်။

ဤစံအိမ်ကြီးထဲဝယ် လူဟူ၍ သူတစ်ယောက်သာရှိသည်။

သူကလွဲ၍ အခြားမည်သူမျှ မရှိချေ။

သို့ဆိုလျှင် အနီးခြေသံရှင်မှာ မည်သူဖြစ်မည်လဲ။

သူခိုးများလား။





သူ စိုးရိမ်စိတ်ဖြင့် ခုတင်ပေါ်မှ လျှောဆင်းလိုက်၏။ ပြီးတော့ လိုင်စင်ဖြင့်ကိုင်ဆောင်သည့် ပွိုင့်သာတီအိတ်လျှုဂါ ပစ္စတိုကို ခေါင်းအုံးအောက်မှယူလိုက်ကာ လက်ယာလက်ထဲတွင် အသင့်ဆုပ်ကိုင်ထားလိုက်သည်။

သူ့အခန်းရှေ့မှ ဖြတ်လျှောက်သွားသည့် ခြေသံက တိုးလျပျောက်ကွယ်သွားချေပြီ။

လူရဲက သံသယကြီးစွာဖြင့် အိပ်ခန်းတံခါးချက် ဖြုတ်ဖွင့်ကာ စင်္ကြံလမ်းသို့ လှမ်းထွက်လိုက်၏။

စင်္ကြံလမ်းတစ်လျှောက် နံရံကပ် Dim light ညအိပ်မီးမှိန်မှိန်တို့ ထွန်းထားသဖြင့် စင်္ကြံလမ်းက မှုန်ပျပျ လင်းလျက်ရှိသည်။

ခြေသံသွားရာဘက် သူကြည့်လိုက်တော့ စင်္ကြံလမ်းတစ်လျှောက် မည်သည့်လူသူအရိပ်အယောင်မျှ မတွေ့ရဘဲ ရှင်းလင်းလျက်ရှိ၏။

"ငါ ခြေသံကို သေသေချာချာကြားလိုက်ရတာပါ။ အဲဒီခြေသံရှင် ဘယ်ရောက်သွားသလဲ"

လူရဲက သေနတ်ကို လက်ယာလက်ထဲတွင် ခပ်တင်း



www.burmeseclassic.com

www.burmeseclassic.com



တင်း ဆုပ်ကိုင်ရင်း စင်္ကြံလမ်းအတိုင်း အိမ်ရှေ့ပိုင်းဆီ လျှောက်လှမ်းလာခဲ့တော့၏။

ထိုသို့ လျှောက်လှမ်းလာရင်း လှေကားထိပ်သို့အရောက် မှောင်မည်းနေသည့် အောက်ထပ်ဆီမှ တိုင်ကပ်နာရီကြီး၏ တစ်ချက်ချက်မြည်သံကို ဖုံးလွှမ်းလျက် ထူးခြားသောအသံတို့ကို သူ ကြားလိုက်ရပြီ။

"တကလုတ် တကလုတ် တကလုတ်"

"ဟာ ... ဟုတ်ပါပြီ၊ သစ်သားမြင်းရုပ်ကိုစီးနေတဲ့ အသံပဲ၊ ဘယ်လိုဖြစ်ပြီး သစ်သားမြင်းရုပ်က အိမ်ထဲပြန်ရောက်လာရတာလဲ။ ငါကိုယ်တိုင် ခြံနောက်ပိုင်းက ရေတွင်းပျက်ကြီးထဲ အဲဒီသစ်သားမြင်းရုပ်ကို မနက်ကပဲ စွန့်ပစ်ခဲ့တာပါ"

သူ သံသယအတွေးများဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

လူရဲက ဧည့်ခန်းမကြီးထဲမှ မီးပွင့်များရော၊ စင်္ကြံလမ်းမှ နံရံကပ် Dim light မီးတို့ကိုပါ ဖွင့်လိုက်ပြီး သော့တွဲကိုယူလိုက်ကာ သစ်သားမြင်းရုပ် အသံထွက်ပေါ်နေရာ ကစားစရာ အရုပ်လေးများထားရာ အခန်းဆီ ခြေတစ်လှမ်းချင်း လှမ်းလျက်





လျှောက်သွားလိုက်၏။

သူ အခန်းတံခါးရှေ့မှာရပ်လိုက်သည့်အထိ သစ်သားမြင်းရုပ်၏အသံ ထွက်ပေါ်လျက်ရှိမြဲပင်။

"တကလုတ် တကလုတ် တကလုတ်"

လူရဲက အံကိုကြိတ် စိတ်ကိုတင်းကာ သော့ဖွင့်လိုက်ပြီးနောက် အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်၏။

ပြီးလျှင် နံရံမှ မီးခလုတ်ကို လက်ဖြင့် စမ်းကာ ဖွင့်ချလိုက်သည်။

"ချောက်"

ကလေးကစားစရာအရုပ်လေးများထားရာ အခန်းတစ်ခန်းလုံး ထိန်ထိန်လင်းသွားချေပြီ။

"ဟိုက်"

အခန်းထဲမှ မြင်ကွင်းကိုကြည့်ပြီး လူရဲ မယုံနိုင်အောင် ဖြစ်သွား၏။

ဖလန်နယ်ဘောင်းဘီရှည်နှင့် အင်္ကျီလက်ရှည်ဝတ်ထားသည့် ပြောင်းဖူးမွှေးအရောင် ဆံပင်နှင့် ကောင်လေးတစ်ယောက်က ဆေးရောင်စုံခြယ်ထားသော သစ်သားမြင်းရုပ်ကို ရှေ့တိုး

www.burmeseclassic.com



နောက်ငင်ဖြင့် အကျအနစီးလျက်ရှိချေသည်ပဲ၊

"တကလုတ် တကလုတ် တကလုတ် တကလုတ်"

"ဟင် ... မင်း မင်း"

လူရဲက ထိုကောင်လေးကို လက်ညှိုးငေါက်ငေါက်ထိုးကာ အံ့ဩတကြီးဖြင့် မေးရန် ကြိုးစားလိုက်၏။

"မင်း မင်း ... ဘယ်သူလဲ၊ ဘယ်လိုဖြစ်ပြီး ငါ့အိမ်ထဲရောက်နေတာလဲကွ ... ဟင်"

ကောင်လေးက ဘာမျှမပြောဘဲ မြင်းရုပ်၏နားရွက် နှစ်ဖက်အနားမှ သစ်သားလက်ကိုင်တို့ကို ကိုင်လျက် မြင်းရုပ်ကို ရှေ့တိုးနောက်ငင်စီးရင်း သူ့ကို ခေါင်းငဲ့ကြည့်ကာ ဟက်ခနဲ ရယ်လိုက်၏။

လူရဲမှာ သွားဖြဲပြနေသည့် ထိုကောင်လေးကို မယုံနိုင်စွာ ကြောင်ငေးကြည့်ရင်း ခေါင်းက မိုက်ခနဲ မူးလာပြီး လူက နံဘေးသို့ ယိုင်သွားတော့သည်။

တံခါးပေါင်ကို သူ ဖျတ်ခနဲ လှမ်းထိန်းကိုင်လိုက်ရင်း သူ့ဒူးတို့က ညွတ်ကျလာပြီးလျှင် လက်ထဲမှ သေနတ်က ကြမ်းပြင်ပေါ် လွတ်ကျသွားတော့၏။

ခု နစ် စဉ် ကြယ် စာ ပေ



"ဒေါက်"

ထို့နောက်မှာမူ လူရဲ၏မျက်လုံးအကြည့်တို့အထဲတွင် မှောင်အတိကျသွားပြီး လူက ကြမ်းပြင်ပေါ်သို့ ခွေညွတ်ကျသွားပါတော့သတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်၏ကြိမ်းဝါးသံ

လူရဲ၏အသိအာရုံတို့ ပြန်လည်နိုးကြားလာတော့ မိုး စင်စင်လင်းလျက်ရှိပြီ။

ပြတင်းတံခါးတို့မှ နေရောင်က မှန်တံခါးချပ်တို့ကိုဖြတ် ကာ သူ့ကိုယ်ပေါ်သို့ ကျရောက်လျက်ရှိသည်။

"ဒုန်း ဒုန်း ဒုန်း ဒုန်း"

အိမ်ရှေ့ဆီမှ တံခါးထုသံကြောင့် သူ သတိလစ် အိပ်ပျော် နေရာမှ လန့်နိုးလာရခြင်းဖြစ်၏။

သူက နိုးနိုးချင်းမှာပင် ကြမ်းပြင်တစ်ခုပေါ်၌ ပစ်စလက်





ခတ် မှောက်လျက်ကြီး အိပ်ပျော်နေခဲ့မိသည့်အဖြစ်ကို သူ သတိထားမိသည်။

ခေါင်းက ငြီးစီစီဖြစ်လျက်ရှိပြီး မျက်ခွံတို့က လေးလံနေဆဲ။

"ဒုန်း ဒုန်း ဒုန်း"

အိမ်ရှေ့မှ အဆက်မပြတ်တံခါးထုသံတို့ကြောင့် မျက်လုံးကို အတင်းဖြဲကာ လဲကျနေရာမှလူးလဲထလိုက်ရ၏။

ထိုအခိုက်မှာပင် ညကအဖြစ်အပျက်ကို သူ ပြန်လည် အမှတ်ရလာသည်။

"ငါ ငါ ညက ဒီတံခါးဝမှာ လဲကျသွားခဲ့တာပဲ"

သူက ကစားစရာအရုပ်များထားရာ အခန်းထဲအနှံ့သို့ မျက်လုံးစေ့ကြည့်လိုက်၏။

သူ ညက တွေ့ခဲ့ရသည့် ကောင်လေးကိုရော မြင်းရုပ်ကိုပါ မတွေ့ရတော့ချေ။

"အင်း ... ငါ ညက ခေါင်းမကောင်းတာနဲ့ မြင်ချင်ရာ မြင်ပြီး ဖြစ်ချင်ရာဖြစ်ခဲ့တယ်နဲ့ တူပါရဲ့"

"ဒုန်း ဒုန်း ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလူရဲ ... ဆရာလူရဲ"

အိမ်ရှေ့တံခါးမှ ထုနှက်သံရော အော်ခေါ်သံများကိုပါ ဆက်လက်ကြားနေရရာ လူရဲသည် အိမ်ရှေ့ဆီသို့ လှမ်းလျှောက်သွားရတော့၏။

သူ တံခါးကို ချက်ဖြုတ်ဖွင့်လိုက်သည့်တွင် တံခါးဝရှေ့နှင့် ကျောက်သားလှေကားထစ်များပေါ်တွင် ရပ်နေကြသော အလုပ်သမားတို့ကို တွေ့ရလေသည်။

အလုပ်သမားခေါင်း သူကြီး (ခေါ်) အောင်သိန်းက လူရဲကိုတွေ့လိုက်ရမှ သက်ပြင်းချလိုက်တော့၏။

"ဆရာကိုလူရဲရယ် ... အိပ်ပျော်နေတာလား။ ခုပဲ ကိုးနာရီကျော်နေပြီဗျ။ ခါတိုင်းဆို ဆရာက မနက်ခုနစ်နာရီလောက်ကတည်းက အိမ်တံခါးဖွင့်ပြီး ကျွန်တော်တို့ကို စောင့်နေတာ၊ ဒီနေ့တော့ မနက်ကိုးနာရီကျော်တဲ့အထိ ဆရာရဲ့အိမ်တံခါးပိတ်ထားတာ တွေ့ရတဲ့အတွက် ကျွန်တော်တို့ တအားစိုးရိမ်သွားပြီး ခုလို တံခါးကို ထုခေါ်မိတာပါ ဆရာ။ အိပ်ရေးပျက်သွားရင် ခွင့်လွှတ်ပါ ဆရာရယ်နော်"

အလုပ်သမားခေါင်းကရော ကျန်အလုပ်သမားများကပါ





ဝိုင်းဝန်းတောင်းပန်နေသဖြင့် လူရဲလည်း ပြန်နှစ်သိမ့်လိုက်ရတော့၏။

"အေးပါဗျာ ... ခင်ဗျားတို့အမှားမဟုတ်ပါဘူး။ ကျွန်တော် ညတုန်းက တော်တော်နဲ့ အိပ်မပျော်နိုင်ဖြစ်ပြီး မိုးလင်းပိုင်းလောက်ကျမှ မှေးခနဲအိပ်ပျော်သွားလို့ ခုလို နေဖင်ထိုးမှ နိုးတာပါဗျာ"

ထို့နောက် လူရဲက အိမ်နောက်ဖေးရှိ ရေချိုးခန်းမှာပင် မျက်နှာသစ်လိုက်ပြီး ကော်ဖီဖျော်လိုက်သည်။

ကော်ဖီနှင့်အသားညှပ်ပေါင်မုန့်တို့ကို နံနက်အဆာပြေ အဖြစ်စားသောက်ပြီးနောက် ခြံထဲသို့ဆင်းလာကာ နောက်ဆုံးနေ့အဖြစ် ခြံတွင်း ခြံပြင် ပြုပြင်မွမ်းမံမှုတို့အတွက် ကြီးကြပ်စေခိုင်းနေရလေ၏။

နေအတော်မြင့်လာချိန်တွင် ယမင်းစုလှိုင်က အငှားကားလေးဖြင့်ရောက်လာသလို သူ့ကုမ္ပဏီမှ ဝန်ထမ်းအချို့လည်း ကုမ္ပဏီကားဖြင့် ရောက်လာကာ မနက်ဖြန်၌ ကျင်းပမည့် နံနက်ပိုင်း မင်္ဂလာဆွမ်းကျွေးရန်အတွက်ရော ညပိုင်း မင်္ဂလာညစာစားပွဲပြုလုပ်ရန်အတွက်ပါ တိုင်ပင်ဆွေးနွေးကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာညနေခံပွဲတွင် တေးဂီတဖျော်ဖြေတီးခတ်ကြမည့် တီးဝိုင်းခေါင်းဆောင်နှင့်အဖွဲ့သားအချို့ပါ ရောက်လာကာ တီး ဝိုင်းကိစ္စ ဆွေးနွေးညှိနှိုင်းကြရပြန်သည်။

ချက်မည့်ပြုတ်မည့်အဖွဲ့ပါ ရောက်လာကြပြီး ချက်ပြုတ် ဖို့အရေး ဆွေးနွေးကြ၊ ပြင်ဆင်ကြ၊ ဝယ်စရာရှိတာ ဝယ်ခြမ်းကြ ဖြင့် သိင်္ဂါရစ်အိမ်ဝင်းထဲ လူတွေ ရုတ်ရုတ်ရုတ်ရုတ်ဖြင့် အလုပ်ရှု လျက် ရှိတော့၏။

လူရဲလည်း လွန်စွာအလုပ်များနေသဖြင့် ညကကိစ္စကို ပြန်လည်မစဉ်းစားအားခဲ့ချေ။

ညနေသုံးနာရီခန့်ရောက်သည့်အခါမှာမူ အလုပ်အတော် ပါးသွားကာ သူ အနားရလာသဖြင့် စွယ်တော်ရုံနံဘေး သစ်သားဒန်းလေးပေါ် ခြေပစ်လက်ပစ် ထိုင်ချနားလိုက်၏။

ယမင်းစုလှိုင်လည်း ပြန်သွားပြီးဖြစ်သဖြင့် သူ စိတ်အေး လက်အေးနားလိုက်ချိန်မှာပင် ညကအဖြစ်အပျက်ကို ပြန်လည် သတိရလာတော့သည်။

"အင်း . . . အဲဒီမြင်းရုပ်ရှိနေသရွေ့ ဒုက္ခပေးနေဦးမှာပဲ ရေတွင်းပျက်ထဲကပြန်ယူပြီး ချက်ပြုတ်နေတဲ့သူတွေကို ထင်း ဆိုက်ခိုင်းလိုက်မယ်"

သူက ထိုသို့ ယတိပြတ်တွေးပြီး မင်္ဂလာဆွမ်းကျွေးပွဲ အတွက် ချက်ပြုတ်နေကြသူများကို ရှောင်ကာ ခြံနောက်ပိုင်းသို့ လာခဲ့လေသည်။

လူရဲက ခြံနောက်ပိုင်း ငှက်ပျောတောအနီးရှိ ရေတွင်း ပျက်ကြီးဆီရောက်ရှိသွားသည့်တွင် ရေတွင်းပျက်ထဲငုံ့ကြည့်လိုက် ၏။

သစ်ကိုင်းသစ်ခက်ခြောက်များကြားတွင် ပိုးလိုးပက် လက်လန်နေသည့် သစ်သားမြင်းရုပ်ကို မနေ့က ပစ်ချထားခဲ့ သည့်အတိုင်း တွေ့ရသည်။

သူက ကျိုးပျက်လျက်ရှိသော ရေတွင်းပေါင်ကို ခြေတစ် ဖက်ခွကျော်ကာ တွင်းထဲဆင်းရန်ပြင်လိုက်၏။

ထိုစဉ် သူ့နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာ သည်။

"ဒီမှာ ရှင် . . . ဘာဖြစ်လို့ သူတစ်ပါးရဲ့ပစ္စည်းကို ဖျက်လိုဖျက်ဆီးလုပ်ချင်ရတာလဲ"

စူးရှရှ အက်ကွဲကွဲမိန်းမသံကြောင့် ရေတွင်းပေါင်ကို





ခ နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်ဖက်ခွကျော်ထားလျက်မှ နောက်ကျောဘက်သို့ လည့်ပြန်လှည့်ကြည့်လိုက်၏။

''ဟင်''

ဆံပင်ဖားလျားကို နှစ်ဖက်ခွဲကာ ရင်ဘတ်ရှေ့ဆီချထားလျက် အရောင်လွင့်ပြယ်နေသည့် ဂါဝန်ရှည်ဖားဖားဝတ်ထားသော အသက်လေးဆယ်ကျော်ခန့် မိန်းမကြီးက သူနှင့် သုံးလေးကိုက်အကွာတွင် ရပ်လျက်ရှိသည်။

သူမ၏ဆံပင်တို့က အနည်းငယ်နီကြောင်ကြောင် အဆင်းအသွေးရှိပြီး မျက်နှာတစ်ပြင်လုံးသွေးဆုတ်ဖြူလျော်လျက်ရှိသော ထိုမိန်းမကြီးက သူ့ကို စူးစူးရဲရဲစိုက်ကြည့်လျက်ရှိ၏။

''ခင် ... ခင်များဘယ်သူလဲ၊ ခင်များ ဘာပြောလိုက်တာလဲ''

''သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို ဖျက်ဆီးရင် ... ရှင်တို့လည်း ပျက်စီးရလိမ့်မယ်၊ သူ့ပစ္စည်းကို သူ့နေရာသူ ပြန်ထားလိုက်ပါ''

''ဘာပြောတယ်၊ ခင်များက ဘာမို့လဲ၊ ခင်များ ဘယ်သူလဲ''





သူ့အသံက အတော်ကျယ်လောင်သွားသည်။ အိမ်ဘေးခြံဝင်းထဲတွင် ငါးသလောက်ပေါင်းရန် အိုးပြင်နေကြသူတို့က ကြောင်အက်အက်အသံထွက်ပေါ်လာရာ ခြံနောက်ပိုင်းဆီ လှမ်းကြည့်လိုက်ကြ၏။

''ခင်များက ဘယ်သူလဲ၊ သွား ... ခင်များ ကျုပ်ရဲ့ခြံထဲက ထွက်သွား ... ထွက်သွား''

လူရဲသည် လက်တစ်ဖက်က ရေတွင်းပေါင်ပေါ်ထောက်ထားရင်း အခြားလက်တစ်ဖက်ကို ဝှေ့ယမ်းလျက် ဖြူရော်ရော်မိန်းမကြီးကို အော်ဟစ်မောင်းထုတ်လိုက်စဉ်မှာပင် ရေတွင်းပေါင်ပေါ်ထောက်ထားသည့် သူ့လက်က ချော်ထွက်သွားပြီးလျှင် သူ့ခန္ဓာကိုယ်က ဟန်ချက်ပျက်သွားပြီး ရေတွင်းပျက်ထဲ ထိုးကျသွားပါတော့၏။

''ဟာ ... ဟိုမှာ ဆရာဦးလူရဲ ရေတွင်းထဲပြုတ်ကျသွားပြီ''

ထမင်းဟင်းချက်အဖွဲ့က အော်ဟစ်လျက် ရေတွင်းပျက်ဆီ ပြေးသွားကြ၏။

သူတို့၏အော်ဟစ်သံကြောင့် အိမ်ခြံဝင်းတစ်ခုလုံး ရုတ်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်သဲသဲဖြစ်သွားကြသည်။

အားလုံးက ရေတွင်းပျက်ဆီ အပြေးအလွှားသွားကြပြီး ရေတွင်းထဲ စိုးရိမ်တကြီး ငုံ့ကြည့်လိုက်ကြရာ လေးငါးပေခန့်သာ နက်သည့် ရေတွင်းအထဲ သစ်ကိုင်းသစ်ခက်ခြောက်တို့ကြား၌ ဦးစိုက်ကျနေသော အိမ်ရှင်သူဌေးလေးလူရဲကို တွေ့ကြရတော့၏။

“ဟ ဟ လုပ်ကြပါဦး ... သူဌေးလေး ဘာများဖြစ်သွားသလဲမသိဘူး၊ ဆင်းပြီးတွဲခေါ်ကြဟေ့”

“တစ်ခုခုနဲ့ဆောင့်မိပြီး သတိလစ်သွားပုံရတယ်ဗျ”

“ဟေ ... ဟုတ်တယ်ဟေ့၊ ဟိုသစ်သားမြင်းရုပ်နဲ့ ခေါင်းဆောင့်မိသွားပုံရတယ်၊ မြဝင်းတို့ မြင့်ဦးတို့ ဆင်းကြစမ်းကွာ”

ချက်ပြုတ်ရေးအဖွဲ့ခေါင်းဆောင် ဦးညွန့်အောင်က တိုက်တွန်း နှိုးဆော်လိုက်ရာ သူ၏တပည့် မြဝင်း (ခေါ်) ရေဆင်နှင့် မြင့်ဦး (ခေါ်) စံမတူတို့က ပုဆိုးကို ခါးတောင်းကျိုက်ကြကာ အမှိုက်သရိုက်များနှင့် ပြည့်လုလုဖြစ်နေသည့် ရေတွင်းပျက်ထဲ ဆင်းကြတော့၏။

ရေဆင် (ခေါ်) မြဝင်းက မှောက်ခုံကြီးလဲကျနေသည့်





လူရဲကို အသာဆွဲလှန်ကာ စစ်ဆေးကြည့်ရှုလိုက်လေသည်။

“ဟာ ... သူဌေးလေးက သတိလစ်နေတာဗျ၊ ဘာ ဒဏ်ရာမှတော့ မတွေ့ရဘူး ဦးလေး”

“အေး ... သူ့ကို ထမ်းတင်ခဲ့ကြကွာ”

သို့ဖြင့် ခဏအကြာမှာပင် အိမ်ပေါ်ထပ်ရှိ အိပ်ခန်းထဲသို့ လူရဲကို ပွေ့မချီကာ ပို့လိုက်နိုင်ကြတော့၏။

သို့တိုင် လူရဲ သတိပြန်မရသေးသဖြင့် ဆရာဝန်ပြေးခေါ်သူက ခေါ်သလို သတို့သမီးလောင်း ယမင်းစုလှိုင်ဆီသို့ အငှားကားဖြင့် ပြေးခေါ်သူက ခေါ်ကြသည်။

ဆရာဝန်ရော ယမင်းစုလှိုင်ပါ ရောက်ရှိလာချိန်တွင် လူရဲ၏နှုတ်မှ ညည်းညူစပြုလာ၏။

“မြင်းရုပ် မြင်းရုပ် မြင်းရုပ်”

“မြင်းရုပ်ဆိုပါလား၊ ဘာအဓိပ္ပာယ်ပါလိမ့်”

ယမင်းစုလှိုင်က နားမလည်နိုင်စွာ မေးလေရာ ကုမ္ပဏီ မန်နေဂျာ ကိုတင့်ဆွေက ဖြေလိုက်သည်။

“မယမင်း ... ဆရာက ရေတွင်းပျက်ထဲကျနေတဲ့ သစ်သားမြင်းရုပ်ကိုသွားယူရင်း ရေတွင်းထဲ မှူးပြီးပြုတ်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်မယ်ဗျ၊ သူ အဲဒီမြင်းရုပ်ကို စိတ်စွဲပြီး ယောင်ပြောတာ ဖြစ်မှာပေါ့''

''သစ်သားမြင်းရုပ် ဟုတ်လား''

''ဟုတ်တယ် . . . ကလေးစီးတဲ့ သစ်သားမြင်းရုပ်ပါ''

''ဩော်''

ယင်းသစ်သားမြင်းရုပ်အကြောင်း လူရဲက ပြောမပြထားသဖြင့် ယမင်းစုလှိုင် မသိချေ။

''အင်း . . . အောက်ထပ်ကအခန်းတစ်ခန်းထဲမှာ ကလေးကစားစရာအရုပ်တွေ ရှိတယ်လို့တော့ ပြောဖူးတယ်၊ အဲဒီအခန်းထဲက အရုပ်ပဲဖြစ်မှာပေါ့''

''ဟုတ်တယ် မယမင်း။ အဲဒီမြင်းရုပ်ကို ဆရာဆင်းယူရင်း မူးပြီးကျသွားတာ ဖြစ်မယ်''

''ဟုတ်တယ်၊ သူ မနက်ကတည်းက ခေါင်းထဲ ငြီးစီစီ ဖြစ်နေတယ်လို့ ပြောတယ်''

ဤတွင် ချက်ပြုတ်ရေးအဖွဲ့ခေါင်းဆောင် ဦးညွန့်အောင်က ဝင်ပြောသည်။

''ဆရာ ကိုလူရဲကလည်းဗျာ၊ အဲဒီသစ်သားမြင်းရုပ်များ





သူကိုယ်တိုင် ဆင်းယူရတယ်လို့၊ ကျွန်တော့်အဖွဲ့က တစ်ယောက်ယောက်ကို ယူခိုင်းလိုက်မှာပေါ့''

ဦးညွန့်အောင်က ပြောပြောဆိုဆိုဖြင့် သူ့အဖွဲ့သား အဒူလေးလှမြင့်ကို စေခိုင်းလိုက်၏။

''အဒူလေးရေ . . . အဲဒီမြင်းရုပ် သွားယူခဲ့စမ်းကွာ''

''ဟုတ်ကဲ့ ဦးလေး''

ထိုစဉ် လူရဲ တလူးလူး တလွန့်လွန့် တအင်းအင်း တအဲအဲ ဖြစ်လာသဖြင့် အားလုံး၏အာရုံက လူရဲဆီရောက်ရှိသွားသည်။

ဒေါက်တာချန်ဒရာက ဆေးတစ်လုံးထိုးပေးပြီး မကြာခင်မှာပင် လူရဲ ကောင်းစွာသတိရလာသဖြင့် အားလုံး သက်ပြင်းချနိုင်တော့၏။

''ကိုယ် သတိရလာပြီလား''

လူရဲက မျက်လုံးကို ခပ်ဖြည်းဖြည်း ဖွင့်ကြည့်သည်။

''ဟင် ယ ယမင်း''

''ကိုယ် ခြံနောက်ပိုင်းက ရေတွင်းထဲ မူးလဲကျသွားလို့ ချက်ပြုတ်နေတဲ့သူတွေက ရေတွင်းထဲဆင်းဆယ်ပြီး ယမင်းအ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားတာနဲ့ လိုက်လာတာ ကိုယ်ရဲ့ ဒီကဒေါက်တာက လည်း ဆေးတစ်လုံး ထိုးပေးထားတယ်လေ''

''ဩော် . . . အင်း အင်း''

''ခင်ဗျား အိပ်ရေးပျက်တယ်နဲ့တူတယ်၊ သွေးပေါင်တွေ ကျနေတယ်၊ အားနည်းပြီး မူးသွားတာပါ။ ကျွန်တော်ပေးတဲ့ ဆေးကို သောက်ပါ။ တစ်နာရီခြား တစ်ခါသောက်ပါ။ ခေါင်း ကြည်သွားပါလိမ့်မယ်၊ ကဲ . . . ကျွန်ုပ်ကို သွားခွင့်ပြုပါဦး''

''ဩော် ဟုတ်ကဲ ဒေါက်တာ . . . ဟုတ်ကဲ့ ဟုတ်ကဲ့''

ဒေါက်တာ ချန်ဒရာဖို့အား ခြေကြွခနှင့် ဆေးဖိုးဝါးခကို ယမင်းစုလှိုင်ကပင် ရှင်းပေးလိုက်ပြီး မန်နေဂျာကိုတင့်ဆွေကိုပင် လိုက်ပို့ခိုင်းလိုက်ရသည်။

လူရဲ ကောင်းစွာသတိရသွားပြီမို့ ယမင်းစုလှိုင်မှလွဲ၍ ကျန်လူများ အခန်းထဲမှထွက်ခွာသွားကြသည်။

ခုတင်ခေါင်းရင်းပေါင်ကို ခေါင်းအုံးတစ်လုံးခုခံလျက် လူရဲ ကျောမှီထိုင်နိုင်စေရန် ယမင်းစုလှိုင်က ဖေးမပေးသည်။

''သက်သာရဲ့လား ကိုယ်၊ ခေါင်းရော ဘယ့်နှယ်နေ သေးသလဲ''





''ခေါင်း ပေါ့တော်ကြည်သွားပါပြီကွယ်''

ယမင်းစုလှိုင်က နဖူးပေါ်ကျနေသည့် လူရဲ၏ဆံနွယ်ခွေ ခွေလေးများကို ကြင်နာယုယစွာ သပ်တင်ပေးရင်း –

''ကိုယ်က ခုတလော အလုပ်တွေအရမ်းများပြီး အအိပ် အစား မမှန်လို့ သွေးအားနည်းပြီး မူးလဲသွားတာပါ။ အအိပ် အစား ဂရုစိုက်လိုက်ရင် အားပြန်ပြည့်လာမှာပါ။ ဒီလောက်ပင် ပန်းနေတဲ့ကြားက သစ်သားမြင်းရုပ်ကို ရေတွင်းပျက်ထဲကနေ ဘာဖြစ်လို့ ဆင်းယူချင်ရတာလဲ ကိုယ်ရယ်။ အလုပ်သမား တစ် ယောက်ယောက်ကို ဆင်းယူခိုင်းလိုက်ရောပေါ့''

''သစ် . . . သစ်သားမြင်းရုပ် ဟုတ်လား''

''ဟုတ်တယ်လေ၊ ဟော . . . ဟိုမှာလေ၊ အဲဒီသစ်သား မြင်းရုပ်လေ''

ယမင်းစုလှိုင်က အိပ်ခန်းထောင့်နား၌ ချထားသည့် သစ်သားမြင်းရုပ်ကို မေးငေါ့ပြလိုက်သည်။

လူရဲက သစ်သားမြင်းရုပ်ကို ပြူးတူးကြောင်တောင် ကြည့်သည်။

''နေ . . . နေပါဦး အဲဒီသစ်သားမြင်းရုပ်က ဒီအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ ယမင်း''

''ဩော် . . . ဟို ချက်ပြုတ်နေတဲ့လူတွေ ရေတွင်းပျက်ထဲကနေ ဆင်းယူခဲ့တာလေ၊ ကဲ ကဲ . . . ဒေါက်တာပေးခဲ့တဲ့ဆေးတစ်ခွက်စာသောက်လိုက်ရအောင် . . . နော် ကိုယ်''

ယမင်းစုလှိုင်တိုက်သည့်ဆေးကိုသောက်ရင်း လူရဲက သစ်သားမြင်းရုပ်ကို မျက်လုံးစွေကြည့်နေ၏။

သုံ့စိတ်ထဲ သူကြည့်လိုက်ခါမှ သစ်သားမြင်းရုပ်က လှုပ်လာသည်ဟုထင်သည်။ မြင်း၏မျက်နှာကလည်း ပြုံးဖြဲဖြဲနှင့်။

မည်သို့ဖြစ်စေ ယင်းသစ်သားမြင်းရုပ်နှင့်ပတ်သက်ပြီး ယမင်းစုလှိုင်ကို မသိစေလိုသဖြင့် လူရဲ ဘာမျှစာေဒကမတက်တော့။

သူက ဆေးသောက်ပြီးနောက် ခေါင်းအုံးကိုကျောမှီကာ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။

ယမင်းစုလှိုင်က နှီးယပ်တောင်လေးဖြင့် သာသာလေး ယပ်ခတ်ပေးရင်း လူရဲ၏မျက်နှာကို အကဲခတ်ကြည့်ရှုနေ၏။

လူရဲက သူသတိလစ်ပြီး ရေတွင်းထဲထိုးကျသွားရသည့် ဖြစ်ရပ်ကို ပြန်လည်စဉ်းစားနေမိသည်။





ထိုအခါ သူ့ကိုအပြစ်တင်စကားပြောခဲ့သည့် မျက်နှာဖြူရော်ရော်နှင့် မိန်းမကြီးကို အတွေးထဲပြန်လည်မြင်ယောင်လာမိ၏။

သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးလျက် ကြိမ်းမောင်းပြောဆိုခဲ့သည့် ထိုမိန်းမကြီး၏စကားသံတို့ကို ပြန်လည်ကြားယောင်လာ၏။

''သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို ဖျက်စီးရင် ရှင်တို့လည်းပျက်စီးရလိမ့်မယ်၊ သူ့ပစ္စည်းကို သူ့နေရာသူ ပြန်ထားလိုက်ပါ''

လူရဲက မျက်လုံးပြန်ဖွင့်ပြီး မြင်းရုပ်ကို စွေကြည့်လိုက်ပြန်သည်။

ပြီးတော့ အတွေးထဲမှာ သူ့ဘာသာပြောမိ၏။

''အင်း . . . ဒီမြင်းရုပ်ဟာ ငါတို့နဲ့ ဂျွန်တို့မိသားစုဝိညာဉ်တွေရဲ့ ပြဿနာအစပဲ၊ ဘာပဲဖြစ်ဖြစ် ဒီစံအိမ်ကြီးနဲ့ ငါ့ကို ယမင်းစိတ်ပျက်မသွားစေဖို့ အဲဒီအကြောင်းတွေ ယမင်းမသိအောင် တတ်နိုင်သလောက် ဖုံးဖိထားရမယ်''

''ကိုယ် နေကောင်းရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ယမင်း၊ မှောင်တော့မယ်၊ ယမင်း ပြန်ချင်ပြန်တော့လေ၊ အလုပ်သမားတွေနဲ့ ချက်ပြုတ်နေသူတွေ ကိစ္စကို ကိုတင့်ဆွေ ကြည့်ရှင်းပါလိမ့်မယ်၊ ကိုယ်လည်း နေ ကောင်းသွားပြီပဲ၊ ယမင်းပြန်ချင်ပြန်တော့လေ၊ မနက်ဖြန်ကျရင် သာ စောစောလာခဲ့ပေါ့"

လူရဲက ပြောပြောဆိုဆိုဖြင့် ခုတင်ပေါ်မှဆင်းသည် ပြီးတော့ သူက မြင်းရုပ်ကိုဆွဲပြီး အခန်းထဲမှထွက်၏။

"ဒီမြင်းရုပ်ကို ဘာလုပ်မလို့လဲ ကိုယ်"

လူရဲက မြင်းရုပ်ကိုငုံ့ကြည့်ရင်း ခပ်တိုးတိုးပြောသည်

"ဒီမြင်းရုပ်ကို ကိုယ်ကိုယ်တိုင်စွန့်ပစ်ခဲ့တာပါ။ ပြီး သူနေရာသူ ပြန်ထားတာပဲကောင်းပါတယ်ဆိုပြီး ရေတွင်းပျက်ထဲ က သွားပြန်ယူဖို့ ကြိုးစားတာ"

"ဩော် ... ကိုယ်ရယ်၊ စွန့်တုန်းက စွန့်ပြီး ဘာဖြစ်လို့ သွားပြန်ယူချင်ရတာလဲ"

လူရဲက ယမင်းစုလှိုင်ကို ခေါင်းငဲ့ကြည့်ရင်း ဆိုလျှော့ပြော ပြောရမည့်စကားလုံးကို လျှင်မြန်စွာစဉ်းစားရ၏။ ချက်ချင်းပင် သူက ပြုံးလိုက်သည်။





"ဩော် ... ကိုယ်နဲ့ယမင်းတို့ လက်ထပ်ပြီးတဲ့အခါ သား ... သားလေးမွေးလာရင် ဒီမြင်းရုပ်ကို စီးခိုင်းမလို့ သွားပြန်ကောက်တာလေ ... ဟင်း ဟင်း ဟင်း"

ယမင်းစုလှိုင်၏မျက်နှာချောချောလေးဝယ် ရှက်သွေး ဖြန်းသွားတော့၏။ သူမက ရှက်မျက်စောင်းလေးထိုးရင်း လူရဲ၏ လက်မောင်းကို ဆိတ်ဆွဲသည်။

"အို ... ကိုယ်ကလည်း ဘာတွေလျှောက်ပြောမှန်း မသိဘူး။ မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိသေးဘူး"

"အို ... မုန့်ဆီကြော်က ဒီမှာလေ"

"ဘယ်မှာလဲ"

"ဒီမှာလေ ... ယမင်းက မုန့်ဆီကြော်ပဲပေါ့"

လူရဲက ယမင်းစုလှိုင် လက်မောင်းအိုးလေးကို လက် တစ်ဖက်ဖြင့် ဖွဖွညင်သာ ဆုပ်ကိုင်ရင်း ပြုံးဖြဲဖြဲဖြင့် ပြောသည်။

"ကိုယ်နော် ... ပြောရင်းနဲ့ ပိုဆိုးလာပြီ။ လူကိုများ မုန့်ဆီကြော်တဲ့ ... ကဲ ကဲ"

သူမက လက်သီးဆုပ်နုနုလေးများဖြင့် လူရဲ၏ကျောပြင် ကို ရှက်ရမ်းရမ်းပြီး ထုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . . မုန့်ဆီကြော်လေး ရှက်သွားပြီ ဟေ့ . . . ဟား ဟား ဟား"

"ကြည့် ကဲ . . . မုန့်ဆီကြော်ဦး မုန့်ဆီကြော်ဦး"

သူမက အရှက်သည်းကာ လူရဲ၏ကျောပြင်ကို မနာအောင်ထုသည်။ လူရဲက သဘောကျစွာ ရယ်မောမဆုံး၊၊ နောက်ခေတ္တ ယမင်းစုလှိုင်လည်း လိုက်ရယ်တော့သည်။

ခုတော့လည်း သိင်္ဂါရစံအိမ်ကြီးထဲဝယ် ရယ်မောရွှင်ပျသံတို့ ဝေစည်လို့ရယ်။

❋ ❋ ❋



## တမလွန်မှ သတို့သမီးလောင်းလျာ

လူရဲနှင့်ယမင်းစုလှိုင်တို့၏ မင်္ဂလာဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲတို့ကို အောင်မြင်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါ၏။

လူရဲမှာ ချစ်ရသူလေးနှင့် ပေါင်းဖက်ရမည့်မင်္ဂလာပွဲမို့ စိတ်ထဲမှာ လွန်စွာကြည်နူးလျက် ရင်ခုန်နေမိသော်လည်း မင်္ဂလာဦးညသို့ရောက်မည့်အရေးကို တွေးကာ ရင်လေးနေမိတော့သည်။

ယမင်းစုလှိုင်သည် ဤစံအိမ်ကြီး၏ရာဇဝင်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



အထိုက်အလျောက် သိထားသော်လည်း လက်တွေ့မှု ကြုံဖူးခြင်း မရှိသေးပေ။

လက်တွေ့ကြုံလာပါက သူမအနေဖြင့် ခံနိုင်ရည် ရှိချင်မှ ရှိပေမည်။ အကယ်၍ ၎င်းတို့မိသားစုဝိညာဉ်များက အစွမ်းပြလာပါက ယမင်းစုလှိုင်အနေဖြင့် သွေးမပျက်သွားဘူးဟု မည်သူမျှ မပြောနိုင်ချေ။

သူကလည်း ဤစံအိမ်ကြီးနှင့် ခြံဝင်းကျယ်ကြီးကို သဘောကျနှစ်မြို့က်လှသဖြင့် တမင်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အချိန်ကုန် ငွေကုန်ကြေးကျခံကာ စိတ်တိုင်းကျ ပြုပြင်မွမ်းမံထားခြင်း ဖြစ်သည်။

ပြီးတော့ ဤသိဂ်ါရစံအိမ်ကြီးမှာပင် သူတို့ဇနီးမောင်နှံ၏မိသားစုဘဝလေးကို စတင်ရန် အခါခါ စိတ်ကူးယဉ် ရည်မှန်းထားခဲ့လေသည် မဟုတ်ပါလား။

ထို့ကြောင့် မည်သည့်နည်းဖြင့်ဖြစ်စေ ဤသိဂ်ါရစံအိမ်ကြီးကို သူ မစွန့်ခွာရက်ချေ။

သို့ဆိုလျှင် ဤစံအိမ်ကြီးနှင့် ခြံဝင်းကြီးကို ယမင်းစုလှိုင် စိတ်မပျက်သွားဖို့လိုသည်။ ယမင်းစုလှိုင် စိတ်မပျက်စေရန်မှာ





၎င်းတို့မိသားစု၏ ဝိညာဉ်များက မခြောက်လှန့်မှဖြစ်ပေမည်။ သူတို့ ခြောက်လှန့်နှောင့်ယှက်ခြင်းမပြုရန်မှာ သူတို့မကျေနပ်သည်တို့ကို မပြုလုပ်မိဖို့ အရေးကြီးသည်ဟု လူရဲ ဆင်ခြင်သုံးသပ်မိ၏။

ထို့ကြောင့်လည်း ယင်းဝိညာဉ်တို့ကို မဆန့်ကျင်ရန် သူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သူ၏အိမ်ထောင်ရေး သာယာစေရန် အထူးသဖြင့် ယမင်းစုလှိုင် ဤစံအိမ်ကြီးကို စိတ်ပျက်စွန့်ခွာမသွားစေရန် ဝိညာဉ်တို့နှင့် လိုက်လျောညီထွေ ဆက်ဆံဖို့ သူ စိတ်ကူးထားမိ၏။

သို့တိုင် ယနေ့ မင်္ဂလာဦးညတွင် မည်သို့ဆက်ဖြစ်မည်ကို လူရဲတစ်ယောက် မတွေးဆနိုင်သဖြင့် စိတ်လေးနေမိခြင်း ဖြစ်ပါ၏။

❋

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာက မင်္ဂလာဆောင်ခံပွဲ လုံးဝပြီးဆုံးပြီးချိန်မှ စ
ခြင်း ဖြစ်သည်။

မင်္ဂလာဆောင်ခံပွဲ အောင်မြင်စွာ ပျော်ပျော်ရွှင်ရွှင် ပြီးဆုံး
သည့်နောက် ဆွေမျိုးသင်္ဂဟမိတ်ဆွေများ ဝိုင်းကူလုပ်ကိုင်ပေး
သည့် လူရဲ၏ကုမ္ပဏီမှဝန်ထမ်းများ၊ အကျွေးအမွေးတာဝန်
ပေးသူများ၊ တီးဝိုင်းအဖွဲ့သားများ၊ ရင်းနှီးသောမိတ်ဆွေသူငယ်
ချင်းများ အသီးသီး ပြန်သွားကြသည်တွင် သိင်္
စံအိမ်ကြီးထဲ၌ လူရဲတို့ အသစ်စက်စက်ဇနီးမောင်နှံသာ ကျန်
ခဲ့တော့၏။





စံအိမ်ကြီး၏အောက်ထပ်မှ တံခါးတို့ကို လိုက်လံစစ်ဆေး
ပြီး ခြံဝင်းကြီးထဲနှင့် အိမ်အောက်ထပ်ရှိ လျှပ်စစ်မီးပွင့်များအားလုံး
ငြိမ်းပြီးနောက် အိမ်ပေါ်ထပ်သို့ သူတို့ ဇနီးမောင်နှံ လက်ချင်း
ချိတ်လျက် တက်လာသည်အထိ ပြဿနာ၏အရိပ်အယောင်ပင်
မမြင်မတွေ့ မကြားရသေးချေ။

အပျိုစင်မလေး ယမင်းစုလှိုင်မှာမူ မင်္ဂလာဦးညအဖို့
အတွက် ပျော်ရွှင်ကြည်နူးခြင်းနှင့်အတူ ရင်ခုန်စိတ်လှုပ်ရှားခြင်းတို့
လွှမ်းမိုးနေသဖြင့် ဤစံအိမ်ကြီး၏ရာဇဝင်ကြောင်းကို သတိပင်
မရချေ။

လူရဲမှာမူ ဝိညာဉ်တစ္ဆေမိသားစု ဘယ်အချိန်မှာ နှောင့်
ယှက်လေမလဲဟု ရင်ဝယ် စိုးတထိတ်ထိတ် ခံစားနေရလေသည်။

သူက ယမင်းစုလှိုင်၏ လက်ဖဝါးနွေးနွေးလေးကို ဆုပ်
ညှစ်လျက် အိတာလျှံကော်ဇောအသစ်ခင်းထားသည့် ကျွန်းလှေ
ကားကြီးအတိုင်း တစ်ထစ်ချင်း နင်းတက်လာရင်း အောက်ထပ်မှ
ညံ့သည့်အသံဗလံ ကြားရမည်လဲဟု နားစွင့်လာမိ၏။

မျက်လုံးကလည်း ဂဏှာမငြိမ်စွာ တောင်ကြည့်မြောက်
ကြည့်ဖြင့် ဝန်းကျင်ကို အကဲခတ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရင်ခုန်ကာ အရှက်သည်းနေရှာသည့် ယမင်းစုလှိုင်ကမူ လှရဲ၏သောကအပူကို မရိပ်မိချေ။

ဤသို့ဖြင့် Evening in Paris ရေမွှေးရနံ့တို့ သင်းထုံပျံ့နေသည့် ဖဲမွေ့ရာရွှေကော်ဇောတို့ဖြင့် အတိပြီးသော မင်္ဂလာဆောင်နှံ၏ ခန်းသဏ္ဌာလီကြီးထဲသို့ ချစ်သူနှစ်ဦး ခြေချမိခဲ့ပြီ။

ယမင်းစုလှိုင်က ပန်းနုရောင် ပန်းပွင့်လှလှကြီးများဖြင့် တင့်တယ်ရွှန်းပနေသော ဖဲအိပ်ရာခင်းကြီး လွှမ်းထားရာ Dumlop မွေ့ရာကြီးကိုလည်းကောင်း၊ ပန်းနုရောင်အသွေး သိုးမွေးစောင်ကြီးများကိုလည်းကောင်း၊ ပုစွန်ဆီရောင်အောက်ခံပေါ်ဝယ် ပန်းနုရောင် နှင်းဆီပွင့်လေးများ အထပ်ထပ်ဖြင့် လှပတင့်ရွှန်းလျက်ရှိသည့် မင်္ဂလာခန်းဝင် ခေါင်းအုံးကြီးများကို လည်းကောင်း၊ ပန်းနုရောင် ဇာပါးပါးနှင့် ရင်ခွဲမင်္ဂလာဇာခြင်ထောင် လှလှကြီးကိုလည်းကောင်း မျက်လုံးလေးဝင့်၍မျှ မကြည့်ဝံ့ဘဲ ကျွန်းခုတင်ကြီးဘေးမှ မှန်တင်ခုံဆီသာ တည့်တည့်မတ်မတ် သွားရောက်လိုက်ပြီး ဘဲဥပုံမှန်ဝိုင်းကြီး၏ရှေ့ရှိ ခွေးခြေခုံလေးဝယ် အသာထိုင်လိုက်တော့သည် ။

သူမက အဖြူရောင် မင်္ဂလာသတို့သမီးဝတ်စုံကို ဦးစွာ





ချွတ်လဲခြင်းမပြုသေးဘဲ ဇာခြုံလွှာဖြူဖြူလေးကို မှန်တင်ခုံဘေးရှိ တန်းပေါ်တင်လိုက်ပြီး ဦးခေါင်းမှ ငွေဆံညှပ်တို့ကို ဦးစွာဖြုတ်လျက် ရှိလေ၏။

လှရဲကမူ တစ်နေ့တာလုံး ပင်ပန်းနွမ်းနယ်နေသဖြင့် အဝတ်အစားပင် မလဲနိုင်ဘဲ မင်္ဂလာမွေ့ရာကြီးထက်သို့ ကန့်လန့်ဖြတ် ပက်လက်လှန်လှဲချရင်း အနားယူလိုက်မိတော့သည်။

ယမင်းစုလှိုင်က ဆံထုံးမှဆံညှပ်တို့ကို ဖြုတ်ပြီးနောက် ကျောတစ်ဝက်ခန့် ဝဲကျလာသည့် ပိတုန်းရောင်ဆံနွယ်တို့ကို ဆင်စွယ်ဘီးလေးဖြင့် ဖြီးချလျက်မှ လှရဲရှိရာဆီ မသိမသာ လှည့်ကြည့်လိုက်သည်။

ဘသားချောက အိပ်ရာပေါ်ဝယ် ကန့်လန့်ဖြတ်ကြီး ပက်လက်လှန် လဲလျောင်းရင်း အိပ်၍ပင် ပျော်နေချေပြီ။

“သြော် . . . သူလည်း တစ်နေကုန် ပင်ပန်းရှာတာကိုး။ အိပ်ရာပေါ် လှဲချလိုက်တာနဲ့ အိပ်ပျော်သွားတာပဲ”

လှရဲက ယမကာ လုံးဝသောက်သူမဟုတ်သော်လည်း မင်္ဂလာဦးညအတွက် ဂုဏ်ပြုခြင်းဟုဆိုတာ မိတ်ဆွေရင်း ဒေါက်တာရန်နိုင်စိုးနှင့် အိုင်အိုချစ်သွေးတို့က အတင်းတိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝီစကီနှစ်ပက်ခန့်တော့ သောက်လိုက်ရ၏။

သို့ကြောင့်လည်း အတန်တန် သတိဖြင့်ထိန်းချုပ်ထားခဲ့ သမျှ မင်္ဂလာမောင်နှံ၏ အိပ်ခန်းထဲ စိတ်ချလက်ချအရောက်ဝယ် စိတ်ကို ဖြည်လွှတ်ပြီး အပန်းဖြေလိုက်ရာ ချက်ချင်းဆိုသလို အိပ်ပျော်သွားခြင်းဖြစ်ပေသည်။

''နေပလေ့စေ ...အဲဒီလိုအိပ်သွားတာပဲ ကောင်းတယ်''

ယမင်းစုလှိုင်က တစ်ကိုယ်တည်း ရှက်ပြုံးလေးကျိတ်ပြုံးရင်း အဖြူရောင်သတို့သမီးဝတ်စုံကို စတင်ချွတ်လိုက်သည်။

ယင်းသို့ချွတ်ရင်း လူရဲရှိရာသို့ မလုံမလဲကြည့်မိသေး၏။

ထို့နောက် သူမက ညအိပ်ဝတ်စုံနှင့် လဲဝတ်ရန် ကျွန်းဗီရိုကြီး၏တံခါးရွက်ကို ဆွဲဖွင့်လိုက်တော့သည်။

''ဟင် ...အို ဒီမှာလည်း သတို့သမီးဝတ်စုံပါလား''

ကျွန်းဗီရိုကြီးထဲ ဝဲဘက်အခြမ်းရှိ ဝတ်စုံရှည်များ ချိတ်ဖြင့် ဆွဲချိတ်ထားရာအကန့်၌ ဖြူဖွေးဆွတ်လွ လှပလှသော သတို့သမီးဝတ်စုံဖြူဖြူကို တွေ့ရရာ ယမင်းစုလှိုင်မှာ လွန်စွာ





အံ့အားသင့်သွားရသလို နှုတ်ခမ်းလှလှလေးကိုလည်း ချွန်နေအောင် စူထားလိုက်မိတော့၏။

''ဟွန်း ...ဒီလောက်လှတဲ့ သတို့သမီးဝတ်စုံရှိတာ ငါ့ကို မပြောဘူး ကြည့်စမ်း''

ယမင်းစုလှိုင်က သတို့သမီးဝတ်စုံကို ချိတ်မှဖြုတ်ယူလိုက်ပြီး သွက်လက်စွာ ဝတ်ကြည့်လိုက်တော့၏။

ပြီးတော့ မှန်ရှေ့မှာရပ်ကာ ခန္ဓာကိုယ်လေးကို ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက်ဖြင့် မှန်ထဲမှအရိပ်ကို ကြည့်ခဲ ရှုမဝ ဖြစ်နေတော့သည်။

''ကြည့်စမ်းပါဦး၊ ဒီဝတ်စုံလေးက ပိုစမတ်ကျပြီး ပိုလှတယ်၊ ချုပ်ထားပုံကလည်း အရမ်းသေသပ်ပြီး ဒီဇိုင်းပုံစံကလည်း လှလိုက်တာ''

''ကိုယ်ဟာ ဒီလောက်လှတဲ့ သတို့သမီးဝတ်စုံကို ငါ့အတွက် ရည်ရွယ်ပြီးချုပ်ထားတာ ဖြစ်ရမယ်၊ ဒါနဲ့တောင် ...ဘာဖြစ်လို့ ဒီလိုဝတ်စုံချုပ်ထားတာကို မပြောသလဲ မသိဘူးနော်''

သူမက လက်ကလေးနှစ်ဖက်ဖြင့် ဂါဝန်ဖြူလွလွလေးကို



www.burmeseclassic.com

www.burmeseclassic.com



အသာမကာ ကြည်နူးစွာ ခန္ဓာကိုယ်လေးကို နှစ်ပတ်သုံးပတ်မျှ လှည့်လိုက်သည်။

သည်စဉ်ခိုက် သူမ၏လက်တစ်ဖက်က မှန်တင်ခုံပေါ်ရှိ ရေမွှေးပုလင်းလေးတစ်လုံးကို တိုက်မိသွားတော့၏။

"ချွင် ကလုံ ကလုံ"

ဖန်သားထူသည့် ရေမွှေးပုလင်းလေးက မကွဲဘဲ လှာထိုး ကြမ်းပြင်ပေါ် လိမ့်သွားလေသည်။

ထိုအသံကြောင့် လူရဲ အိပ်ပျော်နေရာမှ လန့်နိုးသွား တော့၏။

ယမင်းစုလှိုင်က လူရဲကိုလှည့်ကြည့်သည်။

"ဩော် ... ကိုယ် နိုးသွားပြီလား"

လူရဲက လက်ညှိုးဖြင့် မျက်လုံးတို့ကိုပွတ်ရင်း လဲ လျောင်းနေရာမှ ထထိုင်လိုက်၏။

"အင်း ...ပင်ပန်းလို့လားမသိဘူး လှဲလိုက်တာနဲ့ အိပ်ပျော်သွားတော့တာပါပဲ"

"ကိုယ်က တော်တော်ဆိုးတယ်သိလား။ ဒီသတို့သမီး ဝတ်စုံလေး အဆင်သင့်ရှိနေတာ ယမင်းကိုမပြောဘူး"





ယမင်းစုလှိုင်က နှုတ်ခမ်းလေးစူကာ အပြစ်တင်သလို ပြောရင်းမှ ဂါဝန်ဖြူလေး၏ ဘေးနှစ်ဖက်မှ အသာမလျက် ခန္ဓာ ကိုယ်လေးကို လှည့်ပတ်ပြလိုက်သည်။

"ကြည့်စမ်း ... ဒီဝတ်စုံလေးက ပိုလှတယ် သိလား"

သတို့သမီးဝတ်စုံဖြူလေးကိုကြည့်ရင်း လူရဲ မျက်ခုံးပင့် လိုက်မိတော့၏။

"ဟင် ဒါ ... စောစောက ညှော်ခံပွဲမှာဝတ်တဲ့ ဝတ်စုံ လည်း မဟုတ်ပါလား"

"ဟုတ်တယ်၊ ဒါ ကိုယ်ဝယ်ထားတဲ့ ဝတ်စုံလေ၊ ဒီ သတို့သမီးဝတ်စုံက ညှော်ခံပွဲမှာ ယမင်းဝတ်ခဲ့တဲ့ဝတ်စုံထက် ပိုလှတယ် တွေ့လား"

"ဘယ် ... ဘယ်လို ကိုယ်ဝယ်ထားတဲ့ဝတ်စုံ၊ ဟုတ် လား"

"ဟုတ်တယ်လေ၊ ဟင် ... ကိုယ်ကလည်း ဘာ ကြောင်ပြန်ပြီလဲ။ ဟိုဗီရိုထဲမှာ ကိုယ်ချိတ်နဲ့ချိတ်ထားတာတွေ့ လို့ သဘောကျတာနဲ့ ယမင်းဝတ်ကြည့်နေတာ၊ လှတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အံ့သြတုန်လှုပ်လွန်းသဖြင့် ယမင်းစုလှိုင်၏ မေးခွန်းကို ပင် မဖြေနိုင်ဘဲ လူရဲ ထိုင်ရာမှထရပ်လိုက်ပြီး သတို့သမီးဝတ်စုံ ကို အနီးကပ်ကြည့်သည်။

"သူ့အသားက ပိုကောင်းတယ်နော်၊ ချုပ်ထားတာ လည်း ပိုသပ်ရပ်တယ်၊ ဒီဝတ်စုံက ယမင်းဝတ်ခဲ့တဲ့ဝတ်စုံထက် ပိုဈေးကြီးမှာ သေချာတယ်၊ ဒီဝတ်စုံ ကိုယ်ဝယ်ထားမှန်းသိရင် ဟိုဝတ်စုံကို ယမင်း မဝတ်ပါဘူး။ ကဲ ဘာကြောင့်တောင်တောင် နဲ့ ကြည့်နေတာလဲ။ လှတယ်မဟုတ်လားလို့"

"အင်း ...လှ၊ လှပါတယ်"

လူရဲက ဖွေးဖွေးဆွတ်နေသည့် သတို့သမီးဝတ်စုံကို တစ်လှည့် ဟောင်းလောင်းပွင့်နေသော ဗီရိုကိုတစ်လှည့် ကြည့် ရင်း ခေါင်းကမူးရိပ်ရိပ်ဖြစ်လာသည်။

သူက ခုတင်တိုင်ကိုမှေးကိုင်ရင်း မွေ့ရာပေါ်ပြန်ထိုင် လိုက်ရ၏။

ဝတ်စုံဖြူကိုငုံ့ကြည့်ရင်း ပီတိဝေဖြာနေသည့် ယမင်း စုလှိုင်ကမူ လူရဲ၏ဖြစ်အင်ကို သတိမမူမိချေ။

တကယ်တော့ ထိုဝတ်စုံကို လူရဲမှတ်မိသည်။ အိမ်





အောက်ထပ်ရှိ အဝတ်ဟောင်းများထားသည့် အခန်းထဲမှ ဗီရို တစ်လုံးထဲတွင် ယင်းသတို့သမီးဝတ်စုံကို သူ တွေ့ဖူးခဲ့သည်ပဲ၊

ထိုဝတ်စုံက ဤမင်္ဂလာမောင်နှံအိပ်ခန်းထဲရှိ ဗီရိုကြီးထဲ ဘယ်လိုရောက်နေပါလိမ့်။

တကယ်တော့ ယင်းဝတ်စုံသည် ဂျွန်၏ညီမ ရှယ်လီ၏ ဝတ်စုံဖြစ်နိုင်သည်။ သို့သော် ရှယ်လီကိုအပျိုဟုသာ လူရဲသိထား သည်။ သို့ဆိုလျှင် ရှယ်လီအတွက် ကြိုချုပ်ထားသော သတို့သမီး ဝတ်စုံဖြစ်ရမည်။

"အဲဒီဝတ်စုံက ဘာဖြစ်လို့ ဒီအခန်းထဲရောက်နေရတာ လဲ"

သူတွေးရင်း သက်ပြင်းချလိုက်မိ၏။

ယမင်းစုလှိုင်ကတော့ ယင်းဝတ်စုံကို သူဝယ်ထားသည့် ဝတ်စုံဟုသာ ထင်နေသည်။ အဖြစ်မှန်ကို လူရဲ မရှင်းပြလိုချေ။ ရှင်းပြလျှင် အခြေအနေ ပိုရှုပ်ထွေးသွားနိုင်သည်။

"ကဲပါ ယမင်းရယ် ...အဲဒီဝတ်စုံကို ပြန်ချွတ်လိုက် ပါ"

"ဟင် ...ဘာဖြစ်လို့ချွတ်ရမှာလဲ။ မချွတ်ဘူး၊ ဒီဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



လေးဝတ်ရတာသဘောကျတယ်၊ ကိုယ့်ကြောင့် မင်္ဂလာညှော်ခံပွဲ
တုန်းက ဒီဝတ်စုံကို ဝတ်ခွင့်မရခဲ့တာ သိလား။ ဒါကြောင့်
. . . ဒီဝတ်စုံကို အတိုးချဝတ်မယ်၊ ဒီဝတ်စုံဝတ်ပြီး အိပ်မယ်၊
ဒါပဲ''

''အာ . . . ဒုက္ခပါပဲ၊ နောက်မှဝတ်ပါ၊ ယမင်းရယ်။
ခုတော့ ဒီဝတ်စုံကို ချွတ်လိုက်ပါ''

''မချွတ်ဘူး၊ ကိုယ့်ကြောင့် ဒီဝတ်စုံလှလှလေးကို ညှော်ခံ
ပွဲမှာ မဝတ်ရတာ၊ ခု အတိုးချပြီး ဝတ်အိပ်မယ်''

ယမင်းစုလှိုင်က ပြောပြောဆိုဆိုဖြင့် ဇာခြင်ထောင်ကို
ဆွဲချပြီး ခုတင်ပေါ်တက်ကာ မွေ့ရာတစ်ဖက်စွန်းတွင် လှဲအိပ်
လိုက်သည်။

လှူရဲက ဗီရိုတံခါးရွက်ကို ထပိတ်လိုက်ပြီးနောက် အိပ်
ခန်းမီးကို ပိတ်လိုက်သည်။

မင်္ဂလာအိပ်ခန်းဆောင်ကြီးထဲဝယ် ညအိပ်မီး Dim Light
အရောင်ပြာလဲ့လဲ့လေးသာ လွှမ်းမိုးလျက် ရှိတော့၏။

လှူရဲသည် ခုတင်အနီးသို့ ခပ်ဖြည်းဖြည်းချဉ်းကပ်
သွားသော်လည်း ခုတင်ပေါ်သို့ ရုတ်တရက် မတက်ဘဲ ခုတင်





ဘေးမှာ ရပ်လျက် ဇနီးအသစ်စက်စက်လေးကို ငေးကြည့်နေ
မိသည်။

သူ ခုတင်ပေါ်တက်ဖို့ မဝံ့မရဲဖြစ်နေမိ၏။ သေဆုံးခဲ့ပြီ
ဖြစ်သော ရှယ်လီ၏ဝတ်စုံကို ဝတ်ထားသည့် ယမင်းစုလှိုင်အနီးသို့
ကပ်ရန် ဝန်လေးနေမိသည်။

ယမင်းစုလှိုင်ကမူ ပိုမိုလှပကောင်းမွန်သော သတို့သမီး
ဝတ်စုံအသင့်ရှိပါလျက် မင်္ဂလာညှော်ခံပွဲတွင် သူမဝတ်နိုင်စေရန်
ထုတ်မပေးခဲ့သည့် ခင်ပွန်းအသစ်စက်စက် လှူရဲကို အရွဲ့တိုက်ပြီး
ယင်းဝတ်စုံကို ဝတ်ကာ တစ်ဖက်လှည့်အိပ်လျက်ရှိချေပြီ။

သူမသည် လှူရဲကို မကျေနပ်ကြောင်း ဆန္ဒပြသည့်အနေ
ဖြင့် ခဏတော့ ဝတ်အိပ်ကာ ပညာပေးလိုက်မည်ဟူသော ရည်
ရွယ်ချက်ထားလျက် ယင်းသတို့သမီးဝတ်စုံကို ဝတ်အိပ်လိုက်ခြင်း
ဖြစ်သော်လည်း နေ့တွင်မှ လဲလျောင်းလိုက်သည်နှင့် တစ်နေကုန်
ပင်ပန်းထား၍လားမသိ ချက်ချင်းဆိုသလို အိပ်မောကျသွားပါ
တော့၏။

''တောက် . . . ငါတို့ရဲ့မင်္ဂလာဦးညမှာ သာယာပျော်ရွှင်
နေမယ့်ဟာ ဒီဝတ်စုံ ဝင်ရှုပ်တာနဲ့ စိတ်ညစ်စရာဖြစ်ရပြီ''



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်လျှင် ထိုသတို့သမီးဝတ်စုံကို ယမင်းစုလှိုင်၏ ခန္ဓာကိုယ်ပေါ်မှ ဆွဲချွတ်ကာ ဓားဖြင့် နုတ်နုတ်စင်းပြီး မီးရှို့ပစ်လိုက်ချင်တော့သည်။

လှူရဲသည် ဖဲမွေ့ရာကြီးပေါ်တွင် သူ့ကိုကျောခိုင်းအိပ်နေသည့် ယမင်းစုလှိုင်၏ လှပကျော့ရှင်းသော ခန္ဓာကိုယ်နောက်ပိုင်းအလှကို Dim Light မီးရောင်အောက်တွင် ငေးကြည့်ရင်းရင်ခုန်သံမြန်လာ၏။

သို့ကြောင့် ဇာခြည်ထောင်အကွဲကြားမှနေ၍ အိပ်ရာပေါ်လှမ်းတက်လိုက်ပြီး ယမင်းစုလှိုင်၏ပခုံးစွန်းလေးကို ဆုပ်ကိုင်လိုက်တော့သည်။

ပြီးလျှင် သူက သူမကို သူ့ဘက်သို့ ခပ်ဖြည်းဖြည်းဆွဲလှည့်လိုက်တော့၏။

ယမင်းစုလှိုင်၏ကိုယ်လေးက အိခနဲလည်လာတော့သည်။

လှူရဲက သူ့ဘက်လှည့်လာသည့် ယမင်းစုလှိုင်၏မျက်နှာချောချောလေးကို ငုံ့ကြည့်လိုက်သည့်အခိုက်မှာပင် –

"ဟာ"





သူ ထိတ်လန့်တကြားဖြင့် နောက်သို့ ကိုယ်ကိုယို့လိုက်မိတော့၏။

"ယ ... ယမင်းလည်း မဟုတ်ပါလား"

ယမင်းစုလှိုင်၏မျက်နှာနေရာတွင် ဘိုမလေးနှယ် လှပသည့် မိန်းကလေးမျက်နှာကိုတွေ့လိုက်ရရာ သူ မယုံနိုင်အောင် ထိတ်လန့်တကြားဖြစ်သွားရတော့သည်။

Dim Light အလင်းရောင် ပြာလဲ့လဲ့အောက်တွင် ဘိုဆန်ဆန်လှပချောမောနေသည့် မိန်းကလေး၏မျက်နှာကို ကြောင်ငေးငေးဖြင့် ကြည့်နေမိစဉ်မှာပင် သူမ၏ဆံနွယ်တို့က ရွှေရောင်သို့ တရွေ့ရွေ့ပြောင်းလာသည်။

"ဟာ ... ရှယ် ရှယ်လီလားမသိဘူး"

လှူရဲ ခေါင်းမွေးများထောင်ထသွားတော့၏။

သူက သူမ၏မျက်နှာကို ချောက်ချားစွာငေးကြောင်ကြည့်နေစဉ်မှာပင် သူမ၏မျက်လုံးတို့က ဖျတ်ခနဲ ပွင့်လာတော့၏။

"မင်း ... မင်းဘယ်သူလဲ၊ ဘယ်သူလဲ"

သူမ၏လှပသောနှုတ်ခမ်းတို့က ပြုံးလာသည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ခပ်သဲ့သဲ့ရယ်သည်။

"ဟင်း ဟင်း ဟင်း ... ရှယ်လီ ရှယ်လီလေ"

လှူရဲ လန့်ဖျပ်သွားပြီး နောက်သို့ဆုတ်ကာ ခုတင်ပေါ်မှ ကမန်းကတန်းဆင်းလိုက်၏။

သူမက အိပ်ရာထက် ပက်လက်လဲလျောင်းလျက်မှပင် သူ့ကို မထိတရိအပြုံးဖြင့် ပြုံးကြည့်နေလေသည်။

"ဟင်း ဟင်း ... ဘာလဲ ရှင်က မကျေနပ်လို့လား။ ဟောဒီ သတို့သမီးဝတ်စုံက ရှယ်လီ ဒေးဗစ်နဲ့ လက်ထပ်တဲ့အခါ ဝတ်ဖို့ ဘီလပ်ကနေ အော်ဒါမှာထားတဲ့ ဝတ်စုံရှင့်၊ သိရဲ့လား။

ဒါပေမဲ့ ... ဒီမင်္ဂလာသတို့သမီးဝတ်စုံကို ကျွန်မ မဝတ်လိုက်ရပါဘူး။ လက်ထပ်ဖို့ စီစဉ်ထားပြီးမှ ရှယ်လီရဲ့ ဒေးဗစ်ပါ အသတ်ခံလိုက်ရတယ်လေ၊ ဒီတော့ သတို့သမီးဝတ်စုံကို ဘယ် ဝတ်လိုက်ရပါ့မလဲ ...၊

ရှယ်လီက ဒေးဗစ်ကိုမချစ်ခဲ့ပါဘူး၊ ရှယ်လို့အစ်ကို ဂျွန်ရဲ့ဩဇာကို မလွန်ဆန်နိုင်လို့သာ သူနဲ့လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ရတာပါ ...၊

ဒေးဗစ်ကို မချစ်ခဲ့ပေမယ့် သူနဲ့လက်ဆက်ရမယ့်





လက်ထပ်ပွဲကို မနှစ်မြို့ပေမယ့် လှပလွန်းတဲ့ ဟောဒီသတို့သမီး ဝတ်စုံလေးကိုတော့ ဝတ်ချင်ခဲ့ပါတယ်၊ သတို့သမီးတစ်ယောက် အနေနဲ့ ဝတ်ချင်ခဲ့တာပါ ...၊

ဒါကြောင့် ... အခုသတို့သမီးတစ်ယောက်အနေနဲ့ ဒီသတို့သမီးဝတ်စုံလေးကို ဝတ်ပြီး ဟောဒီလို မင်္ဂလာဆောင်နံ့ရဲ့ မွေ့ရာကြီးပေါ်မှာပဲ လျောင်းအိပ်စက်ချင်ခဲ့တာ ကြာပြီရှင့်၊ သိရဲ့ လား ...၊

အထူးသဖြင့် ရှင့်လို သတို့သားချောချောလေးနဲ့တွဲဖက် လို့ပေါ့၊ လာလေ ... မင်္ဂလာဆောင်နံ့ရဲ့အိပ်ရာပေါ်ကိုလာလေ၊ ရှင် ဘာလို့ တွန့်ဆုတ်နေတာလဲ၊ လာလေ ... လာပါရှင့်"

သူမက ပက်လက်အနေအထားမှနေ၍ လက်တစ်ဖက် ကို ရှေ့သို့ ဆန့်တန်းကာ ကမ်းလိုက်၏။

လှူရဲက ကြောက်လန့်တကြားဖြင့် နောက်ဆုတ်လိုက် သည်။

"မလာဘူး ... မလာဘူး၊ မင်း သွား သွား"

"မင်းဟာ သတို့သမီးမဟုတ်ဘူး၊ တစ္ဆေမ သရဲမ သရဲမ သွား သွား သွား"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ အသံကုန်ဟစ်အော်လိုက်၏။

ထိုအခိုက်မှာပင် သူ့ဒူးတို့ ညွတ်ကျလာပြီး ကြမ်းပြင်ပေါ်ဝယ် ဒူးထောက်လျက်သား ဖြစ်သွားသည်။

"သွား သွား . . . အဲဒီဝတ်စုံကို မဝတ်နဲ့။ အဲဒီဝတ်စုံကို မကြိုက်ဘူး၊ မကြိုက်ဘူး၊ အဲဒီဝတ်စုံကို . . . ချွတ် ချွတ်"

ထိုစဉ် သူ့ပခုံးနှစ်ဖက်တို့ ပျော့ပျောင်းသော လက်လေးနှစ်ဖက်က ဖွဖွညင်သာဆုပ်ကိုင်လာသည်။

သူ လန့်ဖျပ်ပြီး မော့ကြည့်လိုက်၏။

"ကိုယ် ကိုယ် ကိုယ် ဘာဖြစ်တာလဲ။ ဘာဖြစ်လို့ စူးစူးဝါးဝါးအော်နေတာလဲဟင်။ ကိုယ်အော်တာနဲ့ ယမင်း လန့်နိုးသွားတာ"

လှူရဲက သူမ၏မျက်နှာကို မယုံနိုင်စွာ မော့ကြည့်သည်။

"ယမင်း ယမင်း"

"ဟုတ်ပါတယ် ကိုယ်ရဲ့ယမင်းပါ။ ကိုယ် ဘာဖြစ်နေတာလဲဟင်။ ပြီးတော့ . . . ဒီဝတ်စုံကိုမကြိုက်ဘူး၊ ချွတ်ချွတ်လို့ ဘာဖြစ်လို့အော်ရတာလဲ"





လှူရဲက ယမင်းစုလှိုင်ဝတ်ထားသည့် သတို့သမီးဝတ်စုံ ဖြူဖြူကို မသတီသလို ကြည့်လိုက်ပြီး –

"ဒီ . . . ဒီဝတ်စုံကို မဝတ်ပါနဲ့တော့ ယမင်းရယ်၊ မဝတ်ပါနဲ့၊ မဝတ်ပါနဲ့"

ဟု အသံတိုးတိုးဖြင့် အဆက်မပြတ် တောင်းပန်လိုက်၏။

ယမင်းစုလှိုင်က လှူရဲ၏နဖူးမှ ချွေးသီးတို့ကို လက်ဖဝါး နုနုဖြင့် ပွတ်သုတ်ပေးလိုက်ပြီး ကြင်နာစွာပြုံးလိုက်သည်။

"အင်းပါ . . . ယမင်း အခုပဲ ညအိပ်ဝတ်စုံနဲ့ လဲလိုက်ပါ့မယ်၊ ကိုယ် အိပ်ရာထဲက စောင့်နေနော်"

ယမင်းစုလှိုင်က လှူရဲကို ဖေးမထူကာ အိပ်ရာခုတင်ပေါ် ပို့ပေးလိုက်လေသည်။

လှူရဲက အိပ်ရာပေါ်ဝယ် ပက်လက်လဲလျောင်းရင်း မျက်လုံးအစုံကို မှိတ်ထားလိုက်မိ၏။

ခဏအကြာမှာပင် ခုတင်က သိမ့်ခနဲဖြစ်သွားပြီး ယမင်းစုလှိုင်က မရှန်းနုရောင် ညအိပ်ဝတ်စုံပါးပါးလေးဝတ်လျက် အိပ်ရာထဲဝင်လာသည်။

သူမက သူ့အပေါ်မှမိုးကြည့်ရင်း ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို မော့ကြည့်ရင်းမှ သက်ပြင်းချလိုက်ပြီးနောက် သူမ၏ ခါးကျဉ်ကျဉ်လေးကို လက်တစ်ဖက်ဖြင့် ဆွဲဖက်လိုက်၏။

ထို့နောက်မှာမူ မင်္ဂလာမောင်နှံ၏ ခန်းသဗ္ဗာလီဝယ် သိင်္ဂါရရသတို့ လှပစွာထုံမွှန်းသွားပါတော့သတည်း။

❊ ❊ ❊

# အခန်း (၃)

## ဝိညာဉ်စေစားရပ်တဲ့များ

မရဏဆည

ပရှင်းတမ်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)



## ဝိညာဉ်စေစားရုပ်တုများ

နောက်နေ့နံနက်မှာပင် လူရဲ၏ကုမ္ပဏီမန်နေဂျာ ကိုတင့်ဆွေ ရွေးချယ်ခေါ်ယူလာသည့် ထမင်းချက်အမျိုးသမီးကြီးတစ်ဦး၊ အိမ်စေမိန်းကလေးငယ်ငယ်တစ်ဦးနှင့် ခြံစောင့်အတွက် အမျိုးသားကြီးတစ်ဦးတို့ ရောက်ရှိလာကြသည်။

အသက်လေးဆယ်ခန့်ရှိ ထမင်းချက် ဒေါ်ထား၊ အပျိုအရွယ် အိမ်စေစုထွေးနှင့် အသက်ခြောက်ဆယ်ခန့်ရှိ ခြံစောင့်ကြီး ဦးဘသောင်းတို့ကို အိမ်ရှင်မ ယမင်းစုလှိုင်ကိုယ်တိုင် စစ်ဆေးမေးမြန်းကာ အတည်ပြုခန့်ထားလိုက်တော့၏။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုဆိုလျှင် သိင်္ဂါရစ်အိမ်ကြီးတွင် လူစုံတက်စုံဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပြီဖြစ်သည်။

စံအိမ်ကြီးတွင် အိမ်စေ၊ ထမင်းချက်၊ ခြံစောင့်တို့ဖြင့် ယမင်းစုလှိုင်အတွက် အဖော်အလျော်စုံလင်စွာရှိပြီဖြစ်၍ မင်္ဂလာဆည်ခံပွဲ ကျင်းပပြီး သုံးလေးရက်အကြာမှာပင် လူရဲ ကုမ္ပဏီသို့ စိတ်ချလက်ချ အလုပ်စဆင်းတော့သည်။

အလုပ်ဆင်းပြီးနှစ်ရက်အကြာ လူရဲကုမ္ပဏီမှအပြန် အိပ်ခန်းထဲ၌ အဝတ်အစားလဲနေစဉ် ယမင်းစုလှိုင် အခန်းထဲလိုက်ဝင်လာပြီး မေးခွန်းထုတ်သည်။

"ကိုယ် ဒီဗီရိုထဲက ဟိုသတို့သမီးဝတ်စုံရော"

"ယမင်းရဲ့ဝတ်စုံလား"

"မဟုတ်ပါဘူး၊ ကိုယ်မကြိုက်ဘူးဆိုတဲ့ဝတ်စုံကို ပြောတာပါ"

"သြော် အေး .. အဲဒီဝတ်စုံကို ဘာကြောင့်မှန်းမသိဘူး၊ ကိုယ်မကြိုက်ဘူး ဖြစ်နေတယ် ယမင်းရယ်။ ရုံးကုန် တိုက်ကနေ ဝယ်ပြီးမှ မကြိုက်တာလေ၊ ဒါနဲ့ ... ဟိုတစ်နေ့ကပဲ ရုံးယူသွားပြီး ရုံးကစာရေးမလေးတစ်ယောက်ကို ပေးလိုက်တယ်ကွာ"

"ဘာ ... ဒီလောက်တန်ဖိုးကြီးတဲ့ဝတ်စုံ သူများကို ပေးလိုက်တယ် ... ဟုတ်လား"

"ဟုတ်တယ် ယမင်း ... ကိုယ်မှမကြိုက်ဘဲ၊ ကိုယ်မကြိုက်တာ ယမင်းကိုလည်း မဝတ်စေချင်ဘူးလေ၊ ဒါကြောင့် ... ပေးလိုက်တာ၊ ကဲ ... ကိုယ် ရေချိုးလိုက်ဦးမယ်"

လူရဲက ပြောပြောဆိုဆိုဖြင့် သဘက်နှင့်ရေလဲလုံချည်တို့ကို ပခုံးပေါ်တင်ပြီး အခန်းထဲမှထွက်ကာ အောက်ထပ်သို့ ဆင်းသွားလိုက်၏။ ရေချိုးခန်းက အိမ်အောက်ထပ် နောက်ဘက်မှာ ရှိသည်လေ၊

ယမင်းစုလှိုင်ကတော့ မိန်းမသားပီပီ အဖိုးတန် သတို့သမီးဝတ်စုံကို နမြောလျက် ရှိတော့သည်။

❋





www.burmeseclassic.com

www.burmeseclassic.com

လူရဲနှင့် ယမင်းစုလှိုင်တို့လက်ထပ်ပြီး တစ်လကျော်ကျော်ကြာသည်အထိ သိင်္ဂါရစံအိမ်ကြီးတွင် ထူးခြားမှုမရှိချေ။

ထို့ကြောင့် လူရဲမှာ အတော်စိတ်ချမ်းသာလျက် ရှိ၏။

သို့ဖြင့် လူရဲသည် အိန္ဒိယပြည် ကလကတ္တားမြို့သို့ ကုမ္ပဏီကိစ္စဖြင့် သွားရောက်ရန် အကြောင်းပေါ်လာတော့၏။

"ဟင် ... ကိုယ်က နိုင်ငံခြားခရီးသွားရမယ် ဟုတ်လား"

"ဟုတ်တယ် ယမင်း။ ကိုယ်တို့ကုမ္ပဏီကပို့တဲ့ ကုန်တွေ





နဲ့အတူ သင်္ဘောနဲ့လိုက်သွားရမှာ။ မန်နေဂျာကိုတင့်ဆွေကိုလည်း ခေါ်သွားရမယ်၊ ဟိုမှာ သွင်းကုန်ရော ထုတ်ကုန်အတွက်ပါ ဟိုကကုမ္ပဏီတွေနဲ့ ချိတ်ဆက်ဆွေးနွေးရမှာ ယမင်းရဲ့၊ ဒါကြောင့် ... ဟိုမှာ တစ်လကျော်ကျော်လောက်ကြာမယ်၊ ဒီအိမ်မှာ ကိုယ်မရှိလည်း ဖြစ်တယ်မဟုတ်လား။ ဦးဘသောင်းတို့ ဒေါ်ထားတို့လည်း ရှိတာပဲ၊ စုထွေးကို ယမင်းနဲ့အတူခေါ်သိပ်ပေါ့"

"ယမင်းအတွက် မပူပါနဲ့ ကိုယ်ရယ်။ ကိုယ်သာ ဘေးအန္တရာယ်ကင်းရှင်းအောင် ဂရုစိုက်ပြီးသွားပါ။ ကိုတင့်ဆွေပါ ပါလို့လည်း စိတ်ချရတာပါ"

"ကိုယ့်အတွက်တော့ စိတ်ချပါယမင်းရဲ့၊ အိန္ဒိယက ပြန်လာရင်လေ ယမင်းအတွက် ဖဲသားနဲ့ချုပ်ထားတဲ့ ဆာရီတစ်စုံ လက်ဆောင်အဖြစ်ဝယ်ခဲ့မယ် သိလား"

"ဟွန်း ... တော်ပါ"

ယမင်းစုလှိုင်က ချစ်လင်ကို မျက်စောင်းလေးခဲလိုက်လေသည်။

မည်သို့ဖြစ်စေ ချစ်ရသူလေးနှင့် ဘေးရန်ကင်းကင်း ပျော်ရွှင်စွာဖြင့် ဤစံအိမ်ကြီးထဲ နေရသည့်ဘဝကို လူရဲ များစွာ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျနှစ်မြို့က်လျက်ရှိလေသည်။

အိန္ဒိယနိုင်ငံသို့သွားမည့်ကိစ္စသည်လည်း သူ၏ကုမ္ပဏီ လုပ်ငန်းကို တိုးချဲ့နိုင်ရန် ဖြစ်ပါ၏။

❈

လူရဲ အိန္ဒိယသို့ထွက်ခွာသွားပြီး တစ်ပတ်အကြာမှာပင် ခါတိုင်းအိမ်အောက်ထပ် စကြံမှ နံရံတွင်ချိတ်ဆွဲထားလေ့ရှိသော ကြေးသော့တွဲကြီးကို ယမင်းစုလှိုင် အိမ်အနှံ့တွင် ရှာဖွေတော့၏။

သူမနှင့်လက်ထပ်ပြီးနောက် အဆိုပါကြေးသော့တွဲကြီး ကို လူရဲ သိမ်းထားခဲ့၏။

အိမ်ရှိ အလုပ်သမားများက ထိုပိတ်ထားသည့် အခန်းသုံး ခန်းထဲ ဝင်မိမည်စိုး၍ဟုဆိုကာ ယင်းကြေးသော့တွဲကြီးကို သိမ်း လိုက်ရခြင်းဖြစ်ကြောင်း လူရဲက ပြောပြဖူးသည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...ယင်းသော့တွဲကြီးကို ဘယ်မှာထားမှန်း မသိ။

မေးလျှင်လည်း ဝေ့လည်ကြောင်ပတ်ဖြင့် ဖြေသည်။ နောက်တော့လည်း ယင်းကြေးသော့တွဲကြီးအကြောင်း မေ့ထားလိုက်ကြတော့၏။

ယခု လူရဲ အိမ်မှာမရှိမှ အောက်ထပ်ရှိ ပိတ်ထားသော အခန်းသုံးခန်းကို ဖွင့်ကြည့်ရန် စိတ်ကူးမိပြီး ကြေးသော့တွဲကို ရှာဖွေနေခြင်းဖြစ်၏။

ယင်းအခန်းတို့ကို ဖွင့်ကြည့်လိုစိတ် ဖြစ်ပေါ်လာရသည်မှာ ထိုအခန်းများထဲမှ စကားပြောသံလိုလို အသံဗလံကို ကြားမိကြောင်း အိမ်စေမလေးစုထွေးကပြောလာသည်မှာ နှစ်ခါ သုံးခါမက ရှိနေပြီဖြစ်သဖြင့် ထိုအခန်းတို့ကို ဖွင့်ကြည့်လိုစိတ် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

တွေ့မယ့်တွေ့တော့လည်း ခုတင်၏ဝဲဘက်ရှိ ကျမ်းစာအုပ်တို့ထားရှိရာ ဗီရိုပုလေး၏အောက်ဆုံးအံဆွဲထဲ၌ တွေ့ရလေသည်။

ကြေးသော့တွဲကြီးရသည်နှင့် ယမင်းစုလှိုင်မှာ အတော်





ပျော်သွားပြီး အိမ်အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာခဲ့တော့၏။

သူမသည် အိမ်စေကောင်မလေးစုထွေးကိုပါ ခေါ်လိုက်ပြီး အရုပ်တို့ထားရာ အခန်းတံခါးဆီ ဦးစွာသွားလိုက်ကြတော့သည်။

ယမင်းစုလှိုင်က ကြေးသော့တွဲကြီးထဲမှ သော့တံတစ်ချောင်းဖြင့် အခန်းဝတစ်ခုမှ သော့ခလောက်ကြီးကို ဖွင့်လိုက်ပါတော့၏။

"ဒီအခန်းတွေရှေ့က ဖြတ်သွားတိုင်း အခန်းတွေထဲကနေ စကားပြောသံလိုလိုတွေ သဲ့သဲ့ကြားရတယ် မမ"

စုထွေး၏ပြောပြချက်ကြောင့် အဆိုပါအခန်းသုံးခန်းအား ဖွင့်ကြည့်စစ်ဆေးရန် ယမင်းစုလှိုင် ဆုံးဖြတ်လိုက်ရခြင်းဖြစ်၏။

ယမင်းစုလှိုင်က ယင်းအခန်းသုံးခန်းစလုံးကို သော့ဖွင့်ကာ ကြည့်ရှုစစ်ဆေးခြင်းပြုလေရာ အဝတ်ဗီရိုများထားရာ အခန်းထဲမှ ဗီရိုတစ်လုံးကို ဖွင့်လိုက်သည်တွင် ဗီရိုထဲ လုံးထွေးထည့်ထားသည့် အဝတ်အစားတို့အလယ်၌ စက္ကူဘူးလုလု ပြားပြားလေးတစ်ဘူးကို တွေ့ရှိကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းဘူးကို ဖွင့်ကြည့်လိုက်ရာ –

"ဟင် ... ဒီအထဲမှာ သတ္တိသမီးဝတ်စုံပါလား"

သူမက သတ္တိသမီးဝတ်စုံဖြူလွလွကို ဘူးထဲမှ ဆွဲထုတ်လိုက်ပြီး သေချာစစ်ဆေးကြည့်ရှုလေသည်။

"ဟုတ်ပါတယ်၊ ဒါဟာ မင်္ဂလာဦးညက ငါဝတ်ခဲ့ဖူးတဲ့ သတ္တိသမီးဝတ်စုံပါ။ ဒီဝတ်စုံကို သူတစ်ပါးပေးလိုက်ပြီလို့ ကိုယ်က ဘာဖြစ်လို့ ညာပြောရတာလဲ၊ ပြီးတော့ ဒီဝတ်စုံကို မကြိုက်ဘူးလို့ ဘာဖြစ်လို့ပြောရတာပါလိမ့်"

ခင်ပွန်းသည်က ဖုံးကွယ်လိမ်ညာပြောခဲ့ခြင်းအပေါ် ယမင်းစုလှိုင်မှာ အတော်မကျေမနပ် ဖြစ်နေတော့၏။

ထို့ကြောင့်လည်း သူမက ယင်းဝတ်စုံကို လုံးထွေးကာ ယူလာခဲ့လိုက်၏။

ကစားစရာအရုပ်လေးများထားရှိရာအခန်းကို ဖွင့်ကြည့်လိုက်သည်တွင် အရုပ်ထည့်သည့်သေတ္တာများနှင့်အတူ သစ်သားမြင်းစီးအရုပ်ကိုပါ တွေ့ရလေသည်။

နောက်တစ်ခန်းကို ဖွင့်ကြည့်တော့လည်း စာအုပ်သေတ္တာများမှလွဲ၍ ထူးခြားမှု မတွေ့ရချေ။





အခန်းသုံးခန်းစလုံးကို စစ်ဆေးပြီးနောက် တံခါးသော့များကို ပြန်ခတ်လိုက်သည်။

ပြီးလျှင် သတ္တိသမီးဝတ်စုံဖြူကို ခြံနောက်ပိုင်းသို့ ယူဆောင်သွားကာ စုထွေးအား ထင်းခြောက်များကို ပုံကာ မီးမွှေးစေပြီး ဝတ်စုံဖြူကို မီးပုံထဲထည့်လိုက်တော့၏။

"အဲဒါ ... ငါ့ကိုညာတဲ့အတွက် သူပိုင်တဲ့ဝတ်စုံကို မီးရှို့ ဖျောက်ဖျက်ပစ်လိုက်တာပဲပေါ့ ... ဟင်း ဟင်း ဟင်း"

ယင်းသို့လျှင် သတ္တိသမီးဝတ်စုံကို မီးရှို့ဖျက်ဆီးပစ်လိုက်သည့် ညမှာပင် ပြဿနာက စတော့၏။

ယမင်းစုလှိုင်တို့အိပ်ခန်းမှာ အဖော်အဖြစ် လာအိပ်ရသည့် စုထွေးသည် သန်းခေါင်ကျော်ချိန်တွင် ခြံနောက်ဘက်ပိုင်းမှ အစ်ခဲနက်ထွက်ပေါ်လာသော ခွေးအူသံရှည်တို့ကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွားတော့၏။

"ဝူး အူ အူ အူ"

"အို ... ခွေးတွေ အူလှချေလား။ ဒီလို တစ်ခါမှ ခွေးအူသံ မကြားမိပါဘူး"

အရေးထဲ သူမက ဆီးသွားချင်လာသည်။ ယခုဖို



www.burmeseclassic.com

www.burmeseclassic.com



ညဘက် တရေးမနိုးဖူးခဲ့ဘဲ ယနေ့ညမှ လန့်နိုးလာရခြင်း ဖြစ်သည်။

ဆီးသွားချင်လှသော်လည်း ယမင်းစုလှိုင်ကို မနိုးဝံ့ချေ။

"အင်း ...ညက အိပ်ခါနီးရေသောက်တာများသွားလို့ ထင်တယ်၊ သေးပေါက်ချင်လိုက်တာ၊ မမကိုလည်း မနိုးရဲပါဘူး"

နောက်ဆုံး မအောင့်နိုင်တော့သဖြင့် အိပ်ရာမှ လူးလဲထကာ အိပ်ခန်းကြီးထဲမှ ထွက်လာလိုက်ရတော့သည်။

အိမ်သာက အိမ်အောက်ထပ် နောက်ဖေးဘက်မှာရှိသဖြင့် စုထွေးသည် ကျွန်းလှေကားကြီးအတိုင်း အောက်ထပ်သို့ဆင်းလာရတော့၏။

အိမ်အောက်ထပ်ရောက်သည့်တွင် ညှော်ခန်းမီးကို ဖွင့်လိုက်ပြီးနောက် စင်္ကြံလမ်းမှ နံရံကပ်မီးတို့ကို ဆက်ဖွင့်လိုက်၏။

"ဖျောက်"

"အို"

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူမ လန့်သွားသည်။ စင်္ကြံလမ်း၏အဆုံးနားတွင် မိန်းမတစ်ယောက်က သူမ၏





ကျောပေးရပ်လျက် ရှိ၏။

"ဘယ် ...ဘယ်သူလဲမသိဘူး"

ရွှေရောင်ဆံပင်ကုတ်ဝဲနှင့် ဂါဝန်ဖြူရော်ရော်ဖားဖားကြီးဝတ်ထားသည့် သူမရှိရာဆီသို့ စုထွေး တစ်လှမ်းချင်းလှမ်းသွားလိုက်သည်။

သူမ၏ အနီးမရောက်မီမှာပင် ရွှေရောင်ဆံပင်နှင့်မိန်းမသည် လေတိုက်သည့်နှယ် ရှေ့သို့ရွေ့သွားပြီး မီးဖိုဆောင်ဘက်ချိုးကွေ့ဝင်သွားသည်ကို တွေ့လိုက်ရတော့၏။

စုထွေးက မီးဖိုဆောင်အဝသို့ လျှောက်လိုက်သွားလိုက်သည်။ အိမ်ထဲ သူခိုးများဝင်လေသလားဟု သူမစိတ်ထဲ ထင်လိုက်မိ၏။

ထို့ကြောင့် မှောင်မည်းနေသည့် မီးဖိုဆောင်ကြီးထဲ ခြေသုံးလေးလှမ်းခန့် ဝင်လိုက်သွားပြီးလျှင် နံရံမှ မီးခလုတ်ကိုလက်ဖြင့်စမ်းကာ ဖွင့်လိုက်၏။

"ထောက်"

မီးဖိုဆောင်ကြီးထဲဝယ် ဘတ်သီး၏အလင်းက ထိန်ခနဲလင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... စောစောကမိန်းမ ဘယ်ရောက်သွားပါလိမ့်"

စုထွေးက မီးဖိုဆောင်အန့်သို့ လှည့်ပတ်ရှာလိုက်သည်။ မည်သည့်လူသူအရိပ်အယောင်မှ မတွေ့ရချေ။

"အင်း ... နောက်ဖေးတံခါးချက်တွေလည်း အားလုံးထိုးထားပါတယ်၊ သ ... သရဲခြောက်တာများလား၊ ဘုရား ... ဘုရား"

ရုတ်တရက်ဖြစ်ပေါ်လာသော ချောက်ချားစိတ်ကြောင့် ကြက်သီးဖြန်းဖြန်းထသွားရသည်။

ထို့ကြောင့် မီးဖိုဆောင်ထဲဝယ် ကြာကြာမနေရဲတော့ဘဲ မီးဖိုဆောင်ထဲမှ ခပ်သုတ်သုတ် လှမ်းထွက်လိုက်တော့၏။

ကြောက်သေးဖြန်းဖြန်းပါချင်လာသဖြင့် မီးဖိုဆောင်နှင့် တွဲလျက်ရှိ အိမ်သာခန်းထဲ ကမန်းကတမ်း ဝင်လိုက်ရတော့သည်။

ပြီးလျှင် သူမသည် မီးဖိုဆောင်မီးကိုပင် မမှိတ်အားတော့ဘဲ စကြံလမ်းအတိုင်း အိမ်ရှေ့ဘက်ဆီသို့ သုတ်ခြေတင် လျှောက်လာခဲ့တော့၏။





သူမ ဧည့်ခန်းမကြီးဆီရောက်သွားသည့်အခါမှာမူ ခန္ဓာကိုယ်လေး တောင့်ခနဲဖြစ်သွားရတော့သည်။

ဧည့်ခန်းကြီးထဲရှိ ကျွန်းဆက်တီခုံကြီးလေးလုံးတွင် လူသားလေးဦးက အကျအနထိုင်လျက်ရှိသည်ပဲ။

"အို့ ... ဘယ် ဘယ်ကလူတွေပါလိမ့်"

သူမက အံ့သြခြင်းများစွာဖြင့် ထိုလူတို့အနီးသို့ ခပ်ဖြည်းဖြည်း လှမ်းသွားလိုက်၏။

ကုတ်အင်္ကျီရှည်အညိုရောင်နှင့် သက္ကလတ်ဘောင်းဘီရှည်အနက်ရောင်ကို ဝတ်ထားပြီး မျက်မှန်ဝိုင်းဝိုင်းလေး တပ်ထားသည့် အသက်ငါးဆယ်ခန့်လူကြီးက ဆက်တီခုံနောက်မှီကို ကျောမှီလျက် ဆေးတံကြီး ခဲထားလေသည်။

ဘလောက်စ်အင်္ကျီ အဝါရောင်လေးကို အညိုဖျော့ဖျော့ဂါဝန်ကြီးနှင့် တွဲဖက်ဝတ်ထားပြီး ဆံပင်ရှည်ရှည်တို့ကို ရင်ဘတ်ရှေ့ပိုင်းသို့ ဖားလျားချထားသည့် အသက်လေးဆယ်ကျော်ခန့်ရှိ မိန်းမကြီးက သိုးမွှေးထိုးနေလေသည်။

ရှပ်အင်္ကျီအနက်ကွက်လက်ရှည်ကို ခေါက်ဝတ်ထားပြီး ဘောင်းဘီရှည်အနက်ဝတ်ထားသည့် လူလတ်ပိုင်းအရွယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပျို့က စာအုပ်တစ်အုပ်ကို အာရုံစူးစိုက်ဖတ်လျက်ရှိသည်။

သူတို့နှင့်အတူ ကျွန်းဆက်တီခုံကြီးတစ်လုံးတွင် အကျအနထိုင်လျက် လက်ထဲ၌ လေယာဉ်ပျံအရုပ်လေးကို ကိုင်ထားသည့် အသက်ခုနစ်နှစ် ရှစ်နှစ်ခန့်ရှိ ယောက်ျားလေးတစ်ယောက်က သူမကို မော့ကြည့်နေလေ၏။

စုထွေးမှာ ထိုလူလေးဦး၏အနီးသို့ ရောက်သွားပြီး သေချာအနီးကပ်ကြည့်လိုက်မှ ... လွန်စွာအံ့ဩသွားရတော့သည်။

"အို ... ဒါ ... ဒါတွေဟာ သစ်သားပန်းပုရုပ်တွေပါလား"

သူမက လျှပ်စစ်မီးရောင်အောက်မှ သစ်သားပန်းပုရုပ်ကြီးများကိုကြည့်ရင်း မျက်လုံးပြူးသည်ထက် ပြူးလာတော့၏။ ပြီးတော့ တစ်စုံတစ်ခုကို သတိရသွားသည်။

"ဒီ ... ဒီအရုပ်ကြီးတွေဟာ ဟို ဟိုအခန်းထဲက ပန်းပုရုပ်တုလေးတွေနဲ့ တစ်ပုံစံတည်းပါလား။ ဘုရား ဘုရား ... ဘယ်လိုဖြစ်တာပါလိမ့်။ ပန်းပုရုပ်တွေက အကြီးကြီးတွေ ဖြစ်သွားပါလား။ ငါ ငါ ... အိပ်မက်မက်နေတာများလား"

သူမ ချောက်ချားစွာ ငေးကြောင်ကြည့်နေစဉ်မှာပင် ရုပ်တုလေးရုပ်စလုံးက မျက်တောင်တို့ တဖျတ်ဖျတ် ခတ်လာတော့၏။

"အလိုလေး ... ဘုရား ဘုရား"

"အမယ်လေး"

စုထွေးမှာ လိပ်ပြာလွင့်မတတ် လန့်ဖျတ်သွားလျက် နောက်သို့ ချာခနဲလှည့်ကာ လှေကားကြီးဆီပြေးပြီးလျှင် လှေကားထစ်များအတိုင်း တရောသောပါး ပြေးတက်ခဲ့တော့၏။

သူမမှာ ဘယ်လိုကဘယ်လို အိမ်ပေါ်ထပ်သို့ ရောက်လာမှန်းမသိ ရောက်လာကာ သူမအိပ်စက်ခဲ့ရာ အိပ်ခန်းကြီးဆီ အပြေးသွားရောက်ပြီး အခန်းထဲ စွတ်ခနဲဝင်ခဲ့တော့သည်။

ပြီးလျှင် ... နှစ်ယောက်အိပ်ကျွန်းခုတင်ကြီး၏ နံဘေးကြမ်းပြင်တွင် ခင်းထားသည့် သင်ဖြူးဖျာပေါ် လှဲချလိုက်ကာ စောင်ခေါင်းမြီးခြုံလျက် တဆတ်ဆတ်တုန်နေပါတော့၏။

"သရဲ သရဲ ... ဟုတ်ပါတယ်၊ သရဲခြောက်တာပါ။ ဘုရား ... ဘုရား ... အမယ်လေး ကြောက်လိုက်တာ၊







www.burmeseclassic.com

www.burmeseclassic.com



ကြောက်လိုက်တာ''

သူမမှာ ကျောရိုးထဲမှ စိမ့်ခနဲအေးသွားပြီးနောက် မျက်လုံးကို စွတ်မှိတ်ထားလိုက်ရာ အတော်လေးကြာမှ အိပ်ပျော်သွားရှာပါတော့၏။

နောက်နေ့မနက် သူမ အိပ်ရာမှ နိုးထလာချိန်မှာပင် ...ထမင်းချက် ဒေါ်ထားး၏ ပွညံပွညံအသံကို ကြားရပါတော့၏။

''မမလေးရေ ...ညက မမလေး တရေးနိုးမှာ အိမ်အောက်ထပ် ဆင်းသေးသလား''

ယမင်းစုလှိုင်က မှန်တင်ခုံရှေ့မှာထိုင်ရင်း ခေါင်းဖြီးလျက်မှ ခပ်အေးအေးလေသံဖြင့် ဖြေသည်။

''မဆင်းပါဘူး ဒေါ်ထားရဲ့ ...ဘာဖြစ်လို့လဲ''

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"မီးဖိုဆောင်မှာရော ညှော်ခန်းကြီးထဲမှာရော စကြံလမ်းက နံရံကပ်မီးတွေရော ဖွင့်ထားခဲ့တာ တစ်ညလုံးပဲ"

"ဟင် ... ဟုတ်လား။ ယမင်းတော့ မထပါဘူး၊ စုထွေး ထသေးသလားတော့ မသိဘူး"

"ဟဲ့ ... စုထွေး စုထွေး ထ၊ ထတော့လေ၊ အမယ်လေးတော် သူများအိမ်မှာ အိမ်စေလာလုပ်တဲ့သူတဲ့။ ဒီလိုပဲ နေဖင်ထိုးအောင် အိပ်ရသလား ထစမ်း"

လူကြမ်း နှုတ်ကြမ်းဒေါ်ထားက စုထွေး၏တင်ပါးကို ဖြန်းခနဲ ရိုက်လိုက်တော့သည်။

ထိုအခါမှ စုထွေးလည်း လန့်နိုးပြီး ထထိုင်လိုက်တော့၏။

"ဟဲ့ စုထွေး ... နင်ညက တရေးနိုးမှာ အောက်ထပ် ဆင်းသေးသလား"

စုထွေးက ယောင်နနဖြစ်နေပြီးမှ ဖြေသည်။

"အင်း ... တရေးနိုးတုန်းက ဆင်းတယ်လေ"

"ညည်းတစ်ယောက်တည်းလား"

"အို ... တစ်ယောက်တည်းပေါ့၊ မမကို ဘယ်ခေါ်ရဲမှာလဲ။ ကန်တော့ပါရဲ့ ဆီးသွားချင်လွန်းလို့ အောက်ထပ်ဆီ





ဆင်းသွားတာပါ"

"ဟုတ်ပြီ၊ ညည်း ... အောက်ထပ်မီးတွေဖွင့်ပြီး ပြန်မပိတ်ခဲ့ဘူး မဟုတ်လား"

ထိုအခါကျမှ စုထွေးသည် ယမန်နေ့ညက အဖြစ်အပျက်တို့ကို ဖျတ်ခနဲ သတိရသွားပါတော့၏။

"အဲ ... ဟုတ် ... ဟုတ်ပါရဲ့၊ မီးတွေ ပြန်မပိတ်ခဲ့မိဘူး"

ဤတွင် ယမင်းစုလှိုင်က မျက်နှာထားတည်တည်ဖြင့် မေးလိုက်တော့၏။

"ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ စုထွေးရဲ့၊ အသက်ငယ်ငယ်လေးနဲ့ ဒီလောက်တောင်ပဲ မေ့ရသလား"

"မ ... မဟုတ်ဘူး ... မမ။ စုထွေး မေ့လို့မဟုတ်ဘူး၊ ကြောက် ... ကြောက်လို့ မပိတ်ဘဲထားခဲ့တာ"

ယမင်းစုလှိုင်က မျက်ခုံးလေးနှစ်ဖက်ကို အတွန့်ချိုးလိုက်တော့သည်။

"ဘာ ... ဘာကိုကြောက်ပြီး မပိတ်ခဲ့ရတာလဲ၊ ရှင်းရှင်းပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စုထွေးက မျက်လုံးလေးကို ကလယ်ကလယ် လုပ်ရင်း အသံတုန်တုန်လေးဖြင့် ဖြေသည်။

"ည ... ညက ... သရဲ သရဲခြောက်တယ်၊ အဲ ... အဲဒါကြောင့် စုထွေး လန့်ပြီး အိမ်ပေါ်ထပ် တက်ပြေးခဲ့တာပါ။ ဒါ ... ဒါကြောင့် ... မီးတွေ မပိတ်မိခဲ့တာပါ"

"နေပါဦး ... ဘယ်ကသရဲက ခြောက်ရတာတုံး"

ဤတွင် စုထွေးက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တော့၏။

အိမ်ကြီးရှင် ယမင်းစုလှိုင်ရော နံဘေးမှာရပ်လျက် နားထောင်နေသည့် ဒေါ်ထားတို့ပါ စုထွေးပြန်ပြောသမျှကို မယုံနိုင်အောင် ဖြစ်နေတော့၏။

"စုထွေးရယ် ... ညက နင် ယောင်ပြီး လျှောက်မြင်ချင်ရာမြင်၊ တွေ့ချင်ရာတွေ့တာများလား"

"မ ... မဟုတ်ဘူး မမ။ စုထွေး သေသေချာချာကို တွေ့လိုက်ရတာပါ"

ယမင်းစုလှိုင်က စုထွေးပြောသည်တို့ကို လက်ခံယုံကြည်ခြင်း မရှိချေ။ စုထွေးသည် လူငယ်ပီပီ ခေါင်းချသည်နှင့်





အိပ်ပျော်တတ်သူလေးဖြစ်ပြီး အိပ်မောကျကာ အိပ်မက်များ မက်ပြီး ယောင်ကာလျှောက်သွားရာက မြင်ချင်ရာမြင်လာဟန် တူသည်ဟုသာ သူမ တွေးထင်နေမိ၏။

"ကဲ စုထွေး ... ဘာပဲဖြစ်ဖြစ် ညဘက် တရေးနိုးလို့ အောက်ထပ်ဆင်းပြီး ဆီးတွေဘာတွေ သွားတဲ့အခါ မမကို ဖြစ်ဖြစ်၊ ဒေါ်ထားကိုဖြစ်ဖြစ် နှိုးပြီးအဖော်ခေါ်၊ ကြားလား။ ဘာမှ အားနာစရာမလိုဘူး၊ ကြားတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့မမ"

"ကဲ ကဲ ... နင့်ခေါင်းထဲ ဘာမှ ထည့်မထားနဲ့။ သွား သွား ... မျက်နှာသွားသစ်ပြီးရင် လုပ်စရာရှိတာလုပ်"

"ဟုတ် ... ဟုတ်ကဲ့"

❋

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ထားကတော့ စုထွေးတစ်ယောက် ထုံးစံအတိုင်း နမော်နမဲ့နိုင်ကာ မီးတို့မပိတ်ခဲ့ခြင်းသာဖြစ်ပြီး သူမအပေါ် အပြစ်ပုံကျလာမည်စိုးသဖြင့် တောင်ပြောမြောက်ပြော လျှောက်ပြောနေခြင်းသာ ဖြစ်သည်ဟု ထင်မြင်နေ၏။

သို့သော် ယင်းနေ့ နေ့လယ်ခင်းအချိန်မှာပင် ဒေါ်ထားတစ်ယောက် ဝိညာဉ်နှင့် ပက်ပင်းဆုံခဲ့တော့၏။

ထိုနေ့ နေ့လယ်က အားလုံး ထမင်းစားသောက်ပြီး ယမင်းစုလှိုင်က အိမ်ပေါ်ထပ်မှ သူမတို့၏အိပ်ခန်းကြီးထဲဝယ်





သက်သောင့်သက်သာ လဲလျောင်းရင်း စာအုပ်တစ်အုပ် ဖတ်နေကာ စုထွေးက သူမ၏ခြေသလုံးသားတို့ကို နှိပ်နယ်ပေးလျက်ရှိလေသည်။

ခြံစောင့်ကြီးဦးဘသောင်းလည်း ထမင်းစားပြီးနောက် နောက်ဖေးပေါက်မှပင် ထွက်သွားကာ ခြံရှေ့ဝဲဘက်ထောင့်ရှိ သူ၏စံအိမ်သေးသေးလေးဆီသွားလျက် တရေးတမောအိပ်နေချေပြီ။

ဒေါ်ထားမှာသာ မီးဖိုဆောင်ထဲတွင် ဆေးကြောစရာရှိသည်တို့ ဆေးကြောကာ အိုးခွက်ပန်းကန်တို့ သိမ်းစရာရှိတာ သိမ်းနေခဲ့၏။

သူမက ပန်းကန်တစ်ထပ်ကို ဆေးကြောပြီးနောက် ပန်းကန်စင်ပေါ် လှမ်းတင်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သူမ၏နောက်ကျောဘက်မှ တစ်စုံတစ်ဦးကြည့်နေသည်ဟု ထင်လိုက်သဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်တွင် တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် လိပ်ပြာလွင့်မတတ် ထိတ်လန့်တကြား ဖြစ်သွားရတော့၏။

ဖြူရော်ရော်ဂါဝန်ရှည်ကြီး ဝတ်ဆင်ထားပြီး ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ဖားလျားချထားသည့် မိန်းမတစ်ဦးက မီးဖိုဆောင်သို့ ကူးသည့် တံခါးဝတွင် ရပ်လျက် သူမကို ခါးထောက်ကြည့်လျက် ရှိလေသည်။

သူမ၏ မျက်နှာက သွေးဆုတ်သလို ဖြူရော်ရော် ဖြစ်နေပြီး သူမ၏မျက်လုံးတို့ကမူ စူးရဲတောက်ပလျက်ရှိတော့၏။

"ရှင် . . . ရှင်ဘယ်သူလဲ၊ ဘယ်သူလဲ"

ဒေါ်ထား အော်ဟစ်မေးလိုက်စဉ်မှာပင် ထိုဖြူရော်ရော် မိန်းမကြီးသည် သွားဖြဲကာ တဟင်းဟင်းရယ်လိုက်ရင်း သူမ၏ မျက်နှာရှည်ရှည်က ပန်းနုစ်ဖက်ကြားသို့ တဖြည်းဖြည်း နစ်ဝင်သွားတော့၏။

ဒေါ်ထား ကြောင်ကြည့်နေစဉ်မှာပင် ထိုမိန်းမ၏ဦးခေါင်း တစ်ခုလုံးသည် ပန်းနုစ်ဖက်ကြားထဲ နစ်ဝင်ကာ ဖားလျားချထားသည့် ဆံပင်တို့ပါ လိုက်ပါမြုပ်ဝင်သွားကြရာမှ ချက်ချင်းဆိုသလိုပင် ဦးခေါင်းမရှိသောအသွင် ဖြစ်သွားပါတော့၏။

"ဟား ဟား ဟား . . . ဟင်း ဟင်း ဟင်း"

သူမ၏ရယ်သံကမူ ဆက်လက်ထွက်ပေါ်နေပြီး လက်နှစ်ဖက် ရှေ့သို့တန်းလျက် ဦးခေါင်းမရှိတော့သော ခန္ဓာကိုယ်ကြီးက





ဒေါ်ထားထံသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာပါတော့၏။

"အား . . . အမယ်လေး"

ဒေါ်ထားက ငယ်သံပါအောင်အော်လိုက်ပြီးနောက် လက်ထဲမှပန်းကန်အထပ်လိုက်ကြီး သံမံတလင်းပေါ် လွတ်ကျကာ အစိတ်စိတ်အမွှာမွှာ ကွဲသွားကြတော့သည်။

"ခွမ်း"

ထို့နောက်မှာမူ ဒေါ်ထားသည် မျက်ဖြူလန်ကာ ပစ်လဲကျသွားပါတော့သတည်း။

❋

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ထားသတိပြန်ရလာတော့ အိမ်ပေါ်ထပ်နောက်ပိုင်းရှိ သူမအတွက်ပေးထားသည့် အိပ်ခန်းထဲမှ ခုတင်ပေါ် ရောက်လျက်ရှိကြောင်း တွေ့ရတော့၏။

အမှန်တော့ ထမင်းချက်ဒေါ်ထားနှင့် အိမ်စေမလေးစုထွေးတို့အတွက် အိပ်ခန်းတို့မှာ စံအိမ်ကြီး၏ အောက်ထပ်ရှိ မီးဖိုဆောင်နံဘေးမှ အခန်းများသာ ဖြစ်ပါ၏။

သို့သော် လူရဲ နိုင်ငံခြားထွက်သွားကတည်းက ယမင်းစုလှိုင်က သူမအတွက် တိုးတိုးဖော်ရစေရန် စုထွေးကို သူမ၏





အိပ်ခန်းထဲမှာပင် အိပ်စေပြီး ဒေါ်ထားကိုလည်း အိမ်ပေါ်ထပ်နောက်ဖေးဘက်မှ အခန်းလွတ်တစ်ခုတွင် ပြောင်းအိပ်စေခဲ့ခြင်းဖြစ်သည်။

"ဒေါ်ထား ဘယ်လိုဖြစ်ရတာလဲ။ ယမင်းတို့ရဲ့ တိုက်ပန်းကန်ပြားတွေ အထပ်လိုက်ကို ကျကွဲသွားရပြီ။ ဘယ်လိုကြောင့် အဲဒီလိုကျကွဲပြီး ဒေါ်ထားကရော ဘာဖြစ်လို့ မီးဖိုဆောင်ထဲမှာ သတိလစ်လဲကျနေရတာလဲ။ ဒေါ်ထားရဲ့အော်သံသဲ့သဲ့ကြားလို့ ယမင်းတို့ရော၊ ဦးဘသောင်းပါ ပြေးလာကြည့်ပြီး ဒီအိမ်ပေါ်ပွေ့မတင်လာခဲ့ကြရတာ"

"မ . . . မမလေးရယ်။ ပန်းကန်စင်ရှင်းရင်း ပန်းကန်တွေ ဆေးကြောအပြီးမှာမှ ကျကွဲကုန်ရတာပါ။ ဒေါ်ထားရဲ့အပြစ်ပါ။ ပန်းကန်တွေအတွက် ဒေါ်ထားရဲ့လစာထဲက ဖြတ်လိုက်ပါ မမလေးရယ်။ ဘယ်နှယ်လစာဖြစ်ဖြစ် ဖြတ်ပါရှင်"

"ကဲပါ . . . အဲဒါထားလိုက်ပါတော့။ ဒေါ်ထားက ဘာဖြစ်လို့ အသံကုန်အော်ဟစ်ပြီး ကြမ်းပြင်ပေါ် လဲကျသတိလစ်သွားရတာလဲ"

"အဲဒါက . . . ဒီ . . . ဒီလိုပါ မမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဒေါ်ထားက သူမ ကြုံဆုံရသမျှကို ပြောပြလိုက်ရာ ဝိုင်းနားထောင်နေကြသည့် ယမင်းစုလှိုင်၊ စုထွေးနှင့် ခြံစောင့်ကြီး ဦးဘသောင်းတို့မှာ အံ့သြတုန်လှုပ်သွားကြတော့၏။

ဒေါ်ထား၏စကားအဆုံးတွင် ဦးဘသောင်းက ဒေါသတကြီး ဝင်ပြောတော့သည်။

"မမလေး . . . အဲဒါဟာ ဒီစံအိမ်ကြီးထဲမှာ အစိမ်းသေသေသွားခဲ့ကြရတဲ့ ဘိုကပြားဂျွန်တို့မိသားစုရဲ့ ဝိညာဉ်တွေက ခြောက်လှန့် ဒုက္ခပေးနေတာပဲဗျ။ သူတို့နဲ့ဆိုင်တဲ့ပစ္စည်းတွေ ဒီစံအိမ်ကြီးထဲမှာ ရှိနေသရွေ့ သူတို့က ဒုက္ခပေးနေမှာပဲ၊ သူတို့နဲ့ ပတ်သက်တဲ့ပစ္စည်းတွေကို အကုန်မီးရှို့ပစ်လိုက်ရအောင်ဗျာ"

"နေဦး ဦးဘသောင်း . . . ကျွန်မရဲ့ယောက်ျားကတော့ အဲဒီပစ္စည်းတွေကို ဒီအတိုင်းထားချင်ပုံရတယ်၊ ဒါကြောင့် အဲဒီပစ္စည်းတွေရှိတဲ့ အခန်းတွေကို သော့ခတ်ပိတ်ပြီး သော့ကိုတောင် ကျွန်မတို့ အိပ်ခန်းထဲက ဗီရိုပုလေးထဲမှာ သိမ်းထားခဲ့တာ"

"ဘာပဲဖြစ်ဖြစ် ကျုပ်တော့ အဲဒီဝိညာဉ်တွေနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကို အစဖျောက်ပစ်လိုက်ချင်တာပါပဲဗျာ"

စုထွေးရော ဒေါ်ထားတို့ကပါ ဦးဘသောင်း၏စကားကို





ထောက်ခံကြလေသည်။

"ဟုတ်တယ် မမ၊ စုထွေးတော့ ဦးလေးဦးဘသောင်း ပြောသလိုပဲ ဟိုအရုပ်တွေအားလုံးပါ မီးရှို့ပစ်လိုက်ချင်တယ်"

"အင်း . . . ဒေါ်ထားလည်း ဝိညာဉ်တွေနဲ့ ဆိုင်တာတွေကို အိမ်ထဲမှာ မရှိစေချင်ဘူး"

ယမင်းစုလှိုင်က သက်ပြင်းချလိုက်သည်။

"အင်း . . . ယမင်းလည်း အဲဒါတွေကို စွန့်ပစ်စေချင်ပါပြီ။ ကိုယ်လာမှပဲ ကြည့်စီစဉ်ရတော့မှာပါပဲလေ"

"ဘာပဲဖြစ်ဖြစ် ဒီထက်ဆိုးလာရင်တော့ အဲဒါတွေကို ရှင်းပစ်သင့်ပြီ မမလေး"

ဦးဘသောင်းကတော့ ထိုပစ္စည်းတို့ကို ရှင်းပစ်ဖို့ပဲ အတွင်တွင်ပြောနေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## မရဏည

ထိုသို့ဖြစ်ပျက်ပြီး သုံးညမြောက်ဝယ် ယမင်းစုလှိုင်သည် အိပ်မောကျလျက်ရှိစဉ် သန်းခေါင်လွန်၍ မိုးလင်းပိုင်းရောက်လုလု၌ အိပ်ပျော်နေရင်း မီးခိုးတို့ မွှန်လာသဖြင့် လန့်နိုးသွားတော့သည်။

"အို ... ညှော်နံ့ပါလား။ မိုးတောင်မလင်းသေးဘူး။ ဦးဘသောင်း အမှိုက်တွေ မီးရှို့နေပြီထင်တယ်"

သူမက အိပ်ရာမှထပြီး ပြတင်းတံခါးဖွင့်ကာ ခြံဘေးသို့ ကြည့်လိုက်ရာ သစ်တိုပင်နှင့် ရေသဖန်းပင်ကြီးတို့ကြားမှ





မြေကွက်လပ်တွင် မီးပုံကိုတွေ့ရလေသည်။ ခြံစောင့်ကြီး ဦးဘသောင်း၏အရိပ်အယောင်ကိုမူ မတွေ့ရချေ။

ယမင်းစုလှိုင်က မီးတောက်အားကောင်းနေသည့်မီးပုံကို သေချာစိုက်ကြည့်လိုက်၏။

"အို ... မီးပုံထဲမှာ သစ် ... သစ်သားမြင်းရုပ်ပါလား"

သူမ အံ့အားသင့် တုန်လှုပ်သွားသလို ဒေါသလည်း ထောင်းခနဲ ထွက်သွားတော့၏။

"ဦးဘသောင်းက ဟိုအခန်းထဲက ပစ္စည်းတွေကိုယူပြီး မီးရှို့ဖျက်ဆီးနေပြီထင်တယ်၊ ကိုယ် ပြန်လာတဲ့အထိ စောင့်ပါလို့ ဆိုတာကို မစောင့်ဘဲ သူ့သဘောနဲ့သူ ယူပြီး မီးရှို့နေတာပဲ ဖြစ်ရမယ်"

"ဟဲ့ ... စုထွေး စုထွေး ထစမ်း"

စုထွေးကို အတင်းနှိုးကာ လက်ဆွဲခေါ်ပြီး အိမ်အောက်ထပ်သို့ ဆင်းလာခဲ့၏။

ပြီးလျှင် အိမ်ရှေ့တံခါးဖွင့်ကာ ခြံထဲသို့ ပြေးဆင်းသွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ မီးပုံအနားသို့ရောက်သည့်တွင် သစ်သားမြင်းရုပ်ကို အတော်လောင်ကျွမ်းလျက်ရှိချေပြီ။

ထိုစဉ် ခြံစောင့်ကြီးဦးဘသောင်းက ဝါးရင်းတုတ်ကြီးကိုင်ဆွဲလျက် သူ၏သစ်သားအိမ်လေးထဲမှ ပြေးထွက်လာနေ၏။

"ဦးဘသောင်း . . . ရှင် ဘယ်လိုလုပ်လိုက်တာလဲ။ အဲဒီဂျွန်တို့မိသားစုရဲ့ပစ္စည်းတွေကို ကျွန်မရဲ့ယောကျ်ားလာမှ ကြည့်စီစဉ်မယ်လို့ ပြောထားလျက်နဲ့ ဘာဖြစ်လို့ ခုလို ကျွန်မ မသိအောင် ပစ္စည်းတွေယူပြီး မီးရှို့ပစ်ရတာလဲ။ ဒီမှာ အရုပ်တွေရော၊ အဝတ်အစားတွေပါ မီးလောင်ကုန်ပြီ"

ခြံစောင့်ကြီးဦးဘသောင်းက နားမလည်ဟန်ဖြင့် ယမင်းစုလှိုင်ကို ကြည့်သည်။

"ဗျာ . . . ကျုပ် ဘာလုပ်လို့လဲ မမလေးရဲ့၊ ဒီပစ္စည်းတွေ မမလေးရှို့နေတာ မဟုတ်ဘူးလား။ ကျုပ် ညဥ့်နက်မှ အိပ်ပျော်သွားတာ၊ မီးခိုးမွှန်လာမှ လန့်နိုးပြီး ခြံထဲ ဘယ်သူမီးရှို့နေပါလိမ့်ဆိုပြီး အခုပြေးလာတာပါ"

ထိုစဉ် နောက်ဘက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်ရာ





ဒေါ်ထားကို တွေ့ရလေသည်။

"ဒေါ်ထား . . . ဒီပစ္စည်းတွေ ဒေါ်ထား ရှို့ထားတာလား"

"အို . . . ဘယ်ကဟုတ်ရမှာလဲ မမလေးရဲ့၊ ဒေါ်ထား အိပ်မောကျနေတာ မီးခိုးမွှန်လာလို့ လန့်နိုးတော့ မမလေးတို့အိမ်အောက်ထပ်ဆီ ဆင်းပြေးသွားသံကြားတာနဲ့ နောက်ကလိုက်ခဲ့တာပါ"

ယမင်းစုလှိုင် မျက်မှောင်ကြုတ်လိုက်မိတော့၏။

"ဩော် . . . ဒါဆို ဒီမီးပုံကို သရဲတွေကဖိုပြီး သူတို့ရဲ့ပစ္စည်း သူတို့မီးရှို့ပစ်တာပေါ့ ဟုတ်လား"

ဦးဘသောင်းရော ဒေါ်ထားပါ နားမလည်နိုင်သောမျက်လုံးများဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။

မီးပုံကြီးကိုတွေ့နေရပြီး ဂျွန်တို့မိသားစု၏ ပစ္စည်းများလောင်ကျွမ်းနေသည်ကို တွေ့နေရပါလျက် တရားခံရှာမရဖြစ်နေသဖြင့် ယမင်းစုလှိုင်မှာ ခံပြင်းလျက်ရှိလေသည်။

သူမက မီးကိုရေဖြန်းကာ ငြိမ်းသတ်လိုက်ရန် ဦးဘသောင်းကို အမိန့်ပေးလိုက်ပြီးနောက် စုထွေး၏လက်ကို ဆွဲလျက်



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးထဲသို့ ပြန်ဝင်ခဲ့တော့၏။

သူမက ညှော်ခန်းမီးရော၊ စကြံမီးများပါ ဖွင့်ကာ ဂျွန်တို့မိသားစု၏ပစ္စည်းများထားရာ အခန်းများဆီ လျှောက်သွားကြည့်လိုက်လေသည်။

"ကြည့်စမ်း ... တံခါးမျောက်လက်တွေကို ကလန့်ဖျက်ဖွင့်ထားတာပါလား"

တစ်စုံတစ်ဦးက တံခါးမျောက်လက်တို့ကိုဖျက်ကာ အခန်းတို့ထဲဝင်ပြီး ပစ္စည်းတို့ကို ယူထုတ်သွားခြင်းဖြစ်၏။

"အင်း ... ဒါ ... ဒေါ်ထား ဒါမှမဟုတ် ဦးဘသောင်းရဲ့လက်ချက်ပဲဖြစ်ရမယ်၊ သူတို့နှစ်ယောက် ပေါင်းကြံတာလည်းဖြစ်နိုင်တာပဲ"

သို့သော် ဂျွန်တို့မိသားစု၏ပစ္စည်းများကား မကုန်သေး။ များစွာကျန်သေးသည်။ တံခါးမျောက်လက်တို့ ပျက်သွားပြီးဖြစ်သဖြင့် သော့၏ကဏ္ဍက အရေးမပါတော့ချေ။

ယမင်းစုလှိုင်က တံခါးရွက်များကို ပြန်စေ့ပိတ်ပြီးနောက် အိမ်ပေါ်ထပ်သို့တက်ခဲ့တော့၏။ သူမတို့၏နောက်မှ ဒေါ်ထားတက်လိုက်လာသည်။





စိတ်ထဲဝယ် အစာမကြေဖြစ်နေသဖြင့် ဒေါ်ထားကို ယမင်းစုလှိုင်က စကားမပြောချေ။

ဒေါ်ထားကလည်း ယမင်းစုလှိုင် ဒေါသဖြစ်နေမှန်းသိသဖြင့် ငြိမ်ကုပ်လျက်သာ နောက်မှလိုက်ပါလာရှာ၏။

❋

www.burmeseclassic.com

www.burmeseclassic.com

ခြံစောင့်ကြီး ဦးဘသောင်းမှာ ဟိုနေ့ညကကိစ္စအတွက် အတော်မကျေမချမ်း ဖြစ်နေသည်။

ယမင်းစုလှိုင်က အိမ်ကြီးထဲဝင်ကာ ဂျွန်တို့မိသားစု၏ ပစ္စည်းတို့ကို ခိုးထုတ်မီးရှို့ ဖျက်ဆီးသူမှာ သူပင်ဖြစ်ရမည်ဟု စွပ်စွဲကာ သူ့ကိုစကားမပြောဘဲနေသဖြင့် ဦးဘသောင်း အတော်ခံပြင်းနေမိသည်။

"တောက် ... ငါလည်း ဘာမှ မလုပ်ရဘဲ အစွပ်စွဲခံရတယ်၊ အဲဒီကိစ္စဟာ ဘယ်သူ့လက်ချက်လည်း မသိဘူး။





ဘာပဲဖြစ်ဖြစ် အဲဒီတရားခံဟာ ကျန်တဲ့ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးဦးမှာပဲ၊ ငါ မမိ,မိအောင် အဲဒီတရားခံကို လက်ရဖမ်းမယ်၊ ဒါမှ ငါ့အပေါ်ထားတဲ့ သံသယကင်းသွားမှာ"

ဦးဘသောင်းမှာ ခါတိုင်းညတို့ထက် ခိုးသောက်ရသည့် အရက်ကိုလျှော့သောက်ပြီး တစ်ညလုံးမအိပ်ဘဲ သစ်ပင်မှောင်ရိပ်တို့ အောက်မှနေ၍ ခြံကြီးထဲ စောင့်ကြည့်နေခဲ့၏။

သူ ဝီရိယထား စောင့်ကြည့်ရကျိုးနပ်ပါသည်။ ဟိုတစ်ခါ မီးရှို့မှုဖြစ်ပြီးနောက် လေးရက်မြောက်ညတွင် အိမ်နောက်ဘက်ပိုင်း ခြံစပ်မှနေ၍ လူရိပ်တစ်ခုက ငှက်ပျောခင်းတောကိုဖြတ်ကာ ရေတွင်းပျက်ကြီးဆီ ခပ်သုတ်သုတ် လျှောက်လာသည်ကို တွေ့ရ၏။

ထိုလူရိပ်မည်းမည်းကိုမြင်သည်နှင့် ဦးဘသောင်းက ဝါးရင်းတုတ်ကို လက်၌ ဆုပ်ကိုင်လျက် သစ်ပင်မှောင်ရိပ်များခိုကာ ရေတွင်းပျက်ကြီးဆီ ခြေသံမကြားရအောင် ချဉ်းကပ်သွားလိုက်သည်။

လမိုက်ညမို့ လရောင်မဲ့ကာ မြင်ကွင်းတို့က မရှင်းလှချေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘသောင်း ရေတွင်းပျက်အနီး ရောက်သွားတော့ စောစောကလူရိပ်၏ အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

''ဟင် ... သင်း ဘယ်ရောက်သွားပါလိမ့်''

ဦးဘသောင်းက ဝါးရင်းတုတ်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အနီးဝန်းကျင်မှ ပန်းချုံနွယ်များနှင့် ငှက်ပျောပင်များကြားတွင် လူရိပ်မည်းမည်းကို ရှာဖွေနေ၏။

ထိုစဉ် သူ့နောက်ဘက်မှ ရွှေ့လျားသံလိုလို ကြားသဖြင့် ဦးဘသောင်း လှည့်ကြည့်လိုက်စဉ် –

''ဖြောင်း''

''အား''

တစ်စုံတစ်ဦးက သူ့ခေါင်းကို တစ်စုံတစ်ရာဖြင့် ရိုက်ချလိုက်ကြောင်းသာ သိလိုက်ပြီး သူ့ခေါင်း ပွခနဲဖြစ်ကာ မြေပြင်ပေါ် အရုပ်ကြိုးပြတ်ကျသွားရပါတော့သတည်း။

❋



ခြံစောင့်ကြီးဦးဘသောင်းအသတ်ခံလိုက်ရသဖြင့် သိင်္ဂါရစံအိမ်ကြီးနှင့် ခြံဝင်းအတွင်းသို့ ပုလိပ်အဖွဲ့ ရောက်ရှိထောက်လှမ်းစုံစမ်းစစ်ဆေးခြင်းပြုကြတော့၏။

သို့သော် လူသတ်သမားကို သဲလွန်စမရချေ။

ဒေါ်ထားက သရဲဝိညာဉ်တို့က သတ်သွားခြင်းဖြစ်နိုင်သည်ဟုပြောသည်ကို ပုလိပ်စုံထောက်များက လက်မခံချေ။

စုံထောက်တို့မှာ မည်သို့မျှ ထောက်လှမ်းစုံစမ်းမရသည်တွင် ယမင်းစုလှိုင်၊ စုထွေးနှင့် ဒေါ်ထားတို့ကို အမှုမှန်မပေါ်မချင်း



www.burmeseclassic.com

www.burmeseclassic.com



ဤစံအိမ်ဝင်းထဲမှာပင် နေ၍ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းမပြုရန် သတိပေးထား၏။

ထို့ကြောင့် ယမင်းစုလှိုင်တို့မှာ လောလောလတ်လတ် လူသတ်ခံထားရသည့် စံအိမ်ဝင်းကြီးထဲမှာပင် ကြောက်ကြောက်နှင့် နေနေရတော့သည်။

"ကိုယ့်ဆီကိုတော့ ကြေးနန်းရိုက် အကြောင်းကြားလိုက်ပြီး စုထွေးရေ။ ကြေးနန်း သူ့ဆီရောက်မရောက်တော့ မသိဘူး။ အားကိုးရမယ့် ကိုယ့်ရဲ့သူငယ်ချင်း စုံထောက်အိုင်အိုချစ်သွေးကလည်း မြစ်ကြီးနားဘက် ရောက်နေတယ်တဲ့"

"အင်း . . . မမရေ . . . စုထွေးတို့အဖြစ်က သရဲတစ္ဆေခြောက်ရတဲ့ကြားထဲ လူသတ်မှုပါ ထပ်ဖြစ်ထားတဲ့ အိမ်နဲ့ခြံဝင်းကြီးထဲ အကျယ်ချုပ် အချုပ်ခံထားရသလိုပဲနော်၊ ဘယ်မှလည်းသွားလို့မရ၊ အပြင်က ဘယ်သူ့ကိုမှလည်း အဖော်အလျော်အဖြစ်ခေါ် ထားလို့မရနဲ့"

"ဟုတ်တယ် စုထွေး။ ဘာပဲဖြစ်ဖြစ် ကိုယ့်အားကိုယ်ကိုးပြီး သတိဝီရိယရှိရှိနဲ့တော့ နေကြရမှာပဲ"

ဒေါ်ထားကလည်း မျက်နှာညှိုးညှိုးဖြင့် ပြောသည်။





"ဒေါ်ထားလည်း ဦးဘသောင်းအတွက် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ . . . ငွန်တို့ရဲ့ပစ္စည်းတွေ ဖျက်ဆီးတဲ့ကိစ္စအတွက်နဲ့ မမလေးအထင်လွဲ သံသယအဝင်ခံရတာကနေ လွတ်သွားတာတော့ စိတ်တစ်မျိုး ချမ်းသာရပါရဲ့"

"ဒေါ်ထားတို့ကို ယမင်း သံသယဝင်မိတာတော့ မှန်ပါတယ်၊ အထူးသဖြင့် ဦးဘသောင်းကို ပိုပြီးသံသယဝင်မိတာပါ။ ခုတော့ ဘယ်လိုစဉ်းစားရမှန်းတောင် မသိတော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ယမင်းတို့သုံးယောက် စည်းစည်းလုံးလုံးနဲ့ နေကြရအောင် နီးနီးကြားကြားနဲ့ သတိဝီရိယရှိရှိလည်း နေကြမှဖြစ်မယ်"

သူမတို့သုံးဦး ညဘက်ဝယ် ယမင်းစုလှိုင်တို့၏ အိပ်ခန်းကြီးထဲမှာပင် စုအိပ်ကြ၏။

နေ့ရောညပါ သုံးယောက်သား မခွဲဘဲ တပူးတွဲတွဲနေနေကြသည်။

စံအိမ်ကြီးထဲမှ ချွတ်ခနဲ အသံကြားလျှင်ပင် သုံးယောက်သား လန့်နေကြ၏။

အိမ်ထောင်ဦးစီးယောကျ်ားသားမရှိသဖြင့်လည်း ယမင်းစုလှိုင်မှာ ပိုလို့ အားငယ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ သူမတို့သုံးဦးစလုံး သတိဝိရိယထားကာ နေထိုင်ကြပါ၏။

ထိုသို့ သတိထားနေသည့်ကြားမှ တစ်ညဝယ် မီးခိုးများ မွှန်လာသဖြင့် အိပ်ပျော်နေကြရာမှ လန့်နိုးသွားကြရသည်။

''အို ... မီးခိုးတွေ မွှန်လိုက်တာ၊ အဟွတ် အဟွတ် အဟွတ်''

သူမတို့ အိပ်ရာမှလူးလဲထကြပြီး ပြတင်းတံခါးဖွင့်ကာ ခြံထဲသို့ကြည့်လိုက်တော့ ထင်သည့်အတိုင်း မီးပုံတစ်ပုံကို တွေ့ရတော့သည်။

''လာ လာ ... သွားကြည့်ကြမယ်''

အမျိုးသမီးသုံးဦးသည် ရရာတုတ်တို့ကို ဆွဲပြီး လက်နှိပ်ဓာတ်မီးယူကာ အိမ်အောက်ထပ်သို့ ဆင်းလာကြ၏။

ခြံထဲရောက်တော့ မီးပုံက အရှိန်ကောင်းနေဆဲ။

ဂျွန်တို့မိသားစု၏ အဝတ်အစားများကို မီးရှို့ထားကြောင်း တွေ့ရသည်။ အနီးဝန်းကျင်ဝယ် လူသူအရိပ်အယောင်ကိုမှ မတွေ့ရချေ။

''ဒီလောက်သတိထားနေတဲ့ကြားက လုပ်သွားသေး





တယ်နော်၊ ဘယ်သူကများ လာလုပ်သွားပါလိမ့်''

''စုထွေးတော့ သရဲတွေက သူတို့ရဲ့ စွဲလမ်းမှုတွေ ပျောက်ကွယ်သွားအောင် သူတို့ရဲ့ပစ္စည်းကို သူတို့ဘာသာ ပြန်မီးရှို့ ဖျောက်ဖျက်တယ်လို့ ထင်တာပဲ''

''အင်း ... မမလည်း ဘယ်လိုတွေးဆရမှန်းတောင် မသိတော့ပါဘူး စုထွေးရယ်''

''ဂျွန်တို့မိသားစုရဲ့ပစ္စည်းတွေတော့ အတော်ကုန်နေပြီနော်''

''အင်း ... ပန်းချီကားတွေနဲ့ ဓာတ်ပုံတွေလောက်ပဲ ကျန်မယ်ထင်တယ်၊ မမလည်း အဲဒီအခန်းတွေထဲဝင်မကြည့်ရဲတော့ပါဘူး၊ အဲဒီပန်းချီကားတွေနဲ့ ဓာတ်ပုံတွေက ပိုအရေးကြီးတယ်၊ အဲဒီဓာတ်ပုံတွေထဲမှာ ဂျွန်တို့မိသားစုရဲ့ပုံတွေပါမှာ သေချာတယ်၊ အဲဒီလို အရေးကြီးတဲ့ဓာတ်ပုံတွေကို နောက်တစ်ခါထပ်ပြီး မီးရှို့မှာ သေချာတယ်၊ ပွဲကြီးပွဲကောင်းလာဦးမယ့်သဘောပဲ စုထွေးရေ''

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ပရရှင်းတမ်း

ယမင်းစုလှိုင်ပြောသလိုပင် နောက်တစ်ခါကြုံရသည်က တကယ့်ပွဲကြီးပွဲကောင်းပဲဖြစ်သည်။

ထိုညက ညဉ့်ဦးပိုင်းဝယ် ဟိုတွေး သည်တွေးဖြင့် အိပ်မရဖြစ်နေခဲ့ကြပြီး ညဉ့်သန်းခေါင်ယံလွန်မှ သုံးယောက်သား အိပ်ပျော်သွားကြရာ တဒုံးဒုံး တဒိုင်းဒိုင်းဖြင့် အောက်ထပ်မှ ဆူညံသံများ ကြားရမှ သူမတို့ လန့်နိုးလာခဲ့တော့သည်။

"အို ...ဘာ ဘာသံတွေလဲ"

"ဒုန်း ဒုန်း ဝုန်း"





"ဟား ဟား ဟား ဟား"

"ဟင် ...ရယ်သံလည်း ကြားရတယ်၊ လာ လာ ...သွားကြည့်ကြရအောင်"

ယမင်းစုလှိုင်က ကြောက်ရွံ့တုန်လှုပ်နေကြသည့် ဒေါ်ထားနှင့် စုတွေးတို့ကို အတင်းဆွဲထူကာ တုတ်တိုများကိုယ်စီကိုင်လျက် အိပ်ခန်းကြီးထဲမှထွက်ပြီး ကျွန်းလှေကားကြီးအတိုင်း သတိကြီးစွာဖြင့် ဆင်းလာခဲ့ကြသည်။

"ဒုန်း ဒုန်း ဒုန်း ဝုန်း"

"ဟား ဟား ဟား ...သရဲတစ္ဆေတွေ၊ မိစ္ဆာမတွေ။ ခုတော့ ဘာတတ်နိုင်သေးသလဲ ...ဟား ဟား ဟား ဟား"

လှေကားတစ်ဆစ်ချိုးကို ကျော်လာသည့်တွင် အိမ်အောက်ထပ်မှ မြင်ကွင်းကို အံ့အားတသင့် တွေ့မြင်ရတော့၏။

စကြံလမ်းထဲဝယ် သန်မာထွားကျိုင်းပြီး မျက်နှာ၌ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထူထပ်စွာပေါက်နေသည့် လူကြီးတစ်ဦးက တရှိန်ရှိန်တောက်လောင်နေသော မီးတုတ်ကို ကိုင်မြှောက်လျက် တဟားဟားအော်ရယ်နေသည်။

စကြံလမ်းတစ်လျှောက်ဝယ် စန္ဒရားအကျိုးအပဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ခါတ်စက်အကျိုးအပဲ့တို့နှင့်အတူ ပန်းချီကားများ၊ ခါတ်ပုံများ ဖရိုဖရဲပြန့်ကျဲလျက် ရှိနေ၏။

"ဟား ဟား ဟား ...မိန္တာမတွေ၊ အရင်တုန်းက သင်းတို့ ပညာပြလို့ ငါထွက်ပြေးခဲ့ရတယ်၊ ခုတော့ ...ငါ ပညာတွေ ဖြည့်ဆည်းပြီး ပြန်လာခဲ့ပြီ။ နင်တို့ ဘာတတ်နိုင် သေးသလဲ ... ဟား ဟား ဟား။ ငါ့ကို အံတုနိုင်ကြသေးရဲ့ လား ... ဟား ဟား ဟား ဟား"

"နင်တို့ကို သူတောင်းစားခွက်ပျောက်အောင် ငါလုပ် ပြမယ်၊ နင်တို့ကို မြေလှန်မီးမြှိုက်ပစ်မယ်၊ ခံနိုင်ရင်ခံကြ၊ ဂုမ္ဘာန် တဲ့၊ တစ်ဂုမ္ဘာန်တည်း ရှိတယ်၊ နားလည်လား သရဲမတွေရဲ့ ...၊ ဟား ဟား ဟား"

"ဟင် ...ဂုမ္ဘာန်ဆိုပါလား။ ဒါ ဒါ ...အောက်လမ်း ဆရာကြီး ဦးဂုမ္ဘာန်ပဲ"

ယမင်းစုလှိုင်၏ မှတ်ချက်စကားကြောင့် စုထွေး ပိုလို့ ထိတ်လန့်သွားရှာသည်။

"ဟင် ...အဲ ...အဲဒီလူကြီးက အောက်လမ်းဆရာ ကြီး ဟုတ်လား"





"ဟုတ်တယ် စုထွေး၊ မမရဲ့ယောကျ်ားပြောပြလို့ သိ ထားတာ၊ အဲဒီဦးဂုမ္ဘာန်ကို ဂျွန်တို့မိသားစုရဲ့ဝိညာဉ်တွေက ဒီအိမ် ကြီးထဲကနေ မောင်းထုတ်ဖူးတယ်၊ အဲဒီတုန်းက ဦးဂုမ္ဘာန်ဟာ ရှုံးသလိုဖြစ်ပြီး ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ရဖူးတယ်၊ အဲဒါကို အံကြိတ်ထားပြီး ခု ဝိညာဉ်တွေကို ကလဲ့စားလာချေတာဖြစ်မယ်၊ ပစ္စည်းတွေ မီးရှို့ခဲ့တာသူပဲ၊ ဦးဘသောင်းကို သတ်ခဲ့တာလည်း သူပဲဖြစ်မယ်"

ထိုစဉ် ဦးဂုမ္ဘာန်ကိုမမြင်ရသည့်အရာတို့က ဝိုင်းဝန်းတိုက် ခိုက်ကြဟန်တူ၏။

တဖြောင်းဖြောင်းအသံများကြားရပြီး ဦးဂုမ္ဘာန် လဲကျ သွားသည်ကို တွေ့ရသည်။

သို့သော် ဦးဂုမ္ဘာန်က ချက်ချင်းပြန်ထပြီး မီးတုတ်ကြီးဖြင့် ဝှေ့ယမ်းကာ တိုက်ခိုက်တော့၏။

"တောက် ...မိန္တာတွေ၊ မိန္တာမတွေ။ ဒီလောက်ဖြစ် လှတာ နင်တို့အားလုံးကို မီးလောင်တိုက်သွင်းမယ်ဟေ့"

ဦးဂုမ္ဘာန်၏ မီးတုတ်မီးတို့က ခန်းဆီးလိုက်ကာများကို စတင်မီးစွဲလောင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အို ...မီး မီးတွေလောင်ကုန်ပြီ"

"သေကြစမ်း ...သေကြစမ်း။ သရဲတစ္ဆေမတွေ။ သူ တောင်းစားခွက်ပျောက်ကြစမ်း။ နင်တို့ နားခိုရာမဲ့အောင် ငါလုပ်ပြမယ် ...ဟား ဟား ဟား ဟား"

ဦးဂုမ္ဘာန်က မီးတုတ်ကြီးဖြင့် ဝှေ့ယမ်းတိုက်ခိုက်ရင်း တွေ့သမျှကို မီးမြှိုက်ရှို့တော့၏။

"ဝုန်း ဝုန်း ဝုန်း"

မီးက အိမ်နံရံတို့ကိုပါ ကူးစက်လောင်ကျွမ်းတော့၏။

"အို ...တစ်အိမ်လုံး မီးလောင်တော့မယ်၊ ဒုက္ခပါပဲ"

"မိစ္ဆာမတွေ ...သရဲမတွေ သေစမ်း, သေကြစမ်း"

ဦးဂုမ္ဘာန်က အဆက်မပြတ် ဝှေ့ယမ်းကာ မီးရှို့လေရာ ခဏချင်းမှာပင် မီးတို့ ဟုန်းဟုန်းတောက်လောင်တော့၏။

"မမ မမ ...ပြေးမှဖြစ်မယ်၊ မီးတွေလောင်ကုန်ပြီ"

စုထွေးက ယမင်းစုလှိုင်၏လက်ကို အတင်းဆွဲကာ လှေကားအတိုင်း ဆင်းပြေးသည်။

မီးက ကျွန်းလှေကားကြီးဆီပါ ကူးစက်လောင်ကျွမ်းလာသဖြင့် ယမင်းစုလှိုင်တို့မှာ မည်သည့်ပစ္စည်းမျှ မယူနိုင်တော့ဘဲ





မီးဟုန်းဟုန်းတောက်လောင်နေသည့် စံအိမ်ကြီးထဲမှ ပြေးထွက်ရတော့သည်။

သူမတို့ အိမ်ရှေ့တံခါးဖွင့်ကာ မထွက်မီ ယမင်းစုလှိုင်က နောက်ဘက်သို့ လှည့်ပြန်တစ်ချက်ကြည့်လိုက်ရာ မီးတောက်မီးလျှံတို့ကြားသို့ တစ်စုံတစ်ဦးက ရိုက်ချလိုက်သည်နှယ် ဦးဂုမ္ဘာန် ပစ်လဲကျသွားသည်ကို တွေ့လိုက်ရပါတော့၏။

ယခုတော့ ဝိညာဉ်တို့ခိုအောင်းရာ ပရစ်အိမ်ကြီးဖြစ်သည့် သိဂီရစ်အိမ်ကြီးမှာ မီးတို့ တဟုန်းဟုန်းလောင်ကာ ပြာကျလျက်ရှိချေပြီ။

ပစ္စည်းသခါရ လူသခါရဆိုသည့်စကားအတိုင်း မမြဲသော တရားဖြင့် ပျက်စီးရချေပြီ။

ယမင်းစုလှိုင်မှာ ညဥ့်အမှောင်ကို နောက်ခံပြုလျက် မီးညွှန့်မီးစွယ်တို့ ထိုးတက်လောင်ကျွမ်းနေသည့် စံအိမ်ကြီးကို မြဲဝမှနေ၍ ငေးကြည့်ရင်း မမြဲသော သခါရတရားကိုသာ ရှုမှတ်ဆင်ခြင် နှလုံးသွင်းနေမိပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်။

စိုးခြအာရွ

www.burmeseclassic.com

www.burmeseclassic.com

# စိတြွအဂ္ဂ


၁။ ဂငယ်သုံးလုံးမောင်သံမုံ

၂။ မိကျောင်းစေတမန်

၃။ ခုဋ္ဌနဗိကျိန်စာ

၄။ နွယ်နက်ရှင်

၅။ ဗီးနပ်(စ်)ပုလဲ

၆။ ပင်လယ်မြွေဟောက်

၇။ အင်းဘီလူး

၈။ သဝင်မြိုင်မောင်နှမ

၉။ အရိုင်းမေတ္တာ

၁၀။ နံ့သာအိမ်ကြီး ရေကူဆီး

၁၁။ ငှက်ဂဠုန်မြွေနဂါး

၁၂။ သမုဒယကောရီ

၁၃။ ကျောက်စိမ်းယကွ

၁၄။ လေးပွင့်သစ္စာ

၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား

၁၆။ ဘီလူးတောင်ကျိန်စာ

၁၇။ သွေးနှင်းဆီ

၁၈။ ရေသူမလေး မဠာရီ

၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား

၂၀။ မဟာမြိုင်ဂူမှတ်တမ်း

၂၁။ ဂန္ဓာရကျောင်းနက်ကြီး

၂၂။ ဘာမထီသစ္စာ

၂၃။ ပဝါနီ

၂၄။ ဝက်ဝန္နလုံးသား

၂၅။ ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင်

၂၆။ မောဟာဒေဝီ

၂၇။ ဒေါင်းဘယက်ခွက်နှင့်သွေးကျိန်စာ

၂၈။ အနတ္တအကျဉ်းသား

၂၉။ မရဏတြိုဂ

၃၀။ တောင်သုံးလုံးရာဇာ

၃၁။ ကြောင်တစ်ရာမိုးမှောင်

၃၂။ မရဏလက်

၃၃။ ကညင်သုံးပေါက် ဗိုနံ့လောက်

၃၄။ မောင်းမဖိသယ်၏ကျိန်စာ

၃၅။ ဟဲဘူးဝံပုလွေတစ္ဆေ

၃၆။ ဘသုံးလုံး

၃၇။ ရှပသေန




www.burmeseclassic.com